# မြန်မာ့အလင်း

အတွဲ (၅၄) အမှတ် (၁၈၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily


၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၂၁ ရက်၊ အင်္ဂါနေ့။



မျက်မှောက်လောကကြီးပွားကြောင်း
တရားလေးပါး

- ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊
- အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊
- ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊
- သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

ဒုတိယသမ္မတ ဦးညွှန့်ထွန်း လာအိုနိုင်ငံသမ္မတ ကျူမာလီဆိုင်ညဆွန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ဒုတိယသမ္မတ ဦးညွှန့်ထွန်းနှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ လာအိုနိုင်ငံသို့ရောက်ရှိ

**ဗီယင်ကျန်း မတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွှန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးညွှန့်ထွန်းနှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဗီယင်ကျန်းမြို့ ဝပ်ထေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ သမ္မတရုံးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာနှင့် ဇနီး၊ ဗီယင်ကျန်းမြို့ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး မစ္စတာ လိုင်းရင်းဆိုင်ညဇန်၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီး တင်ထွန်းအောင်၊ မြန်မာသံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သော အဖွဲ့သည် လာအိုနိုင်ငံ သမ္မတနန်းတော်သို့ရောက်ရှိရာ လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် လာအိုနိုင်ငံသမ္မတ ကျူမာလီဆိုင်ညဆွန်အား ဂါရဝပြုတွေ့ဆုံသည်။ အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေး၊ ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုနိုင်ငံမှ သမ္မတရုံးဝန်ကြီး၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီး၊ လာအိုသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာစေရေး၊ နှစ်နိုင်ငံအစီအစဉ်များအပြင် အာဆီယံ၊ ဂျီအမ်အက်စ်၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻


**ယနေ့ မာတိကာ**

**မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ခရီးစဉ်များကို ဧပြီလ ၁ ရက်မှစ၍ ပြောင်းလဲပျံသန်းပြေးဆွဲသွားမည်**
စာမျက်နှာ » ၃

**နိုင်ဂျီးရီးယားရွေးကောက်ပွဲ မဲလိမ်သည်ဟုစွပ်စွဲမှုဖြင့် ဆန္ဒပြ**
စာမျက်နှာ » ၄

**ထုတ်လုပ်မှုသည် စားသောက်သည်ထိ အဆင့်ဆင့်သန့်ရှင်း ရောဂါကင်း၏**
ဆောင်းပါး
စာမျက်နှာ » ၆


## အီးယူ၏ ထောက်ပံ့မှုအစီအစဉ်သစ်ဖြင့် အထည်ချုပ်လုပ်ငန်းကဏ္ဍ အဆင့်မြှင့်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားရန် မျှော်မှန်း

အမေးအရေး
ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**ရန်ကုန် မတ် ၂၀**

ဥရောပသမဂ္ဂက မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများပြားစေရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ SWITCH-Asia စီမံချက်တစ်ခုကို ယနေ့နံနက်က စတင်မိတ်ဆက်သည်။

အဆိုပါစီမံချက်သည် အာရှဒေသတွင်း အထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း အထည်ချုပ်လုပ်ငန်းကဏ္ဍမြှင့်တင်ရေး၊ လုပ်သားစွမ်းအားမြှင့်တင်ရေးနှင့် လူမှုစီးပွား

*စာမျက်နှာ ၅ ကော်လံ ၃* ❖






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဘက်စုံထူးချွန်လူငယ်

“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဟူသော စကားရှိပါသည်။ လူငယ်လူရွယ်များသည် နောင်တစ်ခေတ်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများ ဖြစ်ကြသည့်အလျောက် ငယ်စဉ်ကတည်းက လူချွန်လူကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ နိုင်ငံတွင် လူချွန်လူကောင်းများ များစွာပေါ်ထွန်းလာပါမှ နိုင်ငံ၊ မြို့ရွာများ တိုးတက်မှု ပိုမိုမြန်ဆန်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်က လူချွန်လူကောင်းများ မွေးထုတ်ရေးအစီအမံများ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်သူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်လိုက်ပြီဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့အတွက် အမှတ်(၁) ၊(၂)၊ (၃) အခြေခံပညာ ဦးစီးဌာနများအောက်ရှိ အခြေခံပညာကျောင်းများမှ တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ အမှတ်(၁) အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းများမှ အဋ္ဌမတန်း ၅၈ ဦး၊ နဝမတန်း ၅၈ဦးနှင့် ဒသမတန်း ၅၈ ဦးတို့ကို ရွေးချယ်ခဲ့ပါသည်။ ထို့အတူ အမှတ်(၂) အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းများမှ အဋ္ဌမတန်း၊ နဝမတန်းနှင့်ဒသမတန်းတို့မှ ဦးရေ ၁၀၀ စီရွေးချယ်ခဲ့ပါသည်။ အမှတ်(၃) အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းများမှ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ၁၈ဦးစီ ရွေးချယ်ခဲ့ကြောင်း သိရသည်။ သက်ဆိုင်ရာ စာရင်းများအရ တစ်နိုင်ငံလုံး ဖြန့်ကြက်ရွေးချယ်ထားသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘက်စုံထူးချွန်လူငယ် အဋ္ဌမတန်း ၁၇၆ ဦး၊ နဝမတန်း ၁၇၆ ဦး နှင့်ဒသမတန်း ၁၇၆ ဦးပေါ်ထွက်လာခဲ့သည်။ ဘက်စုံထူးချွန်လူငယ်များသည် ကျောင်းစာ၌သာ ထူးချွန်ကြသည်မဟုတ်ဘဲ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်၊ စာရိတ္တစွမ်းရည်များပါ ထက်မြက်ကြသူများ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဗလငါးတန်နှင့် ပြည့်စုံသူများဟုဆိုရမည်သာ ဖြစ်ပါသည်။ ဘက်စုံထူးချွန်လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစား အားထုတ်ကြရန် အရေးကြီးလှပေသည်။ အရည်အချင်း ပြည့်ဝသည့်ဘက်စုံထူးချွန်လူငယ်များဖြစ်အောင် ကြိုးစား အားထုတ်ကြခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အားထားရသော မျိုးဆက်သစ် လူတော်လူကောင်းများ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း။ ။

**ပြည်တွင်းသတင်း**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်အကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်

**နေပြည်တော် မတ် ၃၀**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၆၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသားအရှေ့ကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တပဏ္ဍိတနှင့်သံဃာတော် ကိုးပါး၊ ပျဉ်းမနား မြို့နယ် ရတနာသိဒ္ဓိကျောင်းတိုက်မှ သံဃာတော် ကိုးပါး၊ စုစုပေါင်း သံဃာတော် ၁၉ ပါး တို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှဝတ်အသင်းအဖွဲ့ဝင် စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

(၆၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအား ၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၁ ရက်နေ့မှ တန်ခူးလပြည့်နေ့အထိ (မတ် ၃၀ ရက်မှနေ့မှ ဧပြီ ၃ ရက်နေ့)အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

## သင်္ကြန်တွင်း (၈) ကြိမ်မြောက် တရားစခန်းဖွင့်မည်

**နေပြည်တော် မတ် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပန်းခင်းကွက်သစ် ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မပါလ မထေရ်မြတ်သည် သင်္ကြန်တွင်း စုပေါင်းဒုလ္လဘရဟန်းခံပွဲနှင့် သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပွဲများ နှင့်(၈) ကြိမ်မြောက် သင်္ကြန်တွင်းတရားစခန်းပွဲကြီးကို ဧပြီ ၁၂ ရက်မှစ၍ ဧပြီ ၂၀ ရက်အထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများအနေဖြင့် ဖုန်း-၀၆၇-၂၃၀၄၃၊ ၀၉-၂၅၀၈၀၁၃၇၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**





## သင်္ကြန်အကြိုကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကျင်းပ

**သထုံ မတ် ၃၀**

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်မြင့် ဦးစီး၍ သင်္ကြန်အကြိုကာလအတွင်းမှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မတ် ၂၉ ရက်မွန်းလွဲ ၂ နာရီက သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ အမက(လေသာကုန်း)၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်မြင့်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆိုးကျိုးနှင့်အပြစ်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းကသင်္ကြန်တွင်း ရေကစားကြရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီစွာ ရေကစားကြရန်၊ မြို့မစခန်းမှူး ရဲအုပ်သိုက်စိုးကသင်္ကြန်တွင် ဓား၊ တုတ်၊ ချွန်ထက်သော လက်နက်များကိုင်ဆောင်ခြင်းမပြုရန်နှင့် သထုံခရိုင်(ယာဉ်/စည်း)တပ်ကြပ်ကြီးတင်ရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းနှင့် အိတ်ဇောဖြုတ်၊ ပြောင်းဟွန်းရှည်တပ်ဆင်မောင်းနှင်ခြင်း မပြုရန် စသည့်ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြကြောင်းနှင့် ဇရစ်ချောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ လူငယ်များစုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန္ဒကျော်**

## အသက်ပေးလှူခဲ့သော တပ်မတော်သားများအတွက် ဆွမ်းနှင့် လှူဖွယ်များဆက်ကပ်လှူဒါန်း

**ပြင်ဦးလွင် မတ် ၃၀**

လောက်ကိုင်ဒေသတွင် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသော တပ်မတော်အရာရှိ၊ စစ်သည်တို့အား ရည်စူး၍သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို မတ် ၃၀ ရက်က ပြင်ဦးလွင်မြို့ ရတနာမာန်အောင် ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် မြင့်မော်နှင့်ဇနီးဒေါ်မြိုင်မြိုင်ခင်တို့က ဦးဆောင်၍တပ်နယ်မှကျောင်းအုပ်ကြီးများ၊ တပ်မှူးများ၊ အလှူရှင်မိသားစုများဖြစ်ကြသော မိခင်ကြီးသုဓမ္မသီဂီ၊ သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီဒေါ်နုနုငယ်နှင့် ဗိုလ်မှူးမျိုးဇော်ဦး-ဇနီး ဒေါ်အိအိမင်း (တပ်မတော်နည်းပညာတက္ကသိုလ်)မိသားစုတို့ တက်ရောက်၍ မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌဆရာတော်မြို့လယ်ရွှေစည်းခုံကျောင်းတိုက်မှ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တအာစိဏ္ဏထံမှ ကိုးပါးသီလ ခံယူပြီး ဆွမ်းခဲဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

**နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး**

## မြန်မာ့မီးရထား၏ ပြည်သူ့အကျိုးပြု ကြိုးပမ်းဆောင်ရွက်ချက်များ

**နေပြည်တော် မတ် ၃၀**

မြန်မာ့မီးရထားက ပြည်သူလူထု၏ အခက်အခဲနှင့်တင်ပြချက်များကို လိုက်လံ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ထိုသို့ဖြေရှင်းချက်ဆောင်ရွက်ရာတွင် အမှတ်(၁၄၇) အဆန်ရထားရှိ ခရီးသည်တွဲမှ ရေတိုင်ကီရေယိုစိမ့်နေမှုကို ပြင်ဆင်ပေးခြင်း၊ အိမ်သာများ သန့်ရှင်းမှု ရှိစေရေးအတွက် ခရီးစဘူတာများဖြစ်ကြသော ရန်ကုန်နှင့် မန္တလေးတို့တွင် Hight Pressure Pump တို့ အသုံးပြု၍ ဆေးကြောပေးခြင်း၊ တစ်ပတ်တစ်ကြိမ် ကြွေချေးချွတ်ဆေးအသုံးပြု သန့်ရှင်းပေးခြင်း၊ Pine Con; အနံ့ ပျောက်ဆေးပက်ဖျန်းပေးခြင်း၊ အနံ့အသက်ပျောက် ပရုတ်တပ်ဆင် ချိတ်ဆွဲပေးခြင်း၊ တောင်ငူဘူတာတွင် ရထားရပ်နားစဉ်တွင် Mobile Hight Pressure Pump ကို အသုံးပြု၍ ဆေးကြောပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ထို့အပြင် ရိုးရိုးတန်းထိုင်ခုံများ ကြမ်းပိုးမကိုက်စေရေးနှင့် အမှတ်(၉) အဆန်ရထားတွင် ရထားတွဲထိုင်ခုံများ ညှိဖျင်းခြင်းအတွက် ပြုပြင်ပေးပါရန် အကြံပြုတင်ပြခြင်းအတွက် ရိုးရိုးတန်းတွဲထိုင်ခုံများအား Plastic Wood ထိုင်ခုံများဖြင့် လဲလှယ်ပေးခြင်း၊ Fiber ထိုင်ခုံများဖြင့် အစားထိုး လဲလှယ်ပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး လဲလှယ်နိုင်ခြင်းမရှိသည့် သစ်သားထိုင်ခုံများကိုနေ့စဉ် စစ်ဆေးပြုပြင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်ငူဘူတာတွင် ရထားစီးခရီးသည်များ၏ အကြံပြုချက်များအရ ရန်ကုန်-မန္တလေးရထားလမ်းမကြီး တစ်လျှောက်နှင့် တိုင်း(၄) ကလောလမ်းနယ်များတွင် ရထားခုန်ဆောင့်လူးများဖြစ်ပေါ်နေသော နေရာများတွင် မြန်မာ့မီးထားမှနေ့စဉ် ကွေ့များပြုပြင်ခြင်း၊ L-Xing အဝင်အထွက် ပက်ကင်ရိုက်ပြုပြင်ခြင်း၊ အဆက်နိမ့်များပြုပြင်ခြင်း၊ ရေချိန်ညှိပက်ကင်ရိုက်ခြင်း၊ အဆက်ပတ်ကြားပြုပြင်ခြင်းများ ဆောင်ရွက်၍ လမ်းများ တောင့်တင်းခိုင်မာအောင် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၈-၁၀၈၂ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၅၀-၁၆၇၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၂၀-၇၈၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၁၀၀-၃၁၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၆၂၀၀-၆၅၀၀ |
| သကြား | တစ်ပိဿာ | ၈၂၀-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/ဖော်ပြသည်။

ပြည်တွင်းသတင်း

# အမျိုးသားပညာရေးဥပဒေကြမ်းနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၃၀

**အမျိုးသားပညာရေးဥပဒေကြမ်းနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် (C) ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍ နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယနေ့အထိလည်း ယင်းဂယက်များ ရှိနေဆဲဖြစ်ပါကြောင်း၊ နေပြည်တော်နှင့်ရန်ကုန်၌ လေးပွင့်ဆိုင်ဆွေးနွေးပွဲဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာမှ အရှိန်မြင့်လာပြီး လက်ပံတန်းမြို့၌ နောက်ဆုံးအခြေအနေဖြစ်ပွားခဲ့ပါကြောင်း၊ အခြေအနေငြိမ်သက်သွားပြီဟု ပြော၍မရသေးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က အမျိုးသားပညာရေးဥပဒေကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသောဥပဒေတစ်ရပ်ဖြစ်လာရန် စေတနာပါပါဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



# သတင်းမီဒီယာဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃၀**

သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများမှ ရုံးအဖွဲ့မှူးများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် သတင်းထုတ်ပြန်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဌေးက သတင်းထုတ်ပြန်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများ၏ သတင်းမီဒီယာဆိုင်ရာ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# မူကြို ဆရာ၊ ဆရာမများအတွက် နည်းပညာအရင်းအမြစ်စာအုပ် မိတ်ဆက်ဖြန့်ချိ

**နေပြည်တော် မတ် ၃၀**

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေနှင့် ကဏ္ဍပေါင်းစုံပါဝင်ရေးဆွဲထားသည့် မြန်မာနိုင်ငံ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒတို့ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ အသက်သုံးနှစ်မှ ငါးနှစ်အတွင်း မူကြိုကလေးများအတွက် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒပါလမ်းစဉ်များအား အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စင်ကာပူနိုင်ငံ တကာဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး မူကြိုဆရာမများအတွက် လက်စွဲစာအုပ်အား ပြုစုထုတ်ဝေရခြင်းဖြစ်ပါကြောင်းကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် Park Royal ဟိုတယ်၌ကျင်းပသည့် ရှေးဦးအရွယ်ကလေးများ၏ သင်ယူမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြုစုပျိုးထောင်ပေးခြင်းဆိုင်ရာ မူကြိုဆရာ၊ ဆရာမများအတွက် နည်းပညာအရင်းအမြစ်စာအုပ် (Nurturing Children's Development and Learning, A Resource Book for Myanmar Preschool Teachers) မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနား၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ပြောကြားခဲ့သည်။

ဆက်လက်၍ စင်ကာပူနိုင်ငံ တကာဖောင်ဒေးရှင်းမှ ညွှန်ကြားရေးမှူး Ms. Margaret Thevarakon က နှုတ်ခွန်းဆက်စကားပြောကြားပြီး မူကြိုဆရာ ဆရာမများအတွက် အရင်းအမြစ်စာအုပ်အား ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် ပြည်တွင်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းနှင့် ပုဂ္ဂလိကမူကြိုများ၏ကိုယ်စားလှယ်များထံ ပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ဒေါ်လဲ့လဲ့သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရိုက်နှိပ်ထားသော အဆိုပါစာအုပ်မှာ မူကြိုအရွယ်ကလေးသူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ပေးခြင်းနှင့် အမျိုးမျိုးသောနယ်ပယ်များအလိုက် သဘောတရားများ၊ ဘာသာစကားနှင့်လေ့လာနိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးမှု၊ သင်္ချာ၊ သိပ္ပံ၊ တီထွင်ဖန်တီးမှုအနုပညာ၊ တေးဂီတနှင့်လှုပ်ရှားမှု၊ ကာယပညာနှင့်ဖွံ့ဖြိုးမှု၊ မိဘရပ်ရွာမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုစသည့် အထောက်အကူပြုနည်းစနစ်များကို နိုင်ငံတကာစံချိန်စံနှုန်းများအား အခြေခံပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီမည့်နည်းစနစ်များကို ပြုစုရေးဆွဲထားပါကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ခရီးစဉ်များကို ဧပြီလ ၁ ရက်မှစ၍ ပြောင်းလဲပျံသန်းပြေးဆွဲသွားမည်

## လေယာဉ်လက်မှတ်များကို မိမိတို့နေအိမ် Online မှတစ်ဆင့် Click တစ်ချက်နှိပ်ရုံဖြင့် (MPU, VISA, MASTER) Cards များဖြင့် ဝယ်ယူရရှိနိုင်

**နေပြည်တော် မတ် ၃၀**

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ကာလများအပါအဝင် ပြည်သူများခရီးသွားလာရာတွင် ခက်ခဲမှုမရှိစေရန်အတွက် ဧပြီ ၁ ရက်မှစတင်၍ လေယာဉ်ခရီးစဉ်များကို ပြောင်းလဲပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။

ယခုပြောင်းလဲပျံသန်းပြေးဆွဲပေးသော ခရီးစဉ်များမှာ ရန်ကုန်မြို့မှ နေပြည်တော်၊ စစ်တွေ၊ ဟဲဟိုး၊ မြိတ်၊ ကော့သောင်း၊ ထားဝယ်မြို့များသို့ နေ့စဉ်ပျံသန်းပြေးဆွဲပေးမည်ဖြစ်ပြီး ကျန်မြို့များဖြစ်သည့် မန္တလေးမြို့သို့ တစ်ပတ်လျှင် ခြောက်ရက်၊ ညောင်ဦးမြို့သို့ တစ်ပတ်လျှင် ငါးရက်၊ ကျောက်ဖြူမြို့နှင့် ကျိုင်းတုံမြို့သို့ တစ်ပတ်လျှင် လေးရက်၊ မြစ်ကြီးနားမြို့၊ တာချီလိတ်မြို့၊ လွိုင်ကော်မြို့နှင့် ဘုတ်ပြင်းမြို့သို့ တစ်ပတ်လျှင် သုံးရက်၊ အမ်းမြို့၊ မိုင်းဆတ်မြို့နှင့် ပူတာအိုမြို့သို့ တစ်ပတ်လျှင် နှစ်ရက်၊ လားရှိုးမြို့နှင့် မော်လမြိုင်မြို့သို့ တစ်ပတ်လျှင်တစ်ရက် ယခင်ကထက်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲထားပါကြောင်း၊ အဆိုပါခရီးစဉ်များကို မြန်မာအမျိုးသားလေကြောင်းအနေဖြင့် E-190 (Embraer) (ဂျက်) နှင့် ATR-72 လေယာဉ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပုံမှန်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပါကြောင်း သိရှိရသည်။

လေယာဉ်လက်မှတ်များအတွက် ငွေပေးချေမှုများကို MPU(Myanmar Payment Union), VISA နှင့် MASTER Cards များဖြင့် Online မှ လွယ်ကူစွာ ပေးချေဝယ်ယူနိုင်ပြီဖြစ်သည်။

ခရီးစဉ်အသေးစိတ်နှင့် လေယာဉ်လက်မှတ်ခနှုန်းထားများ သိရှိလိုပါက မြန်မာအမျိုးသားလေကြောင်း (Travel Centre) ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များ ၀၁-၃၇၇၈၄၀၊ ၀၁-၃၇၇၈၄၁၊ ၀၁-၃၇၇၈၄၂၊ ၀၁-၃၇၇၈၄၃၊ ၀၁-၃၇၈၆၀၄၊ ၀၁-၃၇၈၆၀၆၊ ၀၁-၃၇၈၆၀၈၊ ၀၁-၃၇၈၆၀၇၊ ၀၁-၃၇၃၈၂၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် www.flymna.com မှလည်း ပျံသန်းပြေးဆွဲမည့်ခရီးစဉ်များကို ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲ၌ ရှုံးနိမ့်

**ဖိုးသော်ဇင်**

**ဆီဒိုရာဂျို မတ် ၃၀**

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲက အင်ဒိုနီးရှားနိုင်ငံ ဆီဒိုရာဂျိုမြို့ရှိ Delta Stadium တွင် ယှဉ်ပြိုင်ကစားသည်။

**အင်ဒိုနီးရှားလက်ရွေးစင် -နှစ်ဂိုး**
**မြန်မာ့လက်ရွေးစင် -တစ်ဂိုး**

မြန်မာ့လက်ရွေးစင်အသင်းသည် ခင်မောင်လွင်၊ အောင်ဇော်၊ ဝင်းမင်းထွဋ်၊ ရဲဝင်းအောင်၊ ဇန်လားဟရွယ် (ဂိုး)၊ ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ နန္ဒလင်းကျော်ချစ်၊ ကြည်လင်း၊ ဇင်မင်းထွန်း၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့ပြီး အင်ဒိုနီးရှားအသင်းမှာလည်း အမာခံကစားသမားအများစုကို အသုံးပြုခဲ့သည်။

အမာခံကစားသမားအချို့ မပါနိုင်သည့် မြန်မာအသင်းမှာ အားနည်းနေခဲ့ပြီး အင်ဒိုနီးရှားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ပထမပိုင်းတွင် အင်ဒိုနီးရှားအသင်း ဂိုးသွင်းခွင့်အချို့ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်း ဆက်တိုက်ဖိကစားခဲ့ပြီး ၆၁ မိနစ်တွင် မိုင်တီမို၊ ၇၄ မိနစ်တွင် ဇွန်ဇာလက်တို့က ဂိုးများသွင်းယူခဲ့သည်။

မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် ဒေးဗစ်ဒန်းက သွင်းယူပေးခဲ့သည်။

နိုင်ငံတကာသတင်း

# အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံတို့ နျူကလီးယားအရေးသဘောထားကွဲလွဲမှုအကြိတ်အနယ်ဆွေးနွေး



**ဆွစ်ဇာလန် မတ် ၃၀**

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံမှ ထိပ်သီးခေါင်းဆောင်များသည် တီဟီရန်၏ နျူကလီးယားပြဿနာအဆုံးသတ်ရေး စာချုပ်ချုပ်ဆိုရန် ကန့်သတ်ထားသော အချိန်ကာလမကုန်ဆုံးမီကြိုတင် သဘောတူညီမှုပြုလုပ်ရန်အတွက် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အီရန်၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် တရုတ်တို့သည် ဆွစ်ဇာလန်နိုင်ငံ လောဆိန်းမြို့တွင် နျူကလီးယားပြဿနာ၏ ထွက်ပေါက်မရှိသည့် အခြေအနေကို ဖြေရှင်းရန် အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။

သို့သော် သဘောတူညီချက် မူဘောင်အတွင်းသို့ ရောက်ရှိရန် ကြိုးပမ်းမှုကို ပြိုကွဲခြင်းမရှိစေရေး အာဏာပိုင်များက သတိပေးခဲ့သည်။

အင်အားကြီး ခြောက်နိုင်ငံတို့က အီရန်၏ နျူကလီးယားစမ်းသပ်မှုကို ၁၀ နှစ်ထက်ပို၍ ရပ်ဆိုင်းထားစေလိုကြသည်။ တီဟီရန်က ၎င်း၏စီးပွားရေးကို ယိုယွင်းစေသည့် နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးလျှင် ၎င်း၏နျူကလီးယားဆောင်ရွက်မှုကို အတိုင်းအတာတစ်ခုအထိ ရပ်တန့်မည်ဟု တောင်းဆိုခဲ့သည်။

အနောက်နိုင်ငံများမှ အီရန်အပေါ် အရေးယူကန့်သတ်မှုများကို အမြန်ဆုံး ရုတ်သိမ်းပေးရန် ညှိနှိုင်းနေကြပြီး အီရန်အနေဖြင့် နျူကလီးယားသုတေသနဆောင်ရွက်မှုကို မည်မျှဆောင်ရွက်ခွင့်ရရှိရန် ဆွေးနွေးခြင်းဖြစ်သည်ဟု ဆိုသည်။

**(ဘီဘီစီ)**

# ချီလီတွင် ကန္တာရအတွင်း ရေကြီးမှုကြောင့် ၁၄ ဦးသေဆုံး

**ဆန်တီရာဂို မတ် ၃၀**

လွန်ခဲ့သောအပတ်က ချီလီနိုင်ငံမြောက်ပိုင်း အတာကမာဒေသတွင် ရုတ်တရက် ရေလွှမ်းမှုဖြစ်ပြီးနောက် လူ ၁၄ ဦးသေဆုံးပြီး ၂၀ ပျောက်ဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

ကမ္ဘာမြေကြီး၏ အခြောက်သွေ့ဆုံးနေရာတစ်ခုဖြစ်သည့် အဆိုပါဒေသတွင် လွန်ခဲ့သော အင်္ဂါနေ့က စတင်ခဲ့သော မိုးကြောင့် ရေလွှမ်းမှုမှာ နှစ်ပေါင်း ၈၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

လူ ၁၁၀၀၀ မှာ ရေလွှမ်းမှုဒဏ်ကို ခံစားခဲ့ရပြီး လူ ၄၅၀၀ ကို နေစရာနေရာများ စီစဉ်ပေးခဲ့ရသည်။

ပြည်ထဲရေးဝန်ကြီးက မြို့တစ်ခုလုံးသောက်သုံးရေ ပြတ်လပ်မှုနှင့်ကြုံတွေ့နေရကြောင်း ပြောခဲ့သည်။

ကျွန်တော်တို့ နိုင်ငံသည် ဤပြဿနာကို ကျော်လွှားနိုင်အောင် အားသွန်ခွန်စိုက် ကြိုးစားရမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောခဲ့သည်။

မိုးအကြီးအကျယ် ရွာသွန်းမှုကြောင့် အန်ဒီးစ်ဒေသတွင် မြစ်ရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ကန္တာရမြို့ဖြစ်သော ချန်နရယ်တွင် မိုးအကြီးအကျယ်ရွာသွန်းမှုကြောင့် မြစ်ရေလျှံခြင်းဖြစ်ကာ လမ်းများပေါ်တွင် နွံများမြင်မကောင်းအောင် ဖုံးအုပ်ခဲ့သည်။

တာရာအမရီလာတွင်လည်း ကယ်ဆယ်ရေး လုပ်သားများက မိုင်းတွင်းအလုပ်သမား ၁၃ ဦးကို ကယ်ဆယ်ခဲ့သည်။

ထို့အပြင် လူ ၂၀ ပျောက်ဆုံးမှုကိုလည်း ဆက်လက်ရှာဖွေလျက်ရှိသည်။ ဗစ်တာဇာမိုရာဒေသတွင် လူထောင်ပေါင်းများစွာသည် အိမ်များကို ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**(ဘီဘီစီ)**



# စစ်လေယာဉ်များ ယီမင်မြို့တော် ဆာနားကို တစ်ညလုံးတိုက်ခိုက်

**ဆာနား မတ် ၃၀**

စစ်လေယာဉ်များသည် ယီမင်မြို့တော် ဆာနားကို တစ်ညလုံးတိုက်ခိုက်ခဲ့သည်။ သမ္မတဟာဒီကို ဆန့်ကျင်သည့် ဟူသီတပ်ဖွဲ့များကို ဆော်ဒီ ဦးဆောင်တပ်ဖွဲ့များ၏ လှုပ်ရှားတိုက်ခိုက်မှုမှာ ငါးရက်မြောက်နေ့သို့ရောက်ရှိလာပြီဖြစ်ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုများမှာ အဓိကအားဖြင့် မြို့တော်သံတမန် ရပ်ကွက်နှင့် ကပ်လျက်ရှိသော သမ္မတအိမ်တော် အနီးအနားဝန်းကျင်တွင် ဖြစ်ပွားခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောခဲ့သည်။ တိုက်ခိုက်မှုများသည် ပြင်းထန်ကြောင်း ယီမင်သံတမန်တစ်ဦးက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် တစ်မြို့လုံးကို အပေါ်စီးမှ မြင်နိုင်သည့် နုဂန်တောင်အနီး လက်နက်တိုက်ကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောခဲ့သည်။ ဆော်ဒီအာရေဗျအပါအဝင် အခြားဆွန်နီမွတ်စလင်နိုင်ငံများက မြို့တော်ကို ထိန်းချုပ်ထားသော ရှီးယိုက်ဟူသီစစ်သွေးကြွများကို ဆန့်ကျင် သည့် လေကြောင်းတိုက်ခိုက်မှုများ စတင်ခဲ့ပြီဖြစ်ကြောင်း မတ် ၂၆ ရက်၌ ရီယာ့ဒ်က ကြေညာခဲ့သည်။ ဟူသီစစ်သွေးကြွများသည် အီရန်တို့၏ အထောက် အပံ့ကိုရရှိထားသည့် ဆော်ဒီအာရေဗျ၏ အဓိကဒေသတွင်းရန်သူဖြစ်သည်။ ဟူသီစစ်သွေးကြွများအား ကူညီသည်ဟူသောစွပ်စွဲချက်ကို ငြင်းဆိုထားသော အီရန်သည် အဆိုပါကျူးကျော်တိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချခဲ့သည်။ ဟူသီတို့ အုပ်ချုပ်သော ကျန်းမာရေးဌာနက လေကြောင်းတိုက်ခိုက်မှုတွင် ၃၅ ဦးသေဆုံးပြီး ၈၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူဦးရေကို အတည်မပြုနိုင်သေးကြောင်း တနင်္ဂနွေနေ့က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ဂျာမန် အမျိုးသမီး ၇၀ ကျော် အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်း

**ဘာလင် မတ် ၃၀**

ဂျာမန်အမျိုးသမီး ၇၀ ကျော်သည် အီရတ်နှင့်ဆီးရီးယားရှိ တက်ဖရီအကြမ်းဖက်အုပ်စုများနှင့်ပူးပေါင်းရန် လှည့်စားခံနေရကြောင်း သိရသည်။ ယင်း အမျိုးသမီးများထဲမှ ထက်ဝက်ကျော်မှာ အသက် ၂၅ နှစ်အောက်များဖြစ်သည်ဟု ဂျာမန်ပြည်တွင်း စုံစမ်းထောက်လှမ်းရေးအဖွဲ့ဥက္ကဋ္ဌ Hans Georg Maassen က ပြောသည်။ ထို့ပြင် ဂျာမန်အိုင်အက်စ်လူသစ်စုဆောင်းမှုမှ ကိုးဦးမှာ ကျောင်းသူများဖြစ်သည်ဟု ၎င်းကပြောသည်။ တက်ဖရီအကြမ်းဖက်အုပ်စုသည် လူမှုကွန်ရက်များမှတစ်ဆင့် အမျိုးသမီးများနှင့် မိန်းမငယ်များကို ၎င်းတို့အဖွဲ့အစည်းတွင် ဝင်ရောက်ရန် ဖြားယောင်းသွေးဆောင်နေသည်ဟု Hans Georg Maassen က သတိပေးခဲ့သည်။ အိုင်အက်စ်အဖွဲ့သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဖြားယောင်းသွေးဆောင်ပြီးနောက် ၎င်းတို့၏ အမျိုးသားစစ်သွေးကြွအဖွဲ့ဝင်များနှင့်လက်ထပ်စေပြီး ပညာတတ်များကို ၎င်းတို့၏အဖွဲ့အစည်းအတွင်း မြဲစေရန် စီမံခန့်ခွဲမှုရာထူးများပေးထားကြောင်း၊ သို့သော်လည်း ထိုကဲ့သို့သော ရာထူးများပေးခြင်းမှာ ရှားပါးကြောင်း မစ္စတာ Maassen ပြောသည်။

အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းရန်ကြိုးပမ်းနေသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအနေဖြင့် ယင်းအဖွဲ့အစည်းနှင့် ပူးပေါင်းပြီးနောက် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များနှင့် ဖုန်းများကို သိမ်းယူခံရမည်ဖြစ်ပြီး ၎င်းတို့၏မိသားစုဝင်များနှင့် မိတ်ဆွေအပေါင်းအသင်းတို့နှင့် ဆက်သွယ်မှုကိုလည်း ဖြတ်တောက်ခံရမည်ဟု မစ္စတာ Maassen က သတိပေးခဲ့သည်။

အကြမ်းဖက်အဖွဲ့အစည်းနှင့်ပူးပေါင်းသော အမျိုးသမီးများမှာ စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်သူများနှင့် ဆင်းရဲသောမိသားစုများမှ ပေါက်ဖွားလာသော၊ ပညာအရည်အချင်းအနည်းငယ်သာရှိသော သူများဖြစ်သည်ဟု ဂျာမန် ရဲများက အစီရင်ခံစာတစ်ခုတွင် ဖော်ပြခဲ့သည်။

**(ပရက်စ်တီဗွီ)**

# နိုင်ဂျီးရီးယားရွေးကောက်ပွဲ မဲလိမ်သည်ဟုစွပ်စွဲမှုဖြင့် ဆန္ဒပြ

**လေဂို့စ် မတ် ၃၀**

နိုင်ဂျီးရီးယားနိုင်ငံတွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပစဉ် မဲလိမ်သည်ဟုဆိုကာ ထောင်ပေါင်းများစွာသော အတိုက်အခံပါတီထောက်ခံသူများက ဆန့်ကျင်ဆန္ဒပြခဲ့ကြပြီး ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးရန်လည်း တိုက်တွန်းဆော်ဩလိုက်သည်။

အောပရိုဂရက်ကွန်ဂရက်ပါတီ၏ ဦးဆောင်မှုဖြင့် အဆိုပါဆန္ဒပြပွဲကို တနင်္ဂနွေနေ့က တောင်ပိုင်းရစ်ဗားစတိတ်ပြည်နယ် မြို့တော်ပို့ဟာကောက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲ ဆန္ဒပြမှုအပေါ် စိုးရိမ်မိကြောင်း၊ စိတ်ပျက်ဖွယ်ရာဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ကြောင့် တောင်ပိုင်းပြည်နယ်အုပ်ချုပ်ရေးမှူးများကို အစားထိုးရဖွယ်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အက်တာဟီရူဂျီဂါက ပြောသည်။

ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် စွပ်စွဲမှုများအပေါ် ဆက်လက်စုံစမ်းသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပရေး တောင်းဆိုမှုအပေါ် မေတ္တာရပ်ခံတုံ့ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါကော်မရှင် ဥက္ကဋ္ဌက ပြောသည်။

ဆန္ဒပြသူများက ရွေးကောက်ပွဲကာလအတွင်း အတိုက်အခံများ သေဆုံးခဲ့ရမှုအပေါ် သမ္မတ ဂွတ်လပ်ဂျိုနသန်၏ပါတီကို အပြစ်ပြောဆိုလျက်ရှိသည်။

**(ပရက်စ်တီဗွီ)**



# နယ်သာလန်မိဖုရား မက်ဆီမာ မြန်မာနိုင်ငံသို့ရောက်ရှိ

ရန်ကုန် မတ် ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။ **(ယာပုံ)**

မိဖုရားမက်ဆီမာနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



ပြည်တွင်းသတင်း

## သင်္ကြန်တွင်း မူးခင်းမဖြစ်ပွားစေရေးအသိပညာပေးဆောင်ရွက်၊ ထိရောက်သော ကြိုတင်ကာကွယ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၃၀

၁၃၇၇ ခုနှစ် မြန်မာနှစ်ကူး အတာသင်္ကြန်ပွဲတော် ကာလအတွင်း အများပြည်သူ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရေးအတွက် မတ် ၁၉ ရက်မှစ၍ တရားမဝင် ကာမစိတ်ကြွဆေးဝါးများ ရောင်းချခြင်းမပြုစေရေး အသိပညာပေးဟောပြောပွဲများနှင့် မူခင်းကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်မှ ၂၉ ရက်အထိ တိုင်းဒေသကြီးအတွင်း အသိပညာပေးဟောပြောပွဲများကို အရှေ့ပိုင်းခရိုင်တွင် (၁၀၆)ကြိမ်၊ အနောက်ပိုင်းခရိုင်တွင် (၆၇)ကြိမ်၊ တောင်ပိုင်းခရိုင်တွင် (၁၅)ကြိမ်၊ မြောက်ပိုင်းခရိုင်တွင် (၁၅၂) ကြိမ် ပြုလုပ်ခဲ့သည်။

မူခင်းကြိုတင်ကာကွယ်ရေးအတွက် ထိရောက်သော ကြိုတင်ကာကွယ်မှုများကို ဖမ်းဆီးအရေးယူလျက်ရှိရာ မတ် ၂၃ ရက်မှ ၂၉ ရက်ထိ လောင်းကစားမှု ၁၅ မှု၊ လက်နက် ပုန်း ၂၅မှု၊ ယစ်မျိုး ၁၆၇ မှု၊ ပြည့်တန်ဆာ ကိုးမှု၊ မူးယစ်ဆေးဝါး ၁၁ မှု၊ ခြေချုပ် ၃၆မှု၊ ရဲအက် ၃၀၇မှု၊ ခါးပိုက်နှိုက်မသင်္ကာ ကိုးမှု၊ ခိုးမှုမသင်္ကာ ၂၆မှု၊ ဆင်ဆာမဲ့ ဗီဒီယို ၁၂ မှု၊ စုစုပေါင်း ၆၁၇ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်းနှင့် တရားမဝင်ကာမစိတ်ကြွဆေးဝါးများ ရောင်းချခြင်းမပြုစေရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ပြီးသည့်နောက် တရားမဝင်ကာမစိတ်ကြွဆေးဝါးများ ရောင်းချကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှု ၁၀ မှု၊ အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်

ရန်ကုန် မတ် ၃၀

လက်ရှိ ပြည်တွင်းစက်သုံးဆီ တင်သွင်းဖြန့်ဖြူးမှု လုပ်ငန်းအချို့သည် စက်သုံးဆီရောင်းချရာတွင် အရည်အသွေးနှင့် အခြင်အတွယ် မပြည့်မီမှုများ ရှိနေသည်ဟု သုံးစွဲသူများ၏ ဝေဖန်မှုများရှိနေပြီး စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ Mobile Fuel Lab (MFL) မော်တော်ယာဉ်များသုံး၍ ရှောင်တခင်စစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ သတင်းမီဒီယာသမားများကို ဖိတ်ခေါ်အတူလိုက်ပါစေပြီး ဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ တရားဝင်ဖွင့်လှစ်ခွင့်ပြုထားသည့် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင် ၁၄၆၉ ဆိုင်နှင့် သိုလှောင်ကန်စခန်း ခြောက်ခုရှိသည့်အနက်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းမှ စုစုပေါင်း အရောင်းဆိုင် ၄၇ ဆိုင်နှင့် သိုလှောင်ကန်စခန်းသုံးခုကိုသာလျှင် မြန်မာ့ ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက Mobile Fuel Lab (MFL) မော်တော်ယာဉ်များသုံး၍ စက်သုံးဆီအရည်အသွေး ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ခဲ့သေးကြောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းအနေဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ အပါအဝင် တစ်ပြည်လုံးရှိ အရောင်းဆိုင်များ၊ သိုလှောင်ကန်စခန်းများ၊ ကုန်းလမ်းရေလမ်းမှ စက်သုံးဆီ သယ်ယူပို့ဆောင်မှုများကိုပါတိုးမြှင့်၍ အရည်အသွေးစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။

မကြာမီအချိန်တွင် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်းက စိစစ်ရွေးချယ်တင်ပြမည့် နိုင်ငံတကာစံအသိအမှတ်ပြု လက်မှတ် (ISO) ရရှိထားသော နိုင်ငံခြားဓာတ်ခွဲခန်းကုမ္ပဏီ၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့ အကျိုးတူပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ (Joint Venture) ဓာတ်ခွဲခန်းတစ်ခုကို အမြန်ဆုံးဆောင်ရွက်တော့မည်ဖြစ်ရာ စက်သုံးဆီ၊ စက်ဆီချောဆီများနှင့် ပတ်သက်၍ (ISO)အသိအမှတ်ပြု ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ၄င်းကဆက်လက် ပြောကြားသည်။

**တင်နိုင်စိုး**

❖ ရှေ့ဖုံးမှ

ဘဝမြင့်မားရေး၊ လက်ရှိကြုံတွေ့နေရသည့် အလုပ်သမားများ၏ အလုပ်အကိုင်ရွေးချယ်မှုအခွင့်အလမ်းများ မြင့်မားရေးကို ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း အီးယူမှ သတင်းထုတ်ပြန်သည်။

အာရှဒေသတွင်း နိုင်ငံများ၏ အထည်ချုပ်လုပ်ငန်းများနှင့် ယင်းတို့အတွက် လိုအပ်သည့်အခြေခံ အဆောက်အအုံများ တိုးတက်မြင့်မားရေးအတွက် အီးယူ၏ ဆွစ်ချ်အာရှ စီမံချက်မှ ကူညီထောက်ပံ့ပေးမည်ဖြစ်ပြီး ထုတ်ကုန်များ၏ အရည်အသွေးမြင့်မားရေးနှင့် နိုင်ငံတကာ ပိုမိုဝင်ဆံ့နိုင်ရေးအတွက် အာရှဒေသတွင်းနိုင်ငံများ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ယခုကဲ့သို့ မြှင့်တင်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း အထည်ချုပ်ကဏ္ဍသည် တိုင်းပြည်၏နိုင်ငံခြားဝင်ငွေရရှိမှုကို အများဆုံး ထောက်ပံ့ပေးနိုင်သည့် ကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေပြီး နိုင်ငံတကာမှလည်း မြန်မာ့အထည်ချုပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် မျှော်လင့်နေကြောင်း အီးယူမှ ယုံကြည်ထားသည်။

ယခုစီမံချက်မှသည် မြန်မာနိုင်ငံအတွက် ကောင်းမွန်သည့် နိုင်ငံတကာ အပါအဝင် အီးယူနိုင်ငံများမှ အထည်ချုပ်လုပ်ငန်းများ၏ အသိအမြင်များ၊ အကြံဉာဏ်များနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများကို ယူဆောင်ပေးနိုင်မည်ဟု အီးယူမှယုံကြည်ထားပြီး အကူအညီကောင်းများနှင့် ရင်းနှီးမြှုပ်နှံသူ အသစ်များကိုလည်း ယူဆောင်ပေးနိုင်မည်ဟု ယုံကြည်သည်။ တစ်ဖက်မှာလည်း ပြည်တွင်းလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေးအပ်နိုင်မည်ဖြစ်သည်။

"အထည်အလိပ်နဲ့ အထည်ချုပ်လုပ်ငန်းတွေဟာ လုပ်သားလိုအပ်ချက်တွေများပြားလို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေးနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ပထမဆုံးသော နိုင်ငံတကာ ဝင်ငွေရရှိဖို့အတွက် အထည်ချုပ်လုပ်ငန်းတွေကို မြှင့်တင်ပေးဖို့ အခရာကျပါတယ်။ မြန်မာနိုင်ငံမှာလည်း အခုအချိန်မှာ အလုပ်အကိုင်အတွက် လုပ်ခလစာအတွက် အငြင်းပွားမှုတွေရှိတယ်။ အထည်ချုပ်လုပ်ငန်းတွေ ဖွံ့ဖြိုးလာပြီးတဲ့အခါ အလုပ်အကိုင်သစ်တွေ အများကြီးဖြစ်လာမှာပါ။ ပိုမိုတဲ့ လုပ်ခလစာတွေကို နိုင်ငံတကာ၊ အာဆီယံအဆင့် စံနှုန်းသတ်မှတ်ချက်တွေအတိုင်း ဖြစ်လာမယ်လို့ ယုံကြည်တယ်။ သို့သော် လူမှုအကျိုးစီးပွားကို မထိခိုက်တဲ့၊ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိမယ့်လုပ်ငန်းတွေဖြစ်ဖို့ လိုအပ်တာကြောင့် အီးယူကလည်း လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပေးသွားဖို့ရှိပါတယ်။ ဒါကလည်း မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင်း နိုင်ငံအသီးသီးမှာ လုပ်ဆောင်ပေးမယ့် အီးယူရဲ့ စီမံချက်တစ်ခုဖြစ်ပါတယ်"ဟု အီးယူသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာကပြောကြားသည်။

အီးယူ၏ ဥရောပဖွံ့ဖြိုးတိုးတက်မှု မှတ်တိုင် ၂၀၁၅ ပေါ်မှာ အခြေပြုကာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေချိန်တွင် အထည်အလိပ်နှင့် ဒီဇိုင်း၊ အထည်ချုပ် စသည့်ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြင့် အာရှဒေသတွင်း နိုင်ငံများသည် မိတ်ဖက်အဖြစ် တိုးတက်ရပ်တည်သွားရန် အီးယူမှ မျှော်မှန်းထားသည်။

အဆိုပါ မျှော်မှန်းချက်အား အောင်မြင်စေရေးအတွက် မြန်မာနိုင်ငံသည်လည်း အီးယူနှင့်အတူ ရှေ့သို့တိုးတက်ကာ သုံးစွဲသူနှင့် ထုတ်လုပ်သူကဏ္ဍတွင် ပူးပေါင်းပါဝင်နိုင်မည်ဖြစ်ကြောင်း မစ္စတာ ရိုလန်ကိုဘီယာက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးကလည်း "မြန်မာနိုင်ငံရဲ့ အထည်ချုပ်ကဏ္ဍဟာ မြန်မာ့စီးပွားရေးကို အများကြီးအထောက်အကူပြုနေတာ ဖြစ်ပါတယ်။ အခုလို အီးယူရဲ့ အကူအညီကိုသာရရှိပြီး စီးပွားရေးလုပ်ငန်းရှင်တွေ ပိုမိုဝင်ရောက်လာခဲ့မယ်ဆိုရင် ကျွန်တော့်အထင် နှစ်နှစ်အတွင်းမှာ ကြီးမားတဲ့ အောင်မြင်မှုကို ရရှိလာမယ်။ အဆင့်အတန်းမြင့်မားတဲ့ ထုတ်ကုန်တွေကို တင်ပို့ရောင်းချခွင့်ရဖို့အတွက်နဲ့ နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချခွင့်ရရှိဖို့အတွက် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်တွေ ပူးပေါင်း ဆောင်ရွက်မယ်ဆိုရင် လက်ရှိကြုံနေရတဲ့ လုပ်ငန်းတွေ နည်းပါးပြီး လုပ်ကိုင်လိုတဲ့ အလုပ်သမားအရည်အတွက် များပြားခြင်း၊ လုပ်ခလစာ ပြဿနာတွေကို ဖြေရှင်းနိုင်မှာဖြစ်တဲ့အပြင် အလုပ်အကိုင်တွေလည်း ပိုရလာမယ်"ဟု ပြောကြားသည်။

"နိုင်ငံတကာမှာလည်း အလုပ်သမားတွေရဲ့ အခွင့်အရေးကို အပြည့်အဝရရှိအောင် တိုက်ပွဲဝင်နေကြရတာ။ မြန်မာနိုင်ငံမှာလည်း ပွင့်လင်းလာတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အခြေပြုပြီး လုပ်ငန်းတွေပေါ်များလာတယ်။ လုပ်ခလစာနဲ့ အလုပ်သမားအခွင့်အရေးတွေအတွက် အဖွဲ့ချုပ်က စနစ်တကျနဲ့ ကူညီအားပေးပြီး ထောက်ခံသွားဖို့ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေနဲ့ မျှဝေကူညီပေးမှာဖြစ်ပါတယ်။ ပုံမှန်လည်ပတ်နိုင်တဲ့ အထည်ချုပ်လုပ်ငန်းတွေဖြစ်လာဖို့အတွက် အရင်ဆုံး ကြိုးပမ်းကြရမှာပါ။ တည်မြဲတဲ့လုပ်ငန်းခွင်ဖြစ်လာတာနဲ့အမျှ လုပ်ခလစာနဲ့ အလုပ်သမားအခွင့်အလမ်းတွေ ထွက်ပေါ်လာမယ်။ အဲဒီအတွက် လက်ခစား အထည်ချုပ်စနစ်ကို အခြေပြုပြီး နောက်ပိုင်းအဆင့်မြင့်မားတဲ့ ထုတ်ကုန်တွေ ထွက်ပေါ်လာတဲ့အထိ ကြိုးစားဖို့အခွင့်အရေးကို မြန်မာအထည်ချုပ်လုပ်ငန်းတွေမှာ မြင်တွေ့ရတယ်"ဟု ကမ္ဘာ့အလုပ်သမားအဖွဲ့အစည်းမှ နည်းစနစ်ကျွမ်းကျင်သူအကြီးအကဲ မစ္စတာ Michal Strahilevitz-Ben Eliezer က ပြောကြားသည်။

"ထူးခြားတာက မြန်မာအထည်ချုပ်လုပ်ငန်းကဏ္ဍဟာ အခြားဒေသတွင်း နိုင်ငံတွေရဲ့ အတွေ့အကြုံကောင်းတွေကို အလေးထားပြီး အခုဆိုရင် အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာတယ်လို့ ယုံကြည်တယ်။ ဒေသတွင်း နိုင်ငံတွေထက်သာလွန်တဲ့ လုပ်သားဈေးကွက်နဲ့ စက်ရုံတည်ဆောက်နိုင်မှုအနေအထားတွေ ရှိတာကြောင့် မကြာမီအာရှရဲ့ ကြီးမားတဲ့ အထည်ချုပ်ဈေးကွက်ကြီး ဖြစ်လာမယ်"ဟု အီးယူ၏ SWITCH-Asia Network Facility ၏ ခေါင်းဆောင် Uwe Weber က မှတ်ချက်ပြုသည်။

ပြည်တွင်း ပြည်ပ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုဇုန်လုပ်ငန်းရှင်များနှင့် ပြည်တွင်းပြည်ပ စီးပွားရေးသမားများ၊ လုပ်သားရှင်များ စုပေါင်းကာ အာရှဒေသတွင်းနှင့် မြန်မာနိုင်ငံတွင်းဆိုင်ရာ အထည်ချုပ်လုပ်ငန်းများ အရည်အသွေးမြှင့်တင်ရေးအတွက် စုပေါင်းဆွေးနွေးပွဲ တစ်ခုကို ရန်ကုန်မြို့တွင် ယနေ့နံနက်က အီးယူနှင့် အိုင်အယ်လ်အိုတို့မှ ထောက်ပံ့ခြင်းဖြင့် ကျင်းပပေးခဲ့သည်။ **(မြန်မာ့အလင်း)**



ဆောင်းပါး

# ထုတ်လုပ်မှုသည် စားသောက်သည်ထိ အဆင့်ဆင့်သန့်ရှင်း ရောဂါကင်း၏

ထွန်းအောင်လှ(လုပ်ငန်းခွင်ကျန်းမာရေး)

အစားအစာမသန့်ရှင်းမှုများကြောင့် ကမ္ဘာပေါ်၌ တစ်နှစ်လျှင် ကလေးသူငယ်များအပါအဝင် လူပေါင်း နှစ်သန်းခန့် သေဆုံးလျက်ရှိနေပါသည်။ မသန့်ရှင်းသော အစားအစာများတွင် အန္တရာယ်ရှိသည့် ဘက်တီးရီးယားပိုးများ၊ ဗိုင်းရပ်စ်ပိုးများ၊ ကပ်ပါးပိုးများ၊ ဓာတုပစ္စည်းများ ပါဝင်လျက်ရှိရာ ၎င်းတို့မှ ရောဂါအမျိုးပေါင်း ၂၀၀ ကျော်ဖြစ်ပွားစေပြီး ဝမ်းပျက်ဝမ်းလျှောရောဂါမှသည် ကင်ဆာရောဂါအထိ ဖြစ်စေနိုင်ပါသည်။ အစားအစာမသန့်ရှင်းမှုကြောင့် ဖြစ်ပွားသောရောဂါများသည် အစဉ်တစိုက် ဖြစ်ပေါ်လျက်ရှိနေပါသည်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော အစားအစာထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ ဝယ်ယူချက်ပြုတ်စားသောက်ခြင်းများ၊ ပတ်ဝန်းကျင်အခြေအနေ၊ အသစ်အသစ်ဖြစ်ပေါ်လျက်ရှိသောနှင့် ရှိနှင့်ပြီးသောရောဂါများ၊ ပဋိဇီဝဆေးဝါးများကို ယဉ်ပါးလာခြင်းများ စသည်တို့သည် အစားအစာများ သန့်ရှင်းမှုနှင့် ပြည်သူလူထုကျန်းမာရေးအတွက် စိန်ခေါ်မှုများပင်ဖြစ်နေပါသည်။ ကမ္ဘာတစ်ဝန်းအစားအစာများ သယ်ယူတင်ပို့မှု၊ ကူးသန်းရောင်းဝယ်မှုများသည်လည်း ရောဂါပိုးများကို တစ်နိုင်ငံမှတစ်နိုင်ငံသို့ ပျံ့နှံ့စေနိုင်သော အကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။

ကမ္ဘာပေါ်၌ အစားအစာများ ထုတ်လုပ်ဖြန့်ဖြူးတင်ပို့မှုများပြားလာသည်နှင့်အမျှ အစားအစာအန္တရာယ်ကင်းရှင်းရေးစနစ်ကို တိုးမြှင့်သတ်မှတ်နိုင်ရန် နိုင်ငံတိုင်းတွင် တာဝန်ရှိပါသည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ သန့်ရှင်းလတ်ဆတ်သော ကျန်းမာရေးနှင့်ပြည့်စုံသည့် အစားအစာများကိုသုံးစွဲနိုင်ရေးအတွက် အလွန်အရေးကြီးကြောင်း မီးမောင်းထိုးပြသည့်အနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်အား Food Safety-From Farm to plate.Make food safe ဟုသတ်မှတ်ပေးထားပါသည်။ ၎င်းကို **"ထုတ်လုပ်မှုသည် စားသောက်သည်ထိ အဆင့်ဆင့်သန့်ရှင်း ရောဂါကင်း၏"** ဟု မြန်မာမှုပြုထားပါသည်။

အစားအသောက်ရောင်းချသော ဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် ကျန်းမာရေးပညာပေးမှုများကို ပြုလုပ်ပေးနေသော်လည်း လိုက်နာမှုအပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရှိနေရပါသည်။ တစ်နိုင်တစ်ပိုင်ရောင်းချသော လမ်းဘေးဆိုင်လေးများမှစ၍ ဆိုင်ကြီးများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များ စသည်တို့အထိ ကျန်းမာရေးနှင့်ညီညွတ်ပြည့်စုံစေရန် ပညာပေးမှုများ၊ စစ်ဆေးမှုများကိုစနစ်တကျ ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။

ထို့ပြင် အစားအသောက်လုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံအတွင်း၌ ထုတ်လုပ်၊ တင်သွင်း၊ တင်ပို့၊ ရောင်းချနေကြသော အစားအသောက်မှန်သမျှ (ဆေးဝါးနှင့်အလှကုန်ပစ္စည်းများပါမကျန်) ကျန်းမာရေးနှင့် ညီညွတ်စေရန် ပြုမူဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ပြီးနောက် တရားဝင်ခွင့်ပြုချက်ရရှိမှသာ ထုတ်လုပ်ဖြန့်ချိ တင်သွင်းရောင်းချနိုင်ခွင့်ရှိပါသည်။ သို့သော် အစားအသောက်/ ဆေးဝါး စသည်ဖြင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချသူအချို့တို့၏ စည်းမျဉ်းစည်းကမ်း မလိုက်နာမှုများကြောင့် အများပြည်သူတို့ စားသောက်သုံးစွဲရန် မသင့်တော်သော အစားအသောက်များ၊ ဆေးဝါးများနှင့် ပတ်သက်၍ သတိပေးကြေညာချက်များကို မကြာခဏဆိုသလို နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့မြင်နေရပါသည်။

ပြည်တွင်းဈေးကွက်များ၌ ရောင်းချနေကြသော အစားအသောက်များကို လေ့လာကြည့်ရာတွင် ဓာတုဗေဒဆိုးဆေးနှင့် ပိုးသတ်ဆေးကင်းစင်သော အစားအသောက်ဟူ၍ မရှိသလောက် ရှားပါးလာနေပါသည်။ မှျစ်တွင်လည်း ဆေးနီ/ဆေးဝါ ဆိုးထားသည်။ သားငါးများကိုလည်း လတ်ဆတ်သည်ဟုထင်ရအောင် ဆိုးဆေးများဆိုးသည်။ သရက်သီး၊ ငှက်ပျောသီးစသည့် အသီးအနှံများကိုလည်း မြန်မြန်ရင့်မှည့်စေရန် ဓာတုဆေးရည်များသုံးစွဲသည်။ ပုစွန်ခြောက်တွင်လည်း ဆိုးဆေးပါသည်။ ထို့အတူ ဝက်အူချောင်း၊ ကြက်အူချောင်း စသည်တို့တွင်လည်း ဓာတုပစ္စည်းက မကင်းပါ။ လက်ဖက်ခြောက်နှင့် လက်ဖက်အစိုတို့ကိုလည်း ဆိုးဆေးများဆိုးကြသည်။ နောက်ဆုံးတွင် နန္ဒင်းမှုန့်နှင့် ငရုတ်သီးမှုန့်တို့အထိ ဆိုးဆေးကပါဝင်နေပါသေးသည်။

စာရေးသူတို့နိုင်ငံ၌ အစားအသောက်များထဲတွင်ထည့်သွင်းအသုံးပြုရန်အတွက် အန္တရာယ်မရှိသော (အန္တရာယ်မရှိသော ဆိုတာထက် အန္တရာယ်နည်းသောဆိုတာက ပိုမှန်နိုင်ပါသည်)ဆိုးဆေး ၂၀ မျိုးခန့်ကို ခွင့်ပြုထားသော်လည်း အဆိုပါဆိုးဆေးများမှာ ဈေးကြီးလွန်းသဖြင့် ချည်ထည်ဆိုးဆေးများကို တရားမဝင်အစားထိုး၍ အသုံးပြုကြကြောင်း ကြားသိနေရပါသည်။

ကလေးများစားသော မုန့်ပဲသရေစာများကလည်း အန္တရာယ်ပေးတတ်ပါသေးသည်။ ယခုအခါ အိမ်နီးချင်းနိုင်ငံမှ တင်သွင်းလာသော ကလေးစားမုန့်များကို အချို့သောစာသင်ကျောင်းများက ရောင်းချခွင့်မပြုကြောင်း ကြားသိရပါသည်။

ဤကဲ့သို့ သဘာဝမဟုတ်သော နည်းလမ်းများဖြင့် ပြုပြင်ဖန်တီးထားသော သဘာဝလွန်အသီးအနှံများ၊ သဘာဝလွန် စားသောက်ကုန်များက ဈေးကွက်များတွင် နေရာယူလာကြပြီး၊ စားသုံးသူများကလည်း အဆိုပါ သဘာဝလွန် အသီးအနှံများ၊ သဘာဝလွန် စားသောက်ကုန်များကို ဝယ်ယူစားသုံးနေကြခြင်းများသည် မိမိတို့အတွက် ရောဂါအန္တရာယ်ကို မိမိတို့၏ကိုယ်ပိုင်ငွေဖြင့် မိမိတို့ကိုယ်တိုင် ဝယ်ယူနေကြခြင်းမဟုတ်ပါလား။

စာရေးသူတို့နိုင်ငံ၌ဖြစ်ပွားနေကြသော ရောဂါဘယများတွင် အစားအသောက်များကြောင့် ဖြစ်ပေါ်ရသော ရောဂါများက ပိုမိုများပြားလာနေကြောင်း ကြားသိနေရပါသည်။ ပြည်တွင်းမှထုတ်လုပ်သော အစားအစာများထက် ပြည်ပမှတရားမဝင် တင်သွင်းလာသော အစားအသောက်များက ပိုမိုအန္တရာယ်ပေးနိုင်ကြောင်းလည်း သိရှိရပါသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတချို့မှ တင်သွင်းလာသည့် အဆင့်မမီသော၊ ကျန်းမာရေးအာမခံချက်မရှိသော အစားအသောက်များကို ပြည်သူများ အသုံးပြုနေကြရသည်ဟု ဆိုကြပါသည်။

ထို့ပြင်ပြည်တွင်းမှ ထုတ်လုပ်သော စားသောက်ကုန်အချို့တို့သည်လည်း အစားအစာထုတ်လုပ်ဖြန့်ချိရောင်းချခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမှုအားနည်းနေသေးကြောင်း တွေ့ရှိနေရပါသည်။

စားသောက်ကုန် ထုတ်လုပ်ခြင်း လုပ်ငန်းများ၌ လုပ်ကိုင်နေကြသော အစားအသောက်ကိုင်တွယ်သူဝန်ထမ်းများအား သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနများတွင် ဆေးစစ်ချက်မှတ်တမ်းရယူထားရမည်ဖြစ်ပြီး၊ တစ်နှစ်တစ်ကြိမ် ပြန်လည်စစ်ဆေးရန်လည်း လိုအပ်ပါသည်။ အဓိကကျသော ဤအချက်ကိုပင် အပြည့်အဝလိုက်နာကြပါရဲ့လားဆိုတာကို ဆန်းစစ်ရန် လိုအပ်နေပါသည်။

အစားအသောက်ထုတ်လုပ်သော လုပ်ငန်းများအနေဖြင့် အစားအသောက်၏ အမှတ်တံဆိပ်တွင် ဖော်ပြရန်အတွက် သတ်မှတ်ထားချက်များရှိပါသည်။ ဥပမာ-ကိတ်မုန့်ဆိုကြပါစို့၊ ကိတ်မုန့်နှင့်ပတ်သက်၍ အမှတ်တံဆိပ် (Brand Name)၊ အစားအသောက်အမည် (Kind of food)၊ ပါဝင်ပစ္စည်းအမျိုးအမည် ဖော်ပြချက် (Ingredients)၊ ပါဝင်မှုပမာဏ (Net Weight)၊ ထုတ်လုပ်ရက်စွဲ အမှတ်အသား (Date Marking)၊ ထုတ်လုပ်အပတ်စဉ် အမှတ်(Code No./Lot No.)၊ ထုတ်လုပ်ရက်စွဲ (Manufacturing Date)၊ သက်တမ်းကုန်ရက်စွဲ/ အကောင်းဆုံးစားသုံးရန် ရက်စွဲ (Expiry Date / Best Before Date)၊ ထုတ်လုပ်သူအမည်နှင့် လိပ်စာဖော်ပြချက် (Manufacturer Name and Address)၊ ထုတ်လုပ်သည့်တိုင်းပြည်(Country of Origin)၊ အခြား ဖော်ပြချက်များ၊ ထားသိုရန် အညွှန်း (Storage Instruction)၊ သုံးစွဲရန်အညွှန်း (Direction for Use) စသည်တို့ကိုပြည့်စုံစွာ ဖော်ပြရန် လိုအပ်ပါသည်။

သို့သော်စာရေးသူတို့ တိုင်းပြည်တွင်ထုတ်လုပ်ရောင်းချနေကြသော အစားအသောက်အချို့တို့မှာ အထက်ပါအချက်များကို လိုက်နာကျင့်သုံးခြင်းမရှိကြောင်း တွေ့ရှိနေရပါသည်။ အစားအသောက်ထုတ်လုပ်ရောင်းချသောသူများအနေဖြင့် မိမိတို့ထုတ်လုပ်ရောင်းချမည့် အစားအသောက်များနှင့်ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သတ်မှတ်ထားသော ထုပ်ပိုးခြင်း၊ တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာ လိုက်နာရမည့် သတ်မှတ်ချက်များအတိုင်းပြုလုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချသင့်ပါသည်။ စားသုံးသူများကို တန်ဖိုးထားလေးစားသင့်ပါသည်။

အစားအသောက်အတွင်း ထည့်သွင်းပြုလုပ်ရသော ကုန်ကြမ်းပစ္စည်းများ၏ အရည်အသွေးနှင့်ပတ်သက်၍လည်း သတ်မှတ်ထားချက်များအတိုင်း စစ်မှန်သော ပစ္စည်းများကိုသာ သုံးစွဲသင့်ပါသည်။ သက်တမ်းကုန်ဆုံးမည့်ရက်စွဲကိုလည်း တိတိကျကျသတ်မှတ်ပြီး အလွယ်တကူ ဖတ်ရှု၍ရသောနေရာ၌ မှန်ကန်စွာ ရေးသားထားသင့်ပါသည်။ ထုပ်ပိုးသည့်စက္ကူဘူး၌ ရိုက်နှိပ်ထားသော သက်တမ်းကုန်ရက်စွဲနှင့် ဘူးအတွင်းရှိအထုပ်များ၌ ရိုက်နှိပ်ထားသော သက်တမ်းကုန်ရက်စွဲတို့တစ်နှစ်ခွဲခန့် ကွာခြားနေသော ဖြစ်ရပ်တစ်ခုကိုလည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက စာရေးသူကိုယ်တိုင်ကြုံတွေ့ခဲ့ရပါသည်။

စားသုံးသူများဘက်ကလည်း မိမိတို့ဝယ်ယူစားသုံးမည့်အစားအသောက်များတွင် ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲတို့ ပါ၊ မပါကိုစိစစ်ပြီးမှ ဝယ်ယူသင့်ပါသည်။ စားသုံးသူများက ဤကဲ့သို့အရည်အသွေးမီသော၊ ထုတ်လုပ်မှုစည်းကမ်းလိုက်နာသော စားသုံးကုန်များကိုသာ စိစစ်ရွေးချယ်ဝယ်ယူကြမည်ဆိုပါက အရည်အသွေးမမီသော စားသောက်ကုန်များသည် အချိန်ကာလတစ်ခုအရောက်တွင် အလိုအလျောက် ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။

စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့် စာရေးသူတို့နိုင်ငံ၌ ပြဋ္ဌာန်းထားပြီးဖြစ်သော အာဏာတည်ဆဲဖြစ်သည့် အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေများပါ သတ်မှတ်ချက်များကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများကလည်း ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းများကို စနစ်တကျဆောင်ရွက်သွားကြရန်လိုအပ်ပါသည်။

နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချရသော စားသုံးကုန်ပစ္စည်းများကို သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်နေသလို၊ စားသောက်ကုန်ထုတ်လုပ်သူများကလည်း စေတနာထား၍ တိတိကျကျလိုက်နာကာ၊ သုံးစွဲသူများဘက်ကလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များကိုသာ ရွေးချယ်ဝယ်ယူသုံးစွဲခြင်း၊ မိမိတို့အိမ်၌ အစားအစာများကို သန့်ရှင်းစွာထားရှိခြင်း၊ သားစိမ်းငါးစိမ်းများနှင့် ချက်ပြုတ်ပြီးသော အစားအစာများကို သီးခြားစီခွဲ ခြားထားရှိခြင်း၊ အစားအစာများကို သေချာစွာချက်ပြုတ်ခြင်း၊ အစားအစာများကို သတ်မှတ်အပူချိန်တွင်စနစ်တကျ သိမ်းဆည်းထားရှိခြင်း၊ သန့်ရှင်းလတ်ဆတ်သောရေနှင့် အစားအစာများကိုသာ သုံးစွဲခြင်း စသည့်အခြေခံကျသော အချက်အလက်များကို ကျန်းမာရေး အသိရှိရှိဖြင့် တိကျ စွာ လိုက်နာကျင့်သုံးကြမည်ဆိုပါက လူတိုင်းရောဂါဘယများကင်းရှင်းပြီး သက်ရှည်ကျန်းမာကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

> **စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့် စာရေးသူတို့နိုင်ငံ၌ ပြဋ္ဌာန်းထားပြီးဖြစ်သော အာဏာတည်ဆဲဖြစ်သည့် အမျိုးသား ဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက် ဥပဒေများပါ သတ်မှတ်ချက်များကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်**

## ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၇) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ပဲခူး မတ် ၃၀**

ပဲခူးမြို့နယ် ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး (၂၅၉၇) နှစ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက်က ရွှေမော်ဓောဘုရား ရင်ပြင်တော်ပေါ်ရှိ ကျောက်ပန်းတောင်း ဓမ္မာရုံ၌ကျင်းပသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့် ဧည့်ပရိသတ်များက ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူကာ ပရိတ်တရားတော်များ နာကြားပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဘာသာရေးအသင်းအဖွဲ့များမှ ပွဲတော်ဖွင့်ပွဲ ရတုပိုဒ်စုံများဖြင့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



**သန့်စင်(ပဲခူး)**

## ခန္တီးမြို့နယ် အောင်မြေ၌ သမဝါယမအသင်းဖွဲ့စည်း

**ခန္တီး မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် အောင်မြေကျေးရွာအုပ်စု အောင်မြေကျေးရွာသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးထွန်းနှင့် မြို့နယ်သမဝါယမအသင်းစုအမှုဆောင် ဦးကျော်သိန်းတို့သွားရောက်ပြီး ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ သမဝါယမဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြို့နယ်ဦးစီးအရာရှိက သမဝါယမစနစ်၏အနှစ်သာရ သဘောတရားမူဝါဒများ၊ အသေးစားအရင်းအနှီးချေးငွေဆိုင်ရာများ၊ အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံးလုပ်ငန်းသုံးပစ္စည်းပံ့ပိုးခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး သမဝါယမဝန်ကြီးဌာန၏ လွှတ်တော်တွင်ဆွေးနွေးမှုများ၊ သမဝါယမကဏ္ဍကြီးပမ်းမှု ရုပ်/ သံဖိုင်များကိုလည်းပြသခဲ့ကြောင်း မြို့နယ်အသင်းစု အမှုဆောင်ကလည်း အခြားကျေးရွာများမှ အသင်းသား ပြည်သူများ အသေးစားအရင်းအနှီးချေးငွေရရှိမှုကြောင့် လူမှုစီးပွားအဆင်ပြေနေမှုများနှင့် ထပ်မံတိုးမြှင့်ထုတ်ချေးရန် တင်ပြထားမှုတို့ကို ဆွေးနွေးခဲ့ကြရာ ချေးငွေလုပ်ငန်း၏ အစု၊ စုဆောင်း၊ အတိုးရငွေအကျိုးအမြတ်ကြောင့် မိမိအသင်းပိုင်ငွေများတိုးပွားလာပြီး မိမိအသင်းပိုင်ငွေဖြင့် မိမိရပ်တည်လာနိုင်မည့်အခြေအနေကို သဘောပေါက်သိရှိကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက သမဝါယမအသင်းဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရသည်။

**ဖိုးပုလဲလေး**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း လွှတ်တော်ကအတည်ပြု



**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်(၈)ဦး ထပ်မံခန့်အပ်တာဝန်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နောက်ဆက်တွဲ-၁(က)ပါ လုပ်ငန်းစဉ်တွင် ထည့်သွင်းရန် ကျန်ရှိသည့် လွှတ်တော်ကတိကဝတ်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လွှတ်တော်ကတိကဝတ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ မူလတင်ပြစဉ်က ကျန်ရှိနေသည့် ကတိကဝတ်များထဲတွင် ပြည်သူများ လတ်တလောအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းနှင့် နှစ်ချင်းပြီး ဆောင်ရွက်နိုင်မည့် လုပ်ငန်းတို့အပေါ် အခြေခံ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့ ညှိနှိုင်းစိစစ်၍ ဆောင်ရွက်ရမည့် ကတိကဝတ်(၃၄၆)ခုကို နောက်ဆက်တွဲ-၁(က)၌ စုစုပေါင်း ဝန်ကြီးဌာန(၈)ခုရှိပြီး ဘဏ္ဍာငွေဖြည့်စွက်ရန်ပုံငွေ တောင်းခံချိန်တွင် ဦးစားပေး ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း တစ်ရပ်လုံးကိုအတည်ပြုရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က တင်သွင်းရာလွှတ်တော်က အတည်ပြုခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ပထမနေ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က တင်သွင်းခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီက အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ (၂၆)ရက်နှင့် (၂၇)ရက်တို့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၂၉)ဦးက မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက ၂၀၁၅ ခုနှစ် မတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ပြန်လည်ရှင်းလင်းတင်ပြခဲ့ပြီး မတ် ၉ ရက်တွင် အမျိုးသား စီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းအလိုက် လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ သာမန်အသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မြင့်ဖေနှင့် ဒေါက်တာမြတ်ဉာဏစိုးတို့က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်ဖြင့် နှစ်အလိုက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၀**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **ချောက်မြို့နယ်အပါအဝင် မိုးနည်းရေရှားဒေသများ၌ သောက်သုံးရေရှားပါးမှု အခက်အခဲကိုအထူးစီမံချက်တစ်ရပ်ချမှတ်ဖြေရှင်းပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်များဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အထူးစီမံချက်တစ်ရပ်ရေးဆွဲ၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက် ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ရေးဆွဲထားရှိ၍ နှစ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **သိပ္ပံတွဲဖြင့် (၁၀)တန်းအောင်သူ ကျောင်းသား/သူများသည် သိပ္ပံလက်တွေ့သင်တန်းကို အပတ်စဉ် စနေ/တနင်္ဂနွေ နေ့များအစား တစ်ပတ်၊ နှစ်ပတ်ဆက်တိုက်သင်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က အဝေးသင်သင်ကြားရေးတွင် အနီးကပ်သင်တန်းများ သင်ကြားပို့ချခြင်း၊ သိပ္ပံလက်တွေ့သင်တန်းများ သင်ကြားပို့ချပေးခြင်း၊ စာမေးပွဲများစစ်ဆေးခြင်း လုပ်ငန်းများကို ပုံမှန်တက္ကသိုလ်များ၏ စာသင်ခန်းများကိုအသုံးပြု၍ အဆိုပါ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများက သင်ကြားပို့ချပေးလျက် ရှိပါကြောင်း၊ ပုံမှန်သင်တန်းများ နားရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေများတွင် သိပ္ပံလက်တွေ့အခန်းများကို အသုံးပြု၍ သင်ကြားပို့ချပေးလျက် ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြေကြားစဉ်။ (သတင်းစဉ်)



ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် မေးမြန်းစဉ်။ (သတင်းစဉ်)

သိပ္ပံဘာသာရပ်များ၏ သဘောသဘာဝအရ သိပ္ပံလက်တွေ့ (Practical) မပြုလုပ်မီ စာတွေ့(Theory) ကို ကြိုတင်သင်ကြားပေးရပါကြောင်း၊ ယခုလက်ရှိတွင် စာတွေ့သင်ပြီးမှ လက်တွေ့ကို (၂)ပတ်လျှင်တစ်ကြိမ် ပြုလုပ်စေခြင်းသည် သိပ္ပံသင်တန်းသားများအတွက် ထိရောက်သော သင်ကြားပို့ချမှုဖြစ်ပါကြောင်း၊ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့အစား တစ်ပတ်၊ နှစ်ပတ်ဆက်တိုက် သင်ကြားပေးမည်ဆိုပါက စာတွေ့ ကြိုတင်လေ့လာရမည့်အချိန် မရှိတော့သဖြင့် ထိရောက်သော သင်ကြားသင်ယူမှုလည်း မဟုတ်တော့ပါကြောင်းနှင့် သိပ္ပံလက်တွေ့သင်တန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များအစားတစ်ပတ်၊ နှစ်ပတ် ဆက်တိုက်သင်ကြားပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံ ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးပါက တီးတိန်မြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးပို့မည်

**နေပြည်တော် မတ် ၃၀**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း၏ **ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲ၊ SEA Games နှင့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများအတွက် ကျင်းပလျက်ရှိသော ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ Boxing လက်ဝှေ့၊ မြန်မာ့ရိုးရာလက်ဝှေ့၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ ကြက်တောင်၊ တင်းနစ်၊ စားပွဲတင်တင်းနစ် စသည့်အားကစားနည်းများအား ဆုကြေးစနစ်အဖြစ် အမျိုးသား၊ အမျိုးသမီး (၂)မျိုးစလုံး ပါဝင်နိုင်မည့် Pro Sport System ကျင့်သုံး အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာ့အားကစား အောင်မြင်မှုများ ရရှိရေးအတွက် ရေတိုရေရှည် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်သည့်အတွက် "Myanmar Sport Master Plan" ကို ရေးဆွဲ ဆောင်ရွက်လျက်ရှိသည့်အပြင် အားကစားလှုပ်ရှားမှုများကို အခြေခံအကျဆုံးမြို့နယ်များမှစတင်၍ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် "Township Sport Development Program" ကိုလည်း တစ်ပြိုင်နက်တည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မေးခွန်းပါအားကစားနည်း (၁၂)နည်းအနက်မှ ၂၀၀၉ ခုနှစ်တွင် ဘောလုံးအားကစားနည်းကို အပျော်တမ်းအဆင့်မှ ဆုကြေးစားစနစ်သို့ ပြောင်းလဲခဲ့သည့်အပြင် ဖူဆယ်နှင့် ရိုးရာလက်ဝှေ့အားကစားနည်းများကိုလည်း ဆုကြေးစားပြိုင်ပွဲစနစ်ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိသည့် အားကစားနည်းများကို သက်ဆိုင်ရာအားကစား အဖွဲ့ချုပ်များအနေဖြင့် အပျော်တမ်းအဆင့်မှ ဆုကြေးစားစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးခမ်ဆွင်းမုန် မေးမြန်းစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအား ကဏ္ဍနှင့် ပတ်သက်သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးခမ်ဆွင်းမုန်၏ **တီးတိန်မြို့တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ၆၆ ကေဗွီ ဟားခါး-ဖလမ်း-သိုင်းငင် ဓာတ်အားလိုင်း တည်ဆောက်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဓာတ်အားလိုင်းမှတစ်ဆင့် တီးတိန်မြို့အထိ သွယ်တန်းပါက ဓာတ်အားလိုင်းရှည်လျားပြီး ဗို့အားကျဆင်းမှုများ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်း၊ ဖလမ်းမြို့နှင့် ကလေးမြို့တို့တွင် ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံမှာ ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးပါက တီးတိန်မြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးပို့သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပုလဲ(၃)ရပ်ကွက်တွင် လျှပ်စစ်အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေ အရပ်ရပ်တို့ကြောင့် လျှပ်စစ်မီးတိုင်၊ မီးကြိုးနှင့် ဆက်စပ်**

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

## ပြည်တွင်းသတင်း


✻ ရှေ့ဖုံးမှ

အက်ခ်မက်စ်၊ စီအယ်လ်အမ်ဗွီနှင့် အယ်လ်အမ်အိုင်တို့ ကဲ့သို့သော ဒေသတွင်း အစီအစဉ်များတွင်ပါ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုများ တိုးတက်စေရေး၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရေးအတွက် အလားအလာရှိမည့် နယ်ပယ်များကို ချဲ့ထွင်ဖော်ထုတ်သွားရေးနှင့် စိုက်ပျိုးရေး၊ ခရီးသွားလာရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် အားကစား ကဏ္ဍများတွင် နှစ်နိုင်ငံအကြား အပြန်အလှန် လေ့လာရေးခရီးသွားရောက်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ခြင်းတို့ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်ပြီး ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယသမ္မတသည် လာအိုနိုင်ငံ ဒုတိယသမ္မတနှင့် တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လာအိုနိုင်ငံမှ နိုင်ငံခြားရေး၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် လာအိုနိုင်ငံအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆက်လက်တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် လာအိုသမ္မတနန်းတော်မှ တစ်ဆင့် Ammalin လာအိုပိုးထည် လက်မှုပြခန်းနှင့် SONG MUE NANG လက်မှုပြခန်းတို့အား သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းနေ့ ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးဦးဆောင်သောအဖွဲ့သည်လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

*အမျိုးသားလွှတ်တော်မှ*

**ပစ္စည်းများ အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း (၃)နှစ်ခန့်ကြာကာလတိုင်အောင် ဆောင်ရွက်မပေးခဲ့ခြင်းကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပုလဲ(၃)ရပ်ကွက်အတွင်း ရှုပ်ထွေးဆားဗစ်ကြိုး ၁ ဒသမ ၀၅ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး၊ (၁၁)ကေဗွီ ကောင်းကင် ဓာတ်အားလိုင်း ၀ ဒသမ ၅ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၀ ဒသမ ၂ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် ရန်ပုံငွေလျာထားခဲ့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေပေးနိုင်မှု အခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း၊ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

---

# ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် မတ် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၇ နာရီ မိနစ်၄၀တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆင်းဗန်ဗု၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ အင်သာစုန်သီရာကူးလ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယသမ္မတနှင့် ဇနီးနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေး၊ ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



---

# ခနောင်ထော်နှင့် ထန်းပင်ကွေ့အရှေ့ ကျေးရွာအုပ်စုများ လျှပ်စစ်မီးလင်းပြီ

**နေပြည်တော် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ခနောင်ထော်ကျေးရွာအုပ်စုနှင့် ထန်းပင်ကွေ့အရှေ့ ကျေးရွာအုပ်စုများရှိ ခနောင်ထော်ကျေးရွာ၊ ပံတပွတ်အရှေ့ကျေးရွာ၊ မရမ်းအရှေ့ကျေးရွာ၊ ထန်းပင်ကွေ့ အရှေ့ကျေးရွာနှင့် သံဖြူစုကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ၁၆၀ ကေဗွီအေ ထရန်စဖော်မာမှ ကျေးရွာအတွင်းနေအိမ်များသို့ သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းအား စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးသည်။

ဆက်လက်၍ ပံတပွတ်အရှေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် မရမ်းကွေ့အရှေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသက်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းနှင့် ကျေးရွာလျှပ်စစ် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစောမင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ ထန်းပင်ကွေ့အရှေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး၊ သံဖြူစုအရှေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျေးရွာအုပ်စုများမှ ပြည်သူများအနေဖြင့် လျှပ်စစ်မီးကို အသုံးပြုနိုင်ပြီးဖြစ်၍ လျှပ်စစ်မီးကို အကျိုးရှိစွာအသုံးပြု၍ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ခနောင်ထော်ကျေးရွာ၊ ပံတပွတ်အရှေ့ကျေးရွာ၊ မရမ်းအရှေ့ကျေးရွာ၊ ထန်းပင်ကွေ့အရှေ့ကျေးရွာနှင့် သံဖြူစုကျေးရွာများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ၁၁ ကေဗွီအေလိုင်း ၄ ဒသမ ၆ မိုင်၊ ၀ ဒသမ ၄ ကေဗွီလိုင်း၊ ၈ ဒသမ ၆၃မိုင်၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာငါးလုံးတို့ တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၅၀၀ ခန့်အား လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိပြီးဖြစ်သည့် အိမ်ထောင်စုများကဲ့သို့ ကျန်ရှိနေသေးသည့် အိမ်ထောင်စုများကလည်း လျှပ်စစ်မီးသွယ်တန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**(မြန်မာ့အလင်း)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်KEIO Corporation MD အား တွေ့ဆုံ

**နေပြည်တော် မတ် ၃၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံ KEIO Corporation ၏ Managing Director Mr. Mamoru Yamamoto ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော် အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ ဦးမြညိမ်း၊ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းအဖွဲ့ဝင် ဦးနေဝင်းထွန်း၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်၊ ဂျပန်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းအဖွဲ့ဝင် ဦးဝင်းမောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံ KEIO Corporation ၏ Managing Director Mr. Mamoru Yamamoto အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ဓမ္မာစရိယစာမေးပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ပဉ္စမနေ့ ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေ သံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၄၁၇၀ ပါးအနက် ၈၈၃၆ ပါး ဖြေဆိုကြသဖြင့် ၆၂ ဒသမ ၃၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

အခန်းပေါင်း (၇)ခန်း၊ အပိုဒ်ပေါင်း (၃၃) ပိုဒ်နှင့် အပိုဒ်ငယ်ပေါင်း(၈၆) ခု အားလုံးကို နှစ်ဖက်သဘောတူ ဆွေးနွေးနိုင်ခဲ့သည်ဟု ယနေ့ ဆွေးနွေးပွဲအပြီးတွင် NCCT အဖွဲ့မှ ဦးနိုင်ဟံသာ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် MPC မှ ဦးလှမောင်ရွှေတို့ ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲမှ သိရသည်။

ယနေ့သဘောတူညီနိုင်ခဲ့သည့် NCA စာချုပ် နောက်ဆုံးမူကြမ်းပါ အချက်များအားလုံးကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် NCCT နှင့် UPWC တို့မှ ပြန်လည်သုံးသပ်မှု ပြုလုပ်ပြီးနောက် နှစ်ဖက်ကိုယ်စားလှယ်များမှ ပဏာမသဘောတူညီမှုအဖြစ် လက်မှတ်ရေးထိုးတော့မည်ဖြစ်သည်။

MPC ၏ နည်းပညာဆိုင်ရာ အထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေက (၇) ကြိမ်မြောက်ဆွေးနွေးပွဲ "(၇)ရက်မြောက်နေ့မှာ ကျန်ခဲ့တဲ့ အချက်အားလုံးကို သဘောတူတာဖြစ်တဲ့ NCA စာချုပ်ကြီးကို သဘောတူညီခဲ့ပြီး ဖြစ်တာကိုတင်ပြလိုပါတယ်။ ဒီနေ့ ဆွေးနွေးပြီး သဘောတူတာတွေကို မနက်ဖြန် မနက် ၁၀ နာရီမှာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ပြန်တွေ့ပါမယ်။ မနက်ဖြန်မှာ ကျွန်တော်တို့ ခေါင်းဆောင်တွေအဆင့်မှာ ပဏာမသဘောတူညီချက်ကို UPWC နှင့် NCCT အဆင့်မှာ ပဏာမသဘောတူညီထားတာကို လက်မှတ်ရေးထိုးပါမယ်။ ပြီးရင် တစ်ဖက်ခေါင်းဆောင် သုံးဦးစီပါဝင်တဲ့ ခြောက်ဦးက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပါမယ်"ဟု ပြောသည်။

NCA စာချုပ် နောက်ဆုံးမူကြမ်း၏ သဘောတူညီချက်များအား NCCT ဘက်မှ တိုင်းရင်းသားအဖွဲ့ပေါင်းစုံ၏ ထိပ်သီးညီလာခံတွင် ပြန်လည်တင်ပြရန်ကျန်ရှိနေပြီး UPWC ဘက်တွင်မူ အစိုးရဘက်မှ အတည်ပြုထားပြီဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC) သို့ သတင်းပို့ရန်သာ ကျန်ရှိတော့ကြောင်း UPWC မှ သိရသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ရေးနှင့်စပ်လျဉ်းပြီး NCCT အဖွဲ့ ခေါင်းဆောင် ဦးနိုင်ဟံသာက "NCCT အဆင့်နဲ့ အဆုံးအဖြတ်ပေးလို့ မရသေးဘူး။ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး အစည်းအဝေးလုပ်ရမယ်။ အဲဒီမှာ တင်ပြရမယ်။ သူတို့ကနေပြီးမှ အဆုံးအဖြတ်ပေးရမယ်။ သူတို့ပြင်ချင်တာ ဖြည့်စွက်ချင်တာရှိကောင်းရှိနိုင်မယ်။ သူတို့ရဲ့ အတည်ပြုမှုကို ရပြီးတော့မှ တရားဝင် သူတို့ကိုယ်တိုင် လက်မှတ်ထိုးဖို့ဖြစ်ပါတယ်"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယနေ့ပြုလုပ်ခဲ့သော အစည်းအဝေးသို့ နိုင်ငံတကာမှလေ့လာသူ ကိုယ်စားလှယ်များအဖြစ် ကုလသမဂ္ဂနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်ဟု သိရသည်။ **(သတင်းစဉ်)**

❀ *ကျောဖုံးမှ*

ဆောင်ရွက်ပြီးစီးခဲ့တဲ့ စာချုပ်ပါအချက်အလက်တွေကို UPWC နဲ့ NCCTတို့က သဘောတူပြီးသားဖြစ်ပေမယ့် လက်မှတ်ထိုးတဲ့အဆင့်ကိုတော့ အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသားဘက်က NCCT အနေနဲ့လက်မှတ်ထိုးပိုင်ခွင့် အခွင့်အာဏာမရှိဘူး။ အဲ့ဒီအတွက်ကြောင့် လက်မှတ်ထိုးနိုင်ဖို့အတွက် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေရဲ့ ညီလာခံကြီးကို ကျွန်တော်တို့ အမြန်ဆုံးလုပ်ဆောင်မှာဖြစ်တယ်။ အဲ့ဒီညီလာခံကြီးမှာ အခု သဘောတူထားတာတွေ အားလုံးကိုတင်ပြမယ်။ လက်မှတ်ထိုးမယ့် အစီအစဉ်ကိုတော့ ကျွန်တော်တို့ရဲ့ ထိပ်သီးခေါင်းဆောင်တွေက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ NCCT နဲ့ UPWC နှစ်ဖက် အလုပ်အဖွဲ့တို့ရဲ့ တစ်နှစ်ကျော်ကျော် ကြိုးစားခဲ့ပြီးမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုနိုင်ဖို့အတွက် အဆင်သင့်လုပ်နိုင်တာဖြစ်ပါတယ်။ ကျွန်တော်တစ်ခုပြောချင်တာက အနှစ် ၆၀ကျော် ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေဖို့ ကျွန်တော်တို့ ကြိုးစားနေတာဖြစ်တယ်။ အနှစ် ၆၀ ကျော် ပြည်တွင်းစစ်ကို ရပ်စဲဖို့ဆိုရင် ကဏ္ဍတစ်ခုတည်း ဆောင်ရွက်လို့မရဘူး။ ကဏ္ဍပေါင်းစုံက ဆောင်ရွက်ရမယ်။ အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုပြီးသွားရင် နှစ်ဖက်သော စစ်သည်တော်

**အနှစ် ၆၀ ကျော် ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေဖို့ ကျွန်တော်တို့ ကြိုးစားနေတာဖြစ်တယ်။ အနှစ် ၆၀ ကျော် ပြည်တွင်းစစ်ကို ရပ်စဲဖို့ဆိုရင် ကဏ္ဍတစ်ခုတည်း ဆောင်ရွက်လို့မရဘူး။ ကဏ္ဍပေါင်းစုံက ဆောင်ရွက်ရမယ်။ အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီးသွားရင် နှစ်ဖက်သော စစ်သည်တော်တွေ လိုက်နာရမယ့်ကျင့်ဝတ်တွေ၊ နှစ်ဖက်ကနေ ပူးတွဲစောင့်ကြည့်ရေး ဘယ်လိုလုပ်ရမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲ ဘယ်လိုကျင်းပရမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲ မစနိုင်ခင်ကြားကာလမှာ ကျွန်တော်တို့အချင်းချင်း ဘယ်လိုဆောင်ရွက်ရမလဲ၊ ဘယ်လိုအသိအမှတ်ပြုရမလဲဆိုတာတွေပါ ထည့်သွင်းဆွေးနွေးရတယ်။**



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ဦးလှမောင်ရွှေ



ဦးနိုင်ဟံသာ

တွေ လိုက်နာရမယ့်ကျင့်ဝတ်တွေ၊ နှစ်ဖက်ကနေ ပူးတွဲစောင့်ကြည့်ရေး ဘယ်လိုလုပ်ရမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲ ဘယ်လိုကျင်းပရမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲ မစနိုင်ခင်ကြားကာလမှာ ကျွန်တော်တို့အချင်းချင်း ဘယ်လိုဆောင်ရွက်ရမလဲ၊ ဘယ်လိုအသိအမှတ်ပြုရမလဲ ဆိုတာတွေပါ ထည့်သွင်းဆွေးနွေးရတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ရဲ့ စာချုပ်ကအင်မတန်မှ ပြည့်စုံတယ်။ အင်မတန်မှ ကျယ်ပြန့်တယ်။ အဲဒါကြောင့် အချိန်နည်းနည်းလေး ကြန့်ကြာနေတာကို ပြည်သူလူထုအနေနဲ့ နားလည်ပေးပါ။ အခုတော့ ပြီးသွားပါပြီ။ အနှစ် ၆၀ ပြည်တွင်းစစ်ကို အမှန်တကယ် ချုပ်ငြိမ်းပြီး တိုင်းပြည်ငြိမ်းချမ်း သာယာအောင် ဆောင်ရွက်နိုင်ဖို့ ပထမခြေလှမ်း လှမ်းနေပြီဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။

**ဦးလှမောင်ရွှေ**

MPC **၏ နည်းပညာဆိုင်ရာ အထောက်အကူပြုအဖွဲ့**

ဒီနေ့ (၇) ကြိမ်မြောက်ဆွေးနွေးပွဲရဲ့ သတ္တမနေ့မှာ အရင်အပတ်က ဆွေးနွေးဖို့ကျန်ရှိတဲ့ အခန်းတစ်ခုနဲ့ အချက်သုံးချက်ကို တစ်နေ့လုံးအကျေအလည် ဆွေးနွေးခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ငါးမိနစ်မှာ အားလုံးကို သဘောတူနိုင်ခဲ့ပါပြီ။ နောက်ဆုံး NCA စာချုပ်မှတ်တမ်းကို ကျွန်တော်တို့ဘက်က ပြန်ကြည့်တဲ့အခါမှာ နှစ်ဖက်ခေါင်းဆောင် ကိုယ်စားလှယ်အဖွဲ့တွေ သဘောတူညီနိုင်ခဲ့တဲ့ NCA မှာ အခန်းပေါင်း (၇)ခန်း၊ အပိုဒ်ပေါင်း (၃၃) ပိုဒ်နဲ့ အပိုဒ်ငယ်ပေါင်း (၈၆) ခုပါပါတယ်။ ဒါဟာ အချက်အားလုံးကို ကျွန်တော်တို့ သဘောတူနိုင်ခဲ့တာလို့ အသိပေးလိုပါတယ်။ အခု သဘောတူထားတဲ့အချက်တွေကို တိုင်းရင်းသားတွေဘက်က သူတို့ရဲ့ တိုင်းရင်းသားထိပ်သီးခေါင်းဆောင် ညီလာခံမှာ ပြန်လည်တင်ပြဖို့လိုမယ်။ အစိုးရဘက်အတွက် UPWCကတော့ အားလုံး အတည်ပြုလိုက်ပြီ။ အတည်ပြုပြီးဖြစ်တဲ့အတွက် UPCC (ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ)ကို သတင်းပို့ဖို့ပဲလိုမယ်။ ကျွန်တော်တို့ဘက်က ထပ်ပြီးအတည်ပြုစရာ မလိုတော့ပါဘူး။ နှစ်ဖက်ခေါင်းဆောင်တွေရဲ့ ဆုံးဖြတ်ချက်အရ ဒီနေ့ဆွေးနွေးပြီး သဘောတူတာတွေကို မနက်ဖြန် မနက် ၁၀ နာရီမှာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ ပြန်တွေ့ပါမယ်။ သဘောတူထားတဲ့အချက်တွေအားလုံးနဲ့ အစည်းဝေးမှတ်တမ်းကို ပြန်ကြည့်ပြီးရင် မနက်ဖြန်မှာ ကျွန်တော်တို့ UPWC နဲ့ NCCT ခေါင်းဆောင်တွေအဆင့်မှာ NCA သဘောတူညီချက်ကို နှစ်

**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးဖို့အဆင့်ဆိုတာကိုတော့ ကျွန်တော်တို့ NCCT အဆင့်နဲ့ အဆုံးအဖြတ်ပေးလို့ မရသေးဘူး။ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကနေပြီးတော့ အဆုံးအဖြတ်ပေးရမယ်။ သူတို့ပြင်ချင်တာ ဖြည့်စွက်ချင်တာ ရှိကောင်းရှိနိုင်မယ်။ ဒီတော့ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး အစည်းအဝေးလုပ်ရမယ်။**

ဖက်ခေါင်းဆောင်တွေ ပဏာမ သဘောတူညီထားကြောင်းကို လက်မှတ်ရေးထိုးပါမယ်။ ပြီးရင် တစ်ဖက်ခေါင်းဆောင်သုံးဦးစီနဲ့ နှစ်ဖက် ခြောက်ဦးပါ ခေါင်းဆောင်တွေက NCA သဘောတူညီချက် စာချုပ်နဲ့ ပတ်သက်ပြီးသတင်းစာရှင်းလင်းပွဲ ပြုလုပ်ပါမယ်။

**ဦးနိုင်ဟံသာ** NCCT **အဖွဲ့ခေါင်းဆောင်**

**မွန်ပြည်သစ်ပါတီ** (NMSP)

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်က ဆိုရင် ၂၀၁၃ နိုဝင်ဘာလဆန်းမှာ NCCT အဖွဲ့ကို ဖွဲ့ခဲ့တယ်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နဲ့ ၅ ရက်မှာ UPWC နဲ့ စတင်ပြီးတော့ဆွေးနွေးတယ်။ အဲ့ဒီလို ဆွေးနွေးလာခဲ့တာ တရားဝင်က (၇) ကြိမ်ပေါ့။ အလွတ်သဘောတွေက အကြိမ်ပေါင်းမနည်းဘူး။ အစပိုင်းမှာတော့ တစ်ဆို့မှုတွေ တော်တော်များများရှိပါတယ်။ အဲဒါကို ကျွန်တော်တို့က တစ်ဖက်နဲ့ တစ်ဖက် နားလည်အောင် ဆွေးနွေးရင်း၊ ဆွေးနွေးရင်းနဲ့ NCCT နဲ့ UPWC အဆင့်မှာတော့ အားလုံးသဘောတူညီမှု ရသွားပြီ။ နောက်ခုနက နိုင်ငံရေးဆွေးနွေးတဲ့ အခါကျရင် အစိုးရဘက်က တင်ပြထားတာကတော့ တိုင်းရင်းသားကိုယ်စားလှယ်ဆိုပြီးတော့ သီးသန့်ပါဝင်ဖို့ပေါ့။ အဲဒီ သူတို့ရည်ရွယ်တဲ့ တိုင်းရင်းသား ကိုယ်စားလှယ်ဆိုတာက လွှတ်တော်ထဲမှာလည်း မပါဘူး။ တပ်မတော်ထဲမှာလည်း မပါဘူး။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အင်အားစုထဲမှာလည်း မပါဘူး။ တိုင်းရင်းသားနိုင်ငံရေးပါတီထဲမှာလည်းမပါတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်နဲ့ ပါဝင်သင့် ပါဝင်ထိုက်သူတွေရဲ့ အစုအဖွဲ့ ကိုယ်စားလှယ်တွေပေါ့။ အဲဒီကိစ္စကို ဆွေးနွေးကြတာပါ။ အခုကတော့ နားလည်မှုရပြီပေါ့နော်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးဖို့အဆင့်ဆိုတာကိုတော့ ကျွန်တော်တို့ NCCT အဆင့်နဲ့ အဆုံးအဖြတ်ပေးလို့ မရသေးဘူး။ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကနေပြီးတော့ အဆုံးအဖြတ်ပေးရမယ်။ သူတို့ပြင်ချင်တာ ဖြည့်စွက်ချင်တာ ရှိကောင်းရှိနိုင်မယ်။ ဒီတော့ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး အစည်းအဝေးလုပ်ရမယ်။ ခန့်မှန်းကြည့်ရတာတော့ ဧပြီလထဲမှာ ဖြစ်နိုင်မှာပါ။ ဟိုအဖွဲ့ ဒီအဖွဲ့ရဲ့ အခြေအနေရဲ့အေးချမ်းမှုအပေါ်မှာလည်း မူတည်တာပေါ့။ အခုကတော့ နှစ်ဖက်တာဝန်ယူပြီးတော့ ပြောမယ်ဆိုရင် အစိုးရဘက်ကိုလည်း UPWC က တာဝန်ယူထားတယ်။ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုဘက်ကိုလည်း ကျွန်တော်တို့ NCCT က တာဝန်ယူထားတာပေါ့ဗျာ။ (ကျေးဇူးတင်ပါတယ်။)

ယနေ့ သဘောတူညီနိုင်ခဲ့သည့် NCA စာချုပ်နောက်ဆုံးမူကြမ်းပါ အချက်များအားလုံးကို မတ်လ ၃၁ ရက် နံနက် ၁၀ နာရီတွင် NCCT နှင့် UPWC တို့မှ ပဏာမသဘောတူညီမှု အဖြစ် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်သည်။

ပြည်တွင်းသတင်း

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ ပထမဆုံးကမ္ဘာပတ်ခရီး မန္တလေးမြို့မှ တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ထွက်ခွာပျံသန်း

**မန္တလေး မတ် ၃၀**

နေရောင်ခြည် စွမ်းအင်သုံး လေယာဉ် Solar Impulse-2 သည် ၎င်း၏ ကမ္ဘာပတ်ခရီးစဉ်ကို မတ် ၉ ရက်က စတင်ခဲ့ရာမှ မန္တလေးမြို့တွင် ၁၂ ရက်ကြာ ရပ်နားခဲ့ပြီး ယနေ့ နံနက် ၃ နာရီခွဲတွင် တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ ဆက်လက်ထွက်ခွာ ပျံသန်းသွားပြီ ဖြစ်သည်။

ခရီးစဉ်တစ်လျှောက် Solar Impulse-2 ကို လေယာဉ်တည်ဆောက်သူ အင်ဒရေဘော့စ်ဘာဂ်နှင့် တွဲဖက်တည်ဆောက်သူ ဘာထရန်ပစ်ကတ်တို့ တစ်လှည့်စီ ပျံသန်းမောင်းနှင်ခဲ့ကြကြောင်း သိရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့မှ စတင်ပျံသန်းခဲ့သည့် အဆိုပါလေယာဉ်သည် မူလခရီးစဉ်အတိုင်း အိုမန်နိုင်ငံ မတ်စကပ်မြို့၊ အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့နှင့် ဗာရာဏသီမြို့၊ မြန်မာနိုင်ငံ မန္တလေးမြို့၊ တရုတ်နိုင်ငံ ချုံကျင်းမြို့နှင့် နန်ကျင်းမြို့၊ အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်း၊ ဖီးနစ်မြို့နှင့် နယူးယောက်မြို့၊ ဥရောပတောင်ပိုင်း (သို့မဟုတ်) အာဖရိကမြောက်ပိုင်းမှတစ်ဆင့် ခရီးစဉ်စတင်ခဲ့သည့် အဘူဒါဘီမြို့၌ ကမ္ဘာတစ်ပတ်ခရီးစဉ် အဆုံးသတ်မည်ဖြစ်သည်။



Solar Impulse-2 လေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ လေယာဉ်မှူးတစ်ဦးက လက်ပြနှုတ်ဆက်စဉ်



မြန်မာနိုင်ငံ မန္တလေးအပြည်ပြည်ဆိုင်လေဆိပ်၌ ရပ်နားထားစဉ်အတွင်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်း၊ လာရောက်လေ့လာသူများ၏ မေးမြန်းမှုများအပေါ် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ရာ ပြည်သူများအထူးသဖြင့် ကျောင်းသားကျောင်းသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ သန့်ရှင်းသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ခြင်း နည်းပညာရပ်များနှင့် တီထွင်ဆန်းသစ်မှုများကို လေ့လာစူးစမ်းသိရှိခွင့်ရခဲ့ကြပြီး စွန့်ဦးတီထွင်လိုစိတ်များ ထက်သန်ဖြစ်ပေါ်စေခဲ့သည်။

အဆိုပါ လေယာဉ်မထွက်ခွာမီ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်(ဝဲပုံ)၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများက လေယာဉ်မှူး နှစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

Solar Impulse-2 လေယာဉ်သည် နေ့လယ်ပိုင်းအချိန်များတွင် နေရောင်ခြည် ဖမ်းယူရရှိရန် အမြင့်ပေ ၂၈၀၀၀ အထိ တက်ရောက်ပျံသန်းရသကဲ့သို့ ညအချိန် သမုဒ္ဒရာများအပေါ် ဖြတ်ကျော်ပျံသန်းရာတွင် အမြင့်ပေ ၅၀၀၀ အထိမှသာ ပျံသန်းရမည်ဖြစ်ပြီး ခရီးစဉ် ကီလိုမီတာ ၃၅၀၀၀ (မိုင် ၂၁၇၀၀)ကို ငါးလအတွင်း ပျံသန်းချိန် ၂၅ ရက်ဖြင့် ပျံသန်းရန် လျာထားသော်လည်း ရာသီဥတုပြောင်းလဲမှုအရ ဇူလိုင်လကုန် (သို့မဟုတ်) ဩဂုတ်လဆန်းမှ အဘူဒါဘီလေဆိပ်သို့ ပြန်လည်ဆင်းသက်ရောက်ရှိမည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံမှ တည်ဆောက်သော အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်သည် ရုပ်ကြွင်းလောင်စာဆီ အသုံးမပြုဘဲ မြန်မာနိုင်ငံမှ ဆက်လက်ထွက်ခွာသွားမှုနှင့်အတူ ကမ္ဘာကိုပတ်၍ပျံသန်းရန် သမိုင်းတွင်မည့် ပထမဆုံးကြိုးပမ်းချက် ခရီးစဉ်ကို စွန့်စားမှုများဖြင့် မှတ်ကျောက်တင်လိုက်ခြင်းပင်ဖြစ်သည်။

**(သတင်းစဉ်)**

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် တုတ်၊ ဓားလက်နက်ကိုင်ဆောင်မှုများမပြုလုပ်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှတားမြစ်

**မန္တလေး မတ် ၃၀**

၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရန်အတွက် မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲအနေဖြင့် ယာဉ်ကြောရှင်းလင်းမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် တုတ်၊ ဓားလက်နက်ကိုင်ဆောင်မှုများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အလွန်တင်းကျပ် တားမြစ်ထားပြီး စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးသူ၊ မန္တလေးသားတွေ အတာသင်္ကြန်ပွဲတော်ကာလမှာ ပျော်ရွှင်စွာ ရေကစားနိုင်စေဖို့အတွက် ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမှာပါ။ တပ်ဖွဲ့ဝင်တွေအားလုံးကိုလည်း ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေနဲ့ ပြည်သူလူထုအပေါ် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးဖို့ ပြောထားပါတယ်။ အခုချိန်မှာတော့ သင်္ကြန်ကာလမတိုင်မီမှာ သင်္ကြန်အတွင်း မူးယစ်သောက်စားပြီး အပျော်တွေမလွန်ကျူးဖို့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြဖို့အတွက် ပူးပေါင်းအဖွဲ့ဝင်တွေနဲ့အတူ မြို့နယ်တိုင်းမှာဟောပြောဆွေးနွေးမှုတွေ ဆောင်ရွက်နေပါတယ်။ နောက်ပြီး အချက်ပြမီးပွိုင့်တိုင်းမှာလည်း အသံချဲ့စက်တွေနဲ့ ပညာပေးဟောပြောမှုတွေကို ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့သင်္ကြန်ကာလအတွင်းမှာ ယာဉ်မတော်တဆမှုနဲ့ပတ်သက်လို့က အနည်းဆုံးနှစ်ဖြစ်ခဲ့ပါတယ်"ဟု အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲမှူးသိန်းကိုကိုက ပြောကြားသည်။

မဟာသင်္ကြန်ပွဲတော် ကာလအတွင်း မန္တလေးသူ၊ မန္တလေးသားများအနေဖြင့် မိမိတို့၏မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို နံပါတ်ပြားတပ်ဆင်အသုံးပြုမောင်းနှင်သွားရန်လိုကြောင်း၊ နိုင်ငံတကာအလံများ တပ်ဆင်ကိုင်ဆောင်ခြင်း၊ တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ခြင်းတို့ကိုလည်း မပြုလုပ်ရန်လိုကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်များအနေဖြင့် အိတ်ဇောပိုက်များဖြုတ်ခြင်း၊ လိုင်စင်မဲ့များ မောင်းနှင်ခြင်းနှင့် နံပါတ်ပြားများဖြုတ်၍ မောင်းနှင်ခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားပြီး စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။



ယမန်နှစ် မဟာသင်္ကြန်ကာလ၌ မန္တလေးမြို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ယခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့် မတူအောင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ အဓိကလူစည်ကားသည့် နေရာဖြစ်သော မန္တလေးနန်းမြို့ရိုး ကျုံးဘေးကားလမ်းတစ်လျှောက်၊ မန္တလေးကန်တော်ကြီးနှင့် ဦးပိန်တံတားတို့တွင် လုံခြုံရေးတိုးမြှင့်ချထားသွားမည်ဖြစ်ပြီး သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာ သောက်စားမှုနှင့် တုတ်၊ ဓားလက်နက်ကိုင်ဆောင်မှုများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အလွန်တင်းကျပ်တားမြစ်ထားပြီး စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

၂၀၁၃ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းတွင် ယာဉ်မတော်တဆမှု (၃၀)ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၁ ဦးရှိခဲ့ကာ ဒဏ်ရာရသူ ၆၆ ဦး အထိ ရှိခဲ့ကြောင်း၊၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းတွင် ယာဉ်မတော်တဆမှု သုံးမှုသာဖြစ်ပွားခဲ့ပြီး သေဆုံးသူမရှိခဲ့ဘဲ ဒဏ်ရာရသူ ၂၃ ဦးသာ ရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် နည်းပါးခဲ့သည့်အတွက် ယခုနှစ်သင်္ကြန်ကာလအတွင်းမှာလည်း ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရန် အများပြည်သူပူးပေါင်းပါဝင်သွားရန် လိုအပ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) DVB-T2 Transmitter(USD) 50 Sets

(ခ) Radio FM Transmitter(USD) 25 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၅-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလ ထက်ကျော်လွန်ပေးပို့သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်း၊ တံတား၊ ရေပေးရေး၊ နေရောင်ခြည်စွမ်းအင်၊ ကျေးလက်အိမ်ရာ၊ ကျေးလက်အိမ်သာလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၃-၃-၂၀၁၅ ရက်မှစ၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆေးရုံလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၃-၄-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဤရုံးသို့ပင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၇၀-၂၂၅၅၁၊ ၀၉-၈၆၃၆၄၄၃၊**
**၀၉-၆၅၀၀၁၄၅**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2A/9084, Toyota DYNA BU-67,LIGHT TRUCK(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းလတ် ၆/လလန(နိုင်)၀၉၅၅၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

ဓာတ်ပုံမှတ်တမ်း

# Solar Impulse-2 လေယာဉ် မြန်မာနိုင်ငံသို့ရောက်ရှိရပ်နားစဉ် မြင်ကွင်းပုံရိပ်မှတ်တမ်း






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Solar Impulse-2 လေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရပ်နားစဉ် မတ် ၂၀ ရက်က လာရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)




Solar Impulse-2 လေယာဉ် မတ် ၁၉ ရက် ညပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



Solar Impulse-2 လေယာဉ်မှူးများက မီဒီယာများအား လေယာဉ်ပျံသန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းစဉ်။



Solar Impulse-2 လေယာဉ်ကို လာရောက်လေ့လာကြသည့် ကျောင်းသားလူငယ်များအားတွေ့ရစဉ်။ (သတင်းစဉ်)




မတ် ၃၀ ရက် နံနက်က Solar Impulse-2 လေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်းပါး

# လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရင်း အသက်စွန့်သွားသူ မွန်မြတ်နှလုံးသားပိုင်ရှင် ကြက်ခြေနီတပ်ဖွဲ့ဝင်

ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းနှင့် နာရေးကူညီမှုအသင်းတို့တွင် တက်ကြွစွာ ဦးဆောင်ပါဝင်ပြီး အတ္တမဖက် ပရဟိတသက်သက် ဆောင်ရွက်ရသည့်ဘဝကို သူအတော်ကျေနပ်ပီတိဖြစ်နေမိ၏။

တပ်မတော်သားဘဝတွင် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ပြီး မဲသဝေါတိုက်ပွဲတွင် ခြေထောက်နှင့် တင်ပါးဒဏ်ရာ ရရှိခဲ့၍ တပ်မတော်မှ အငြိမ်းစားယူခဲ့သူ။

လူမှုရေးလုပ်ငန်းများဖြစ်သည့် သွေးလှူဒါန်းခြင်း၊ သွေးလှူရှင်ရှာဖွေပေးခြင်း၊ ဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် မြို့သူမြို့သားများနှင့် ဆက်ဆံရေး အထူးကောင်းမွန်ခဲ့သူ။ သူကား ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယအရာခံဗိုလ်အဆင့်ရှိသူ ဦးမိုးကျော်သန်း ဖြစ်သည်။

"သူက ပရဟိတလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အလွန်ကြိုးစားတယ်။ မနက်ဆို အစောကြီးရောက်လာပြီး ညမိုးချုပ်မှ ပြန်လေ့ရှိတယ်။ စိတ်မဆိုးတတ်ဘူး။ အများနဲ့ ကတောက်ကဆတ်ဖြစ်ရင်တောင်မှ ခဏရှောင်ထွက်သွားပြီး စိတ်ပြေမှ ပြန်လာလေ့ရှိတယ်။

သူနဲ့ပတ်သက်ပြီး မှတ်မှတ်သားသားဖြစ်မိတာက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလောက်က သူနဲ့ကျွန်တော် ရုံးမှာ ညဘက် အတူတူရှိနေကြတယ်။ အခြားသူတွေက အိပ်ပျော်နေကြတယ်။ ကွမ်းလုံမှာ လက်နက်ကိုင်တွေ အသွားအလာရှိတယ်။ အဲဒီအချိန်မှာ သူပြောတဲ့ စကားတစ်ခွန်းကို ကျွန်တော်အခုထိ မမေ့ဘူး။ သူက အခုအချိန်သာ တစ်ခုခုဖြစ်မယ်ဆိုရင် ကလေးတွေ (အခြားရုံးဝန်ထမ်းတွေ) အိပ်နေတဲ့အတွက် ငါတို့ပြေးနိုင်မှာ မဟုတ်ဘူး။ သူတို့ကို ဒီအတိုင်း မထားခဲ့နိုင်ဘူးလို့ ပြောတယ်ဗျာ။ ရဲဘော်ရဲဘက်စိတ်အပြည့်ရှိတဲ့ သူ့စိတ်ကလေးကို ကျွန်တော်ခန့်မှန်းမိခဲ့တယ်"ဟု သူနှင့် အနှစ် ၂၀ နီးပါး ရင်းနှီးခင်မင်ခဲ့သူ ကိုစိုးနိုင်မြင့်က ပြောသည်။

၁၉၇၀ ပြည့်နှစ် မတ်လ ၁၉ ရက်တွင် အဖ (ဦးအောင်ကြိုင်)-အမိ ဒေါ်သောင်းခင်(မူအုပ်/ငြိမ်း) တို့က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် မွေးဖွားခဲ့ခြင်းဖြစ်သော်လည်း ပဝတ္တိအရပ် ကွမ်းလုံမြို့သို့ လသားအရွယ်ကတည်းက ရောက်ရှိခဲ့သူ။ သူရောက်ရှိချိန်တွင် တပ်မတော်သမိုင်း၌ မော်ကွန်းတင်ခဲ့ရသည့် ကွမ်းလုံရက် ၄၀ တိုက်ပွဲကြီးကား အရှိန်ကောင်းနေဆဲ။

ကွမ်းလုံမြို့နှင့် ဦးမိုးကျော်သန်းကား ခွဲခြား၍ မရစကောင်း။ တပ်မတော်မှ အငြိမ်းစားယူပြီးနောက် ၂၀၀၀ ပြည့်နှစ်တွင် ကွမ်းလုံမြို့သူ ကချင်တိုင်းရင်းသူ မဂျုံးညွှယ်နှင့် အိမ်ထောင်ပြုခဲ့သည်။

မခင်ရတနာအောင်၊ မခင်အာဇာနည်ကျော်၊ မနှင်းသက်ရွှေစင်ထွန်းနှင့် မောင်ရဲထွဋ်ကျော်အပါအဝင် သားသမီးလေးဦးမွေးဖွားခဲ့၍ သံယောဇဉ်ကြီးတိုးခဲ့ပြန်သည်။

မိသားစုစီးပွားရေးအတွက် အရောင်းအဝယ်၊ လက်သမား၊ ပန်းရန် စသည့်လုပ်ငန်းများကို လုပ်ကိုင်ရင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း၌ ကြက်ခြေနီစေတနာလုပ်အားရှင်အဖြစ် ၁၉၉၉ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများကို တစ်ဖက်က ဆောင်ရွက်ခဲ့ပြန်သည်။

**၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ။** နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပြည်ထောင်စု၏ နယ်မြေဒေသကို



ဦးမိုးကျော်သန်းအား ဆေးကုသမှုခံယူစဉ်က တွေ့ရစဉ်။

ဓာတ်ပုံ-မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဖေ့စ်ဘွတ်ခ်

ကျူးကျော်ထိပါးလာသော ကိုးကန့်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက အသက်သွေးချွေးတို့ပေးဆပ်၍ တန်ပြန်ထိုးစစ်တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေဆဲကာလ။

ဦးမိုးကျော်သန်းသည် ကြက်ခြေနီစေတနာလုပ်အားရှင်တစ်ဦးပီပီ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ကာ ကိုးကန့်ဒေသတိုက်ပွဲရှောင်ပြည်သူများကို ကူညီပေးခဲ့သည်။

**၂၀၁၅ ဖေဖော်ဝါရီ ၁၇ ရက်။** လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများကို ကြက်ခြေနီအလံလွှင့်ထူထားသော မော်တော်ယာဉ်များဖြင့် သွားရောက်ကယ်ဆယ်စဉ် လောက်ကိုင်ခရိုင်၊ ပါစင်ကျော်နှင့် မာလီရှူးဝါးအကြား သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဦးမိုးကျော်သန်း၏ ဝမ်းဗိုက်တွင် သေနတ်ကျည်ဆန်ဒဏ်ရာရရှိသွားခဲ့သည်။ သူနှင့်အတူ ကြက်ခြေနီစေတနာလုပ်အားရှင် ကိုဇော်မင်းထိုက်လည်း မျက်စိတွင် ဒဏ်ရာရရှိခဲ့ပြန်သည်။

တာဝန်ရှိသူများက ဒဏ်ရာပြင်းထန်သူ ဦးမိုးကျော်သန်းကို ထိုနေ့မှာပင် ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ မတ် ၆ ရက်တွင် မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း ပြောင်းရွှေ့ကုသပေးခဲ့သည်။

သို့တစေ လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူ ၄၀၀၀ နီးပါးကို လောက်ကိုင်-ကွမ်းလုံ-လားရှိုးသို့ ပို့ဆောင်ကယ်ဆယ်ပေးခဲ့သူ ဦးမိုးကျော်သန်းတစ်ယောက် သူ့အသက်အန္တရာယ်ကိုတော့ သူမကယ်ဆယ်နိုင်တော့။ မတ် ၂၇ ရက်တွင် ရရှိထားသောဒဏ်ရာဖြင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့ရှာသည်။

သူချစ်သော ကွမ်းလုံမြေ၊ သူချစ်သော မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သူမြတ်နိုးသော ဇနီး၊ သားသမီးလေးဦး၊ မွေးစားသားသမီးသုံးဦးတို့ကို အသက် ၄၅ နှစ်အရွယ်မှာပင် နှုတ်ဆက်ခွဲခွာသွားခဲ့ရသည်။ ဦးမိုးကျော်သန်း၏ ကြွင်းကျန်သောရုပ်ကလာပ်ကို သူချစ်သော ကွမ်းလုံမြေ အောင်မင်္ဂလာကျေးရွာ၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

"ဦးမိုးကျော်သန်းရဲ့ လူမှုရေးစိတ်ဓာတ်က ချီးကျူးဖို့ကောင်းပါတယ်။ သူလို တပ်ဖွဲ့ဝင်တစ်ယောက် ဆုံးရှုံးသွားတဲ့အတွက် အများကြီးနှမြောဖို့ကောင်းပါတယ်" ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်ဒါရိုက်တာ ဦးခင်မောင်လှက မှတ်ချက်ပြုသည်။

ဦးမိုးကျော်သန်းကား ဤသို့ ဤနှယ် ဘဝတစ်ခုကို နိဂုံးကမ္ပတ် ချုပ်ငြိမ်းသွားခဲ့ရသော်လည်း သူ၏ လူမှုကရုဏာ လုပ်ငန်းဆောင်ရွက်ချက်များက နိဂုံးကမ္ပတ် ချုပ်ငြိမ်းမသွားခဲ့။ သူအသက်စွန့်ကြိုးပမ်းစွာ ဆောင်ရွက်ခဲ့သော မွန်မြတ်သည့် လူမှုကရုဏာလုပ်ငန်းကြောင့် ဦးမိုးကျော်သန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ အမြင့်ဆုံးဆုဖြစ်သော ဟင်နရီဒူးနန့်ဆုကို ရရှိနိုင်ရေးအတွက် အဆိုပြုလွှာတင်ပြထားကြောင်း သိရသည်။

"ဟင်နရီဒူးနန့်ဆုကို မတ်လ ၂၅ ရက်မှာ နောက်ဆုံးထားပြီး တင်ရမယ်ဆိုတာကြောင့် ဦးမိုးကျော်သန်းရဲ့ အဆိုပြုလွှာကို မတ်လ ၂၀ ရက်ကတည်းက တင်ထားတယ်။ ဖြစ်စဉ်နဲ့ပတ်သက်တဲ့ အသေးစိတ်အခြေအနေကိုလည်း အချိန်နဲ့တစ်ပြေးညီ တင်ပြပေးနေရတော့ အခု သူဆုံးသွားတာကိုလည်း အကြောင်းကြားပေးပြီးပါပြီ"ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒါရိုက်တာ ဒေါ်ခင်မျိုးမြတ်က ပြောသည်။

"ဟင်နရီဒူးနန့်ဆုကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ

**ခင်မောင်ထွေး၊ နန္ဒာဝင်း**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းတို့က ဖွဲ့စည်းထားသော ဆုရွေးချယ်ရေးကော်မရှင်သို့ နှစ်နှစ်လျှင်တစ်ကြိမ် တင်ပေးရကြောင်း၊ နိုင်ငံတကာက ပေးပို့သည့် အဆိုပြုလွှာများကို ရွေးချယ်ရခြင်းဖြစ်၍ ပုံမှန်အားဖြင့် အချိန်သုံးလေးလခန့်ကြာတယ်။ ဟင်နရီဒူးနန့်ဆုက အသက်စွန့်ပြီးတော့မှ၊ ထိခိုက်ဒဏ်ရာရမှ ချီးမြှင့်ပေးတာ မဟုတ်ပါဘူး။ လူသားတွေကို အကျိုးပြုမှုအပေါ် မူတည်ပြီးတော့ အဆင့်ဆင့်ရွေးချယ်တာပါ။ ရွေးချယ်တဲ့ မူတွေကလည်း သီးသန့်ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ အမြင့်ဆုံးဆုဖြစ်သော "ဟင်နရီဒူးနန့်ဆု"နှင့် မြန်မာနိုင်ငံက မစိမ်းလှ၊ မြစ်ကြီးနားမြို့ အခြေခံပညာအထက်တန်းကျောင်းသားကိုစိုင်းအောင်လှိုင်မြင့်သည် ၁၉၇၇ ခုနှစ်တွင် ကချင်ပြည်နယ်အတွင်း၌ တပ်မတော်မှ ထရပ်ကားတစ်စင်း မြစ်ထဲသို့ နစ်မြုပ်သွားစဉ် ယာဉ်မောင်းရဲဘော်၏ အသက်ကို သက်စွန့်ဆံဖျား ရေငုပ်ကယ်တင်ပေးခဲ့၍ ကမ္ဘာ့ကြက်ခြေနီဌာနချုပ်ရှိရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ပေးအပ်ချီးမြှင့်သည့် ဟင်နရီဒူးနန့်ဆုကို ရရှိခဲ့သည်။

ဟင်နရီဒူးနန့်ဆုမှာ ၁၈၅၉ ခုနှစ်တွင် ပြင်သစ်-အီတလီတပ်များနှင့် ဩစတြီးယားတပ်တို့အကြား ဖြစ်ပွားခဲ့သည့် စစ်ပွဲ၏အနိဋ္ဌာရုံများကို မျက်မြင်ကြုံတွေ့ခဲ့ရပြီး စစ်ပွဲတွင် ဒဏ်ရာရစစ်သည်များကို တတ်စွမ်းသမျှကူညီပြုစုစောင့်ရှောက်ပေးခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်ကို အစွဲပြု၍ ပေးအပ်ချီးမြှင့်သောဆုဖြစ်သည်။

"ဦးမိုးကျော်သန်း ဆေးရုံရောက်ရောက်ချင်းမှာပဲ အသင်းကြီးက သွားရောက်ပြီး လိုအပ်တဲ့ ဆေးဝါးတွေနဲ့ အသင်းပိုင်ရန်ပုံငွေကနေ ငွေကျပ်ငါးသိန်း ပံ့ပိုးပေးခဲ့ပါတယ်။ ဆေးကုသမှု ခံယူစဉ်တစ်လျှောက်လုံး ကုန်ကျစရိတ်အားလုံးကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက တာဝန်ယူမယ်လို့ ပြောထားပါတယ်။ သူမဆုံးခင် နှစ်ရက်အလိုမှာလည်း ငွေကျပ်ငါးသိန်း ထပ်မံထောက်ပံ့ပေးခဲ့တာကြောင့် လက်ရှိအချိန်မှာ ဆယ်သိန်း ထောက်ပံ့ပြီးဖြစ်သလို ကျန်ခဲ့တဲ့ သူ့မိသားစုအတွက်ကိုလည်း ငွေကျပ်သိန်းနှစ်ဆယ် ထပ်မံထောက်ပံ့ပေးဖို့ အစီအစဉ်ရှိပါတယ်" ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်ဒါရိုက်တာ ဦးခင်မောင်လှက ပြောသည်။

ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမာခံအင်အားများဖြစ်ကြသည်။ ၂၀၁၃ ခုနှစ်စာရင်းများအရ တစ်နိုင်ငံလုံးတွင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် အင်အား နှစ်သိန်းကျော်နှင့် ရာသက်ပန်အင်အား ၁ သိန်း ၃ သောင်းနီးပါးနှင့် စေတနာလုပ်အားရှင် အင်အား သုံးသိန်းကျော်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များနှင့် မြန်မာပြည်သူများ၏ နှလုံးအိမ်ဝယ်မှု ဟင်နရီဒူးနန့်ဆုရှင် ကိုစိုင်းအောင်လှိုင်မြင့်ကို သတိရမှုနှင့်အတူ လတ်တလော လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ရင်း အသက်စွန့်လွှတ်သွားခဲ့သူ ကြက်ခြေနီအသင်းဝင် ဦးမိုးကျော်သန်းကို ထာဝရအမှတ်ရနေကြဦးမည်သာ။



ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယအရာခံဗိုလ် ဦးမိုးကျော်သန်းကွယ်လွန်ခြင်း ဈာပနအခမ်းအနားတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဂုဏ်ပြုအလေးပြုစဉ်။

## မြန်မာ-ထိုင်းချစ်ကြည်ရေး ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**မြဝတီ မတ် ၃၀**

မြန်မာ-ထိုင်းချစ်ကြည်ရေး ဒေသထွက် ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အားကစားကွင်း၌ မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပကြောင်း သိရသည်။



မတ် ၂၉ ရက်က ကျင်းပသော ဈေးရောင်းပွဲတော်ဖွင့်ပွဲတွင် မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေး တိုးတက်စေရန်၊ နှစ်နိုင်ငံ ဒေသထွက်ကုန်များ အပြန်အလှန်ရောင်းဝယ်ပြီး ကုန်ပစ္စည်းများ ဖလှယ်ရန်၊ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်စေရန်၊ ခရီးသွားလာမှု လုပ်ငန်းမြင့်တင်ရန်နှင့် အလုပ်အကိုင်၊ အခွင့်အလမ်းများဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင် အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက် စကားပြောကြားပြီး ထိုင်းနိုင်ငံ ဝန်ကြီးများရုံး လက်ထောက်ဝန်ကြီး ဒေါက်တာ ချိုင်းရားရင်းဝိလိုင်းက အမှာစကားပြောကြားသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မြဝတီခရိုင်နှင့် ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်၊ ဥဒါန်းဌာနီခရိုင်နှင့် နကော့စဝန်ခရိုင်များမှ ဒေသခံကုန်ပစ္စည်းထုတ်လုပ်သူလုပ်ငန်းရှင်များက ဒေသတွင်းထွက်ကုန်ပစ္စည်းများဖြစ်သော လက်မှုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၁၂၀ ကျော်ဖြင့် ပြသရောင်းချခဲ့သည်။ ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ရက်အတွင်း ချစ်ကြည်ရေးပဒေသာကပွဲများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**

## ညောင်လေးပင်မြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ညောင်လေးပင် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဘိုင်းဒါးစံပြကျေးရွာ မင်္ဂလာသုခပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာဇောတ (မြို့နယ်သံဃနာယကဥက္ကဋ္ဌ)၏ စီစဉ်မှုဖြင့် (တတိယ)အကြိမ်မြောက် ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၈ နာရီက ဘိုင်းဒါးစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နာယကဆရာတော် ဘဒ္ဒန္တပညာဇောတက အမှာစကား မိန့်ကြားတော်မူပြီး သင်တန်းကာလအဆင်ပြေ ချောမွေ့ရေး၊ သင်တန်းထူးချွန်သူများ ဆုချီးမြှင့်ရေး၊ လုပ်ငန်းအဆင့်ဆင့်တို့နှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၁ရက်မှ ၂၉ ရက်အထိ ၉ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ (၁၃၈)

နိုင်ငံဘက်စုံတည်ဆောက်ရေး
မှန်မှန်ကန်ကန် အခွန်ပေး

ဆောင်းပါး

# သင်္ကြန်မဏ္ဍပ်များနှင့် လျှပ်စစ်အန္တရာယ်သတိပြုဖွယ်

**မောင်မောင်-လျှပ်စစ်**

ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်မှစ၍ လေးရက်တိုင်တိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာပြည်အနှံ့၊ တောင်ပေါ်၊ မြေပြန့်၊ အနယ်နယ်အရပ်ရပ်၊ တောရွာမြို့ပါ ပျော်ရွှင်စွာဆင်နွှဲတော့မည်ဖြစ်ရာ ကြိုတင် ပြင်ဆင်မှုများ စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာတို့၏ ၁၂လ ရာသီပွဲတော်များအနက် မဟာသင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာအကောင်းဆုံး ပွဲတော်ဖြစ်ပြီး မြန်မာပြည်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသာမက လူမျိုးဘာသာမရွေးအားလုံး ချစ်ကြည်ရင်းနှီးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပေသည်။

ထို့အပြင် မြန်မာနိုင်ငံသို့ တာဝန်ဖြင့် ရောက်ရှိနေကြသော နိုင်ငံအသီးသီးမှ သံတမန်များ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ကမ္ဘာလှည့်ခရီးသည်များပါ ရောက်တုန်းရောက်ခိုက် တာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ဝင်ရောက်ရေကစားလေ့ရှိပါသည်။

ထိုသို့ မြန်မာသက္ကရာဇ် အကူးအပြောင်း၊ နှစ်ဦးအစ သမယဝယ် အတိတ်ကောင်း၊ နိမိတ်ကောင်းများဖြင့် ကူးပြောင်းရာ၌ မြူးတူးပျော်ပါး ရေကစားကြသူများရှိသလို၊ ဘုရား၊တန်ဆောင်း၊ကျောင်းဇရပ်များ၌ ဥပုသ်သီလဆောက်တည်သူများ၊ သီလရှင်၊ ရဟန်းဝတ်သူများ၊ အလှူဒါနပြုသူများလည်း များပြားလှပါသည်။

သို့ရာတွင် တစ်ခါတစ်ရံ အပျော်လွန်ရာမှလည်းကောင်း၊ မတော်တဆဖြစ်၍ လည်းကောင်း၊ လုပ်မှားကိုင်မှားပြုမိ၍ လည်းကောင်း၊ အန္တရာယ်ဖြစ်ကြသည်ကို စိတ်မကောင်းစွာတွေ့မြင်ရပါသည်။

အဆိုပါ ဘေးအန္တရာယ်များအနက် စာရေးသူအလေးထား၍ ရေးသားလေ့ရှိသော ဓာတ်လိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ကြပါရန် သတိပေးရေးသားလိုပါသည်။

မဟာသင်္ကြန်ရက်အတွင်း ဓာတ်လိုက်မှုဖြစ်ပွားပါက ရေကစားနေချိန်ဖြစ်သဖြင့် အစိုဓာတ်ရှိနေ၍ ရေစိုနေသောလူများ၊ မဏ္ဍပ်အတွင်း ရေစိုနေသော အခင်းအကျင်းများ၊ သင်္ကြန်ရေတို့ကြောင့် ရေစိုနေသော၊ ရေစီးနေသော၊ ရေဝပ်နေသော မြေပြင် စသည်တို့ကိုပါ လျှပ်စီးကြောင်း ဖြတ်သန်းနိုင်သဖြင့် အတိုင်းအဆမရှိ ဓာတ်လိုက်ကြပေရော့မည်။

သို့ဖြစ်၍ "ကာကွယ်ခြင်းသည် ကုသခြင်းထက်" ပိုမိုထိရောက်သည်ဟူသော ကျန်းမာရေးဌာန၏ ဆောင်ပုဒ်အတိုင်း မဟာသင်္ကြန်ရက်အတွင်း ရေကစားရင်းဖြစ်စေ၊ မဏ္ဍပ်များ၌ဖြစ်စေ၊ ဓာတ်လိုက်မှုအန္တရာယ်အပါအဝင် လျှပ်စစ်အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူတို့က ကြပ်မတ်၊ စစ်ဆေး၊ အလေးထားရန် လိုအပ်ပါသည်။

**မီးခလုတ်၊ မီးခေါင်း၊ မီးပလပ်ပေါက်များကို ရေလွတ်ရာ မဏ္ဍပ်အတွင်းပိုင်း၌ တပ်ဆင်ခြင်းဖြင့် လျှပ်စစ်အန္တရာယ် (ဝါ) ဓာတ်လိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်ပါ။**

မဟာသင်္ကြန် မဏ္ဍပ်များ၌ လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် အလှူမဏ္ဍပ်များနှင့် လုံးဝမတူပါ။ အလှူမဏ္ဍပ်များထက် အဆပေါင်းများစွာ လျှပ်စစ်ဓာတ်အားကို အသုံးပြုကြရသည်။ ထိုသို့ လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကိုလည်း အသုံးပြုသည့် "ဝန်အား" နှင့် လိုက်လျောညီထွေ တပ်ဆင်သုံးစွဲကြရန် လိုအပ်ပေသည်။

သင်္ကြန်ကာလ၌ ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးနှင့် ဆုပေးမဏ္ဍပ်များကို ဝန်ကြီးဌာနများ၊ လုပ်ငန်းဌာနများ၊ ကုမ္ပဏီများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များ၊ အစုအဖွဲ့များ၊ မိသားစုများအလိုက် အသီးသီး၊ အသက အသက အပြိုင်အဆိုင် ဆောက်လုပ်ကြပြီးလျှင် မဏ္ဍပ်များ၌ အလင်းရောင်အတွက်သာမက မဏ္ဍပ် အလှဆင်မီးများ၊ ရောင်စုံမီးဆလိုက်များ၊ ပန်ကာနှင့်လေအေးပေးစက်များ၊ ရေစုပ်စက်များ၊ ရေမော်တာများ၊ အသံချဲ့စက်များ၊ ချက်ပြုတ်ရေးအတွက်လျှပ်စစ်မီးဖိုများ စသည်ဖြင့် လျှပ်စစ်ဓာတ်အား အများအပြား တပ်ဆင်သုံးစွဲကြမည်ဖြစ်သည်။

သို့ဖြစ်ရာ မဏ္ဍပ်များ၌ လျှပ်စစ်ဓာတ်အား "ဝပ်" မည်ရွေ့မည်မျှ သုံးမည်ဆိုသည်ကို ပိုပိုသာသာ ကြိုတင်တွက်ချက်၍ သုံးစွဲမည့် "ဝန်အား" ကို နိုင်နင်းပြီး အရည်အသွေးပြည့်မီ ကောင်းမွန်သော စိတ်ချရသော လျှပ်စစ်မီးကြိုးနှင့် မီးခလုတ်ဘရိတ်ကာ၊ ဖျူ(စ်) ခေါ် ဒဏ်ခံကြိုးတို့ကို ရွေးချယ်တပ်ဆင်ရန် လိုအပ်ပါသည်။ ဈေးပေါ၍ အဆင့်မမီသော၊ အရည်အသွေးညံ့သော ပစ္စည်းများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ။ ပွင့်လင်းမြင်သာစွာ ရေးရပါက "ငွေ" နှင့် "လျှပ်စစ်အန္တရာယ်" မလဲပါနှင့်။ "ဝန်အားမမျှ မသုံးရ" ဟူသော မြန်မာ့လျှပ်စစ်ဓာတ်အား၏ သတိပေးချက်ကို လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်း အစဉ်အမြဲ သတိထားလိုက်နာရန် လိုအပ်ပေသည်။

မဏ္ဍပ်အသီးသီး၌ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ တပ်ဆင်ရာ၌ "လျှပ်စစ်ကျွမ်းကျင်မှု လက်မှတ်ရ" မှတ်ပုံတင် လုပ်သားများကိုသာ တာဝန်ပေးအပ်သင့်ပါသည်။ မတတ်ကျွမ်းသူများကြောင့် လျှပ်စစ်အန္တရာယ်အမျိုးမျိုး ဖြစ်တတ်ပါသည်။ ဖြစ်လည်း ဖြစ်ခဲ့ပါသည်။

မဏ္ဍပ်များ၌ လျှပ်စစ်ဓာတ်အား တပ်ဆင် ဆက်သွယ်သူများကလည်း ကွဲအက်နေသော မီးခေါင်း၊ မီးခလုတ်အမျိုးမျိုးနှင့် ဟောင်းနွမ်း ဆွေးမြည့် ပေါက်ပြဲနေသော ဝိုင်ယာများ၊ လျှပ်စီးကြောင်း အပူဒဏ်ခံရဖန်များ၍ ဆွေးမြည့်သော ဝိုင်ယာများကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်ပါသည်။

ထို့အတူ မီးခလုတ်၊ မီးခေါင်း၊ မီးပလပ်ပေါက်များကို ရေလွတ်ရာ မဏ္ဍပ်အတွင်းပိုင်း၌ တပ်ဆင်ခြင်းဖြင့် လျှပ်စစ်အန္တရာယ်(ဝါ) ဓာတ်လိုက်မှု အန္တရာယ်ကို ကြိုတင်ကာကွယ်ပါ။

သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ရာ၌ များသောအားဖြင့် မဏ္ဍပ်များသည် ဗို့အားများသော ကောင်းကင် ဓာတ်အားလိုင်းအောက်၊ ကောင်းကင်ဓာတ်အားလိုင်း အနီးတို့၌ရှိတတ်ရာ စတင်ဆောက်လုပ်ချိန်မှစ၍ မတော်တဆ ကောင်းကင် ဓာတ်ကြိုးများနှင့် ထိခိုက်မှုအပါအဝင် လျှပ်စစ်အန္တရာယ်(ဝါ) ဓာတ်လိုက်မှုအန္တရာယ်များ ဖြစ်ပေါ်တတ်သဖြင့် ကောင်းကင် ဓာတ်အားလိုင်းနှင့် လွတ်အောင် မဏ္ဍပ်များကိုချင့်ချိန်၍ ဆောက်လုပ်သင့်ပါသည်။

ထို့အပြင် သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ရာ၌ သက်ဆိုင်ရာမြို့နယ် အင်ဂျင်နီယာရုံးများသို့ ကြိုတင်ဆက်သွယ် ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်း အသိပေးလိုပါသည်။

အချုပ်ဆိုရပါမူ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် လျှပ်စစ်အန္တရာယ်နှင့် ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစွာဖြင့် နှစ်သစ်သို့ ပျော်ရွှင်ကြည်နူး ဘေးအန္တရာယ်ကင်းရှင်းစွာ ကူးပြောင်းနိုင်ကြပါစေကြောင်း မေတ္တာရေလောင်း၍ ဆုတောင်းလိုက်ရပါတော့သည်။

## သမိုင်းဝင်မယ်ဒက်ကယ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရေတာရှည် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ထင်ရှားသည့်သမိုင်းဝင်မယ်ဒက်ကယ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တန်ခူးလဆန်း ၆ ရက်မှ လပြည့်နေ့အထိ ၁၀ ရက်တိုင်တိုင် စတင်ကျင်းပလျက်ရှိသည်။ ရေတာရှည်မြို့မြောက်ဘက်အထွက် ညောင်ပင်သာကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမှတစ်ဆင့် အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ အောင်ချမ်းသာကျေးရွာအနီးတွင်တည်ရှိသော မယ်ဒက်ကယ်ဘုရားပွဲတော်သည် ရှေးမူမပျက် နွားလှည်းများဖြင့် ဆူသံတညံညံဖြင့် ညပိုင်းဆိုလျှင် အပြိုင်အဆိုင် မောင်းနှင်ကာ ပျော်ပျော်ပါးပါးဖြင့် ယနေ့တိုင်သွားကြစမြဲဖြစ်သည်။

"ဆိုင်ကယ်တွေ၊ ကားတွေနဲ့သွားတာထက် နွားလှည်းနဲ့သွားရတာ ပိုပျော်တယ်။ ညပိုင်းကတည်းက နွားစာတွေကိုလှည်းပေါ်မှာခင်း အပေါ်ကဖျာခင်းပြီး မိသားစုအလိုက် နံနက် ၄ နာရီလောက်ဆို ဘုရားကိုမောင်းကြတာ ခုလည်း အဲဒီလိုပဲသွားကြမှာ" ဟု ဒေသခံတစ်ဦးကပြောသည်။ အဆိုပါ ပွဲတော်ကြီးတွင် ဇာတ်ပွဲ၊ လက်ဝှေ့ပွဲများပါဝင်သည့်အပြင် အခြားသော ကြည့်ချင်ပွဲများလည်း ပါဝင်သည်။ ဈေးဆိုင်များရောင်းချရာ၌ ကျောက်ပျဉ်၊ သနပ်ခါးတုံး၊ သင်ဖြူးဖျာများ၊ အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများမှာ အရောင်းရဆုံးဖြစ်ကြောင်း သိရပြီး တန်ခူးလဆန်း ၁၂ ရက်မှ လပြည့်နေ့များတွင် အစည်ကားဆုံးဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သင်္ကြန်ကာလ မူးခင်းကျဆင်းရေး အကြိုဟောပြော

**မန္တလေး မတ် ၃၀**

သင်္ကြန်ပွဲတော်အကြိုကာလ မူးခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် မရမ်းခြံရပ် ဖောင်တော်ဦးမြတ်စွာဘုရား ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အောင်မြေသာစံမြို့နယ်မှူး ရဲမှူးကိုကိုလတ်က မူးခင်းကြိုတင်ကာကွယ်ရေးနှင့် အဖျက်အမှောင့်လုပ်ဆောင်မည့်သူများ မရှိစေရေးအတွက် ပြည်သူများပူးပေါင်းပါဝင်ရေး၊ အမှတ်(၅) ရဲစခန်း စခန်းမှူး ဒုတိယရဲမှူး အောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေးမြောက်ပိုင်းမှ ရဲအုပ်မျိုးဝင်းအောင်က မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးရေး၊ စိတ်ကြွဆေးဝါးများ ရောင်းချမှုမရှိစေရေး ရှင်းလင်းပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

လမ်းမတော်လမ်း သံဈေးရှေ့ လမ်းဘေးဝဲယာတစ်လျှောက် အမှိုက်များကို မတ် ၂၈ ရက်က လူထုလူတန်းစား အဖွဲ့အစည်းများမှ ကောက်ယူသိမ်းဆည်းရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ပါဝင်အားပေး ဆောင်ရွက်နေသည်ကို မြင်တွေ့ရစဉ်။

ခင်ဆိုင်



## သင်္ကြန်အကြိုကာလအတွင်း စိတ်ကြွဆေးပြားများ မရောင်းချရေး ဆွေးနွေး

**ဖန်းမော် မတ် ၃၀**

ကချင်ပြည်နယ် ဖန်းမော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် စတုတ္ထပတ်က ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်သက်ထွန်းက သင်္ကြန်အကြိုကာလဖြစ်သည့်အလျောက် စိတ်ကြွဆေးပြားများရောင်းချနိုင်သည့် ဆေးဆိုင်၊ လမ်းဘေးဆေးဆိုင်များတွင် ရောင်းချမှုမရှိစေရေး၊ အဖျက်အမှောင့်လုပ်ငန်းများမရှိစေရေး၊ တရားခံပြေးများဖမ်းဆီးရမိရေးတို့အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဇီးကုန်း-သစ်နဖား ကတ္တရာလမ်းသစ်ဖွင့်

**ဇီးကုန်း မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်းရှိ အရှည်ခြောက်မိုင်လေးဖာလုံရှိသော ဇီးကုန်း-သစ်နဖားကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က သစ်နဖားကျေးရွာ လယ်ပြင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း တက်ရောက် ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သော လမ်းအပိုင်းသည် ဇီးကုန်းမြို့နယ်နှင့် အနောက်ဘက်ကို ဆက်သွယ်ပေးသော အဓိကလမ်းမကြီးဖြစ်ပြီး ယခင်အင်္ဂလိပ်အစိုးရလက်ထက် ဒီစတြိတ်ကောင်စီလမ်းအဖြစ် လူသိများခဲ့ကြောင်း၊ ခေတ်အဆက်ဆက် အသုံးပြုလာခဲ့သော လမ်းမကြီးဖြစ်သော်လည်း ပြင်ဆင်မှု အားနည်း၍ ပျက်စီးခဲ့ရကြောင်း၊ ပြည်သူအများသွားလာရေးအဆင်ပြေ လွယ်ကူလာခဲ့ပြီဖြစ်ကြောင်း၊ လမ်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံ ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထွန်းထွန်း(ဇီးကုန်း)**

ပြည်တွင်းသတင်း



# အင်းလေးကန် နန်းစစ်ကန်များအား ထိန်းသိမ်း

**ညောင်ရွှေ မတ် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနက မြို့အဝင်ရှိ သာစည်၊ နဒီကန်များ ရေစီးရေလာကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မိုးရာသီမှ ရေစီးဝင်တတ်သော သာစည်၊ နဒီကန်များတွင် ယခင်နှစ်များက ရေတံခါးများ ပျက်စီးယိုယွင်းနေသဖြင့် ယခုနှစ် ဇန်နဝါရီလမှစ၍ ရေတံခါးများ အသစ်တစ်ဖန် ပြန်လည်ပြုပြင်ပေး ခဲ့သည်။

ရေတံခါးများပြုပြင်ပေးနိုင်သဖြင့် ကန်များတွင်ရေကို သိုလှောင် ထားနိုင်ပြီး အဆိုပါကန်များ၏အနောက်ဘက်ခြမ်းရှိ လယ်ယာမြေ များသို့ ရေများလိုအပ်သလို ပေးဝေ နိုင်ခြင်းကြောင့် နွေစပါးများပိုမို အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခင်နှစ်များထက် ကန်များအတွင်း ရေကိုထိန်းသိမ်းလာနိုင်သဖြင့် မြို့အဝင်၌ လှပသာယာစိုပြည်လျက်ရှိကြောင်း သိရသည်။

(ဝ၅၄)

# ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**ညောင်လေးပင် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ဇီးကုန်းကြီး-ကျားချောင်း-ဇီးဖြူခင်- ကျဘန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းသစ် ထိပ် မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်က ကျောက်ချောလမ်းသစ် ဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျောက်ချောလမ်းသစ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်၊ ပဲခူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သီဟတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျောက်ချောလမ်းသစ်သည် အရှည် နှစ်မိုင် လေးဖာလုံ၊ အကျယ် ၁၀ ပေရှိကာ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၁၃၀ ကုန်ကျခံကာ ဖောက်လုပ်ခဲ့ကြောင်း သိရပြီး ၎င်းလမ်းကောင်းမွန်သွားသည့်အတွက် ယင်းလမ်းမှနေ၍ ၄က်ပျောတော၊ လက်ပံဘုအရှေ့၊ ဇီးကုန်းကြီး၊ ကျားချောင်း၊ ဇီးဖြူခင်၊ ကျဘန်း၊ ဇလုပ်ကုန်းကျေးရွာများသို့ ရာသီမရွေးသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

(၁၃၈)



# လျှပ်စစ်မီးအပြည့်အဝရရှိပြီး အန္တရာယ်ကင်းစေရေးဆောင်ရွက်

**ညောင်တုန်း မတ် ၃၀**

ညောင်တုန်းမြို့ရှိ ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ် ကင်းဝေးရေး၊ လျှပ်စစ်မီးအပြည့်အဝ အသုံးပြုနိုင်ရေးတို့အတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော် နှင့် ဝန်ထမ်းများသည် မြို့ပေါ် ရပ်ကွက်များတွင် လျှပ်စစ်မီးကြိုး၊ မီးတိုင်များနှင့် မလွတ်ကင်းသော သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ ဟောင်းနွမ်းနေသော သစ်သားဓာတ်မီးတိုင်များအစား ကွန်ကရစ်မီးတိုင်ကြီးများဖြင့် အစားထိုးလဲလှယ်ခြင်း၊ လျှပ်စစ်မီးကြိုးအသစ်များ လဲလှယ်တပ်ဆင်ပေးခြင်း၊ လမ်းမီးများတပ်ဆင်ပေးခြင်း၊ ရပ်ကွက်တိုင်းတွင် မီးအားပိုမိုကောင်းမွန်စေရေးအတွက် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပညာပေးဗီနိုင်းပိုစတာများကိုလည်း ရပ်ကွက်တိုင်းရှိ ထင်သာမြင်သာသောနေရာများတွင် ချိတ်ဆွဲထားကြောင်း သိရသည်။

(ဝ၈၂)



# ရှေးဟောင်းစေတီနှင့် နဂါးရုပ်တု အုတ်ဖုတ်ရန် မြေတူးစဉ်တွေ့ရှိ

**နတ်တလင်း မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သရက်တစ်ပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးသည် ခုံးတံတားဆောက်လုပ်ရေးအတွက် အုတ်ဖုတ်ရန် မိမိ၏ခြံဝင်းအတွင်း မြေတူးစဉ် ရှေးဟောင်းစေတီတစ်ဆူနှင့် နဂါးရုပ်တွေ့ရှိသဖြင့် သက်ဆိုင်ရာကို အသိပေးအကြောင်းကြားတင်ပြရာ ပြည်မြို့မှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနသင်တန်းကျောင်းဦးစီးအရာရှိနှင့် နည်းပြတို့လာရောက်ကြည့်ရှုကြပြီး စစ်ဆေးရာ စေတီမှာ ၁၉ ရာစု ကိုလိုနီခေတ်က တည်ထားကိုးကွယ်ခဲ့သော စေတီတစ်ဆူဖြစ်ကြောင်း သိရသည်။

ယင်းစေတီမှာ ကိုးတောင်ပြည့်စေတီဖြစ်ပြီး နဂါးရုပ်တုမှာ အုတ်အလွှာ ၁၆ လွှာ နှင့်အုတ်တစ်တန်းအထူမှာ ဝ ဒသမ ၈ဝ မီလီမီတာရှိ၍ အုတ်ပေါက် တြိဂံပုံက ဝ ဒသမ ၅ဝ မီလီမီတာရှိသည်။ မြေပြင်မှ စေတီပစ္စယံမှာ ၁ဒသမ ၂ မီလီမီတာ၊ နဂါးကိုယ်ထည်မှ မြေပြင်အထိ ၁ ဒသမ ၇မီလီမီတာ ကွာပြီး အုတ်ချပ်မှာ အလျား ၁၁ လက်မ၊ အနံ ၅ ဒသမ ၂ လက်မ၊ ထု ၁ ဒသမ ၇ လက်မရှိသည်။

မတ် ၂၈ ရက်တွင် ၎င်းစေတီပတ်လည်ကို ဆက်လက်တူးဖော်ရာငွေဖြင့် သွန်းလောင်းပြုလုပ်ထားသော ဘုရားဆင်းတုတော်နှစ်ဆူ၊ ခေါင်းလောင်းတစ်လုံး၊ သစ်မြစ်မှ လက်ဝါးပုံသဏ္ဌာန်ဖြစ်ပေါ်နေသော ပစ္စည်းတစ်ခု၊ ခြသေ့်ရုပ်တုတစ်ခု၊ နဂါးအုတ်ရိုးနှစ်ခုတို့အား ထပ်မံတွေ့ရှိရ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများဖြင့် စည်ကားနေကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# မူးယစ်ဆေးဝါးများကို အခကြေးငွေဖြင့် သယ်ဆောင်လာစဉ် ဖမ်းမိ

**နောင်ချို မတ် ၃၀**

အမှတ်(၂၄) မူးယစ်တားဆီး နှိမ်နင်းရေးတပ်ဖွဲ့စု (၂၄) လားရှိုး၊ နောင်ချို လှုပ်ရှားဆွယ်မှ ဒုရဲအုပ်နိုင်စိုးဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မတ် ၂၇ ရက် ညနေ ၃ နာရီခွဲခန့်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်နေစဉ် သီပေါမြို့မှ နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာဘက်သို့ စိုင်းမောင်သွင် မောင်းနှင်လာသည့် Kenbo -125 အမျိုးအစား အနက်ရောင်ဆိုင်ကယ် (နံပါတ်မပါ)ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ထိုင်ခုံအောက်တူးဘောက်အတွင်းသို့ဝှက်ထည့်သွင်းထားသော ပလတ်စတစ်အိတ်အတွင်းမှ အဝါရောင်တိပ်ဖြင့်ပတ်လျက် ဘိန်းစိမ်းအမည်းရောင် အစေး ၁ ဒသမ ၆၃၃ ကီလိုဂရမ်ခန့်ပါ တစ်ထုပ်၊ ၁ ဒသမ ၁၄၃ ကီလိုဂရမ်ခန့်ပါ တစ်ထုပ် စုစုပေါင်း နှစ်ထုပ် အလေးချိန် ၂ ဒသမ ၇၇၆ ကီလိုဂရမ်ခန့်နှင့် အနက်ရောင်ကြွပ်ကြွပ်အိတ် အပိုင်းအစဖြင့် ထုပ်လျက် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်အတွင်းမှ WY စာတန်း ပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ်၊ ၁၄၀ ပြားပါ တစ်ထုပ် စုစုပေါင်း သုံးထုပ်၊ ၅၄၀ ပြား၊ အလေးချိန် ၅၄ ဂရမ်ခန့် ကို သက်သေများနှင့်အတူ သိမ်း ဆည်းရမိသည်။

စိုင်းမောင်သွင်ကို စစ်ဆေးမေးမြန်းရာ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ သီပေါမြို့နယ် မိုင်းခေးကျေးရွာအုပ်စု လွယ်ခေးကျေးရွာနေ မနန်းရွှေသောင်းက သယ်ဆောင်ခ ငွေကျပ် သုံးသိန်းဖြင့် နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာအထွက် ဟိုခိုကျေးရွာသွားလမ်းကြားတွင် ကိုယ်တိုင်စောင့်ဆိုင်းယူမည်ဟုပြောသည်။ အဆိုပါ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ စိုင်းမောင်သွင် အသက်(၃၄)နှစ် လွယ်ခေးကျေးရွာ မိုင်းခေးအုပ်စု သီပေါမြို့နယ်နေထိုင်သူနှင့် မူးယစ်ဆေးဝါးများအား သယ်ဆောင်ခိုင်းသူ မနန်းရွှေသောင်း (၅၀)နှစ် လွယ်ခေးကျေးရွာ မိုင်းခေး ကျေးရွာအုပ်စု သီပေါမြို့နယ်နေထိုင်သူ (စုံစမ်းဆဲ)ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၁)

# လေဘေးသင့် ကျေးရွာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**တပ်ကုန်း မတ် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မတ် ၂၅ ရက်ညနေ ၅ နာရီ ၁၅ မိနစ်က အခါမဟုတ်မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သဖန်းချောင်းကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၊ ဉသျှစ်ကုန်းကျေးရွာ၊ ကန်းနီကျေးရွာနှင့် လယ်ဇပင်ကျေးရွာအုပ်စု၊ ဖက်သန်းတောင်စသည့် ကျေးရွာများရှိ လူနေအိမ်များ၊ ဘုန်းတော်ကြီးသင်ကျောင်းနှင့်စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ရာ ယင်းပျက်စီးမှုများအမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့အထိ လှူဒါန်းငွေကျပ် ၁၈၅၀၀၀၀ ဖြင့်သဖန်းချောင်းကျေးရွာအုပ်စုတွင် သွပ် ၈၇၈ ချပ်၊ လယ်ဇပင်ကျေးရွာအုပ်စုတွင် သွပ် ၉၅ ချပ်စုစုပေါင်း သွပ် ၉၇၃ ချပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၁၇)

# မှူခင်းကျဆင်းရေး ဆွေးနွေး

**စစ်တွေ မတ် ၃၀**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူများဘေး အန္တရာယ်ကင်းရှင်းပြီး စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေးနှင့် မှုခင်းလျော့နည်း ကျဆင်းရေးအတွက် ဆွေးနွေးပွဲအခမ်းအနားကို မတ် ၂၆ ရက်က စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပသည်။

**ဇော်နိုင်ထွန်း(iprd)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## တပ်မတော်နေ့အထိမ်းအမှတ် လျှပ်စစ်ဓာတ်အားခွဲရုံသစ်နှစ်ခုဖွင့်

**ဆိပ်ဖြူ မတ် ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နှစ်(၇၀)ပြည့်အထိမ်းအမှတ် (11/0.4)KV(200) KVAလျှပ်စစ်ဓာတ်အားခွဲရုံသစ်ဖွင့်ပွဲအခမ်းအနားကို အလယ်ပိုင်းရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်တို့တွင် မတ် ၂၇ ရက်က ကျင်းပသည်။

အဆိုပါလျှပ်စစ်ဓာတ်အားခွဲရုံသစ်နှစ်ခုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရယူသုံးစွဲနိုင်ရေးအတွက် အလယ်ပိုင်းရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်များတွင်(11/0.4)KV(200)KVA ခွဲရုံနှစ်ခုကို တိုးချဲ့တပ်ဆင်ပေးခဲ့ကြောင်းသိရှိရပြီး လျှပ်စစ်ဓာတ်အားခွဲရုံတပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာကကြီးကြပ်၍ သုဟန်စည်ကုမ္ပဏီမှ တာဝန်ယူ၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

## အင်တိုင်းကျေးရွာသို့ ထင်းများဝေငှပေး

**ရမည်းသင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မတ် ၂၄ ရက်က အင်တိုင်းကျေးရွာကို ထင်းများဝေငှခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရမည်းသင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသန်း၊ မြို့နယ်ဦးစီးအရာရှိ ဦးမောင်မောင်အေး၊ အင်တိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ရွာသူရွာသားများ တက်ရောက်ကြသည်။

ရမည်းသင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် သဘာဝတောထိန်းလုပ်ငန်းစဉ်ရှစ်ရပ်မှတစ်ခုဖြစ်သော ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀ ပြုလုပ်ရာမှ ထွက်ရှိလာသော ထင်း ၁၁ ဒသမ ၄၀၄၈ တန်ကို ရမည်းသင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသန်း၊ ဦးစီးအရာရှိ ဦးမောင်မောင်အေးနှင့် ဝန်ထမ်းများသည် အင်တိုင်းကျေးရွာရှိ အိမ်ထောင်စု ၅၀ စုကို တစ်အိမ်ထောင်လျှင် ၀ ဒသမ ၂၂၈ တန်နှုန်းဖြင့် ထင်းအခမဲ့ဝေငှ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ပြင်ဦးလွင်မြို့တည်နှစ်တွင် စိုက်ပျိုးခဲ့သည့်သစ်ပင်ကြီးများ အလွန်ရှားပါးလာ

ပြင်ဦးလွင် မတ် ၃၀

**ပြင်ဦးလွင်ကို ၁၈၉၆ ခုနှစ်တွင် စတင် မြို့တည်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၁၂၀ ပြည့်မြောက် တော့မည်ဖြစ်သည်။ မြို့တည်စကတည်းက ဒေသနှင့်ကိုက်ညီသော သစ်ပင်၊ ပန်းပင်များကို အင်္ဂလန်မှ မှာယူ၍ စိုက်ပျိုးခဲ့ကြသည်။**



မြို့အဝင်လမ်းမကြီးတစ်လျှောက် ယူကလစ်ပင်များ၊ ခါတော်မီ(ခေါ်) ပင်လယ်အုန်းပင်များ၊ မြို့တွင်း မြို့ပြင်များတွင် ထင်းရှူးပင်များ စနစ်တကျ အစီအရီ စိုက်ပျိုးခဲ့ကြသည်။ ထို့ကြောင့် ပြင်ဦးလွင်မြို့သို့ စတင်ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် ထင်းရှူးရနံ့၊ ယူကလစ်ရနံ့ သင်းပျံ့ပျံ့တို့ကို လာရောက်လာသူတိုင်း သတိထားခံစားမိခဲ့ကြသည်။

အမိုက်သရိုက်ကင်းစင်ပြီး သန့်ရှင်းမည်းမှောင်တောက်ပြောင်လျက်ရှိသည့် ကတ္တရာလမ်းပေါ်တွင် ထူးခြားလှပသည့် မြင်းရထားသံတခွပ်ခွပ်၊ တချွမ်ချွမ်တို့နှင့် အတူ လမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများ၏ လေတိုက်လိုက်တိုင်း ဘယ်ညာယိမ်းနွဲ့ လှုပ်ရှားသံတို့မှာ နွေရာသီနေရောင်ခြည်နှင့် ယှဉ်တွဲလျက် မိုးရာသီမိုးစက်တို့နှင့် အတူ ဆောင်းရာသီနှင်းပွင့်တို့နှင့် လိုက်ဖက်စွာ နှစ်ပေါင်းများစွာ တူယှဉ်မခွဲရှိခဲ့ကြသည်။ လှပသန့်ရှင်းသည့် လမ်းမကြီးများကိုလည်း ယူကလစ်နှင့် ခါတော်မီပင်ကြီးများက ထပ်ဆင့်၍ အလှတိုးအောင် ဖန်တီးပေးနိုင်ခဲ့ကြသည်။

ထို့အတူ ဥရောပဆန်ဆန် မီးခိုးခေါင်းတိုင်ကြီးများနှင့် လှပဆန်းကြယ် သေသပ်သည့် ပုံစံတူ အိမ်ခြံဝင်းကျယ်ကြီးများအထဲတွင် မြင့်မြင့်မားမားမတ်မတ် တည်ရှိနေသည့် ထင်းရှူးနှင့် ချယ်ရီပင်တို့မှာလည်း ရောက်လာသူအပေါင်းကို ရင်သပ်ရှုမောရလောက်အောင် ပင်ကိုအလှတို့အား ပြသခွင့်ရရှိခဲ့ကြသည်။

သို့သော်လည်း ထိုကဲ့သို့သော သစ်ပင်ကြီးများမှာ နှစ်ကာလကြာမြင့်၍ လည်းကောင်း၊ ဆိုးရွားလာသော ရာသီဥတုဒဏ်များကို ကြံ့ကြံ့မခံနိုင်တော့၍ သော်လည်းကောင်း၊ တိုးတက်များပြားလာသော လူဦးရေနှင့် တိုက်တာနေအိမ်တို့၏ ချဲ့ထွင်ရမှုတို့ကြောင့် လည်းကောင်း၊ တစ်စတစ်စကွယ်ပျောက် လျော့နည်းလာခဲ့ရသည်မှာ ယခုဆိုလျှင် မြို့အဝင်၌ ယူကလစ်ပင် ခြောက်ပင် သာစီတန်း၍ ကျန်ရှိနေပေတော့သည်။ အခြားသော အိမ်ခြံဝင်းများမှ အပင်ကြီးများသည်လည်း ပျောက်ခြင်းမလှ ကွယ်ပျောက်ကုန်ပြီဖြစ်သောကြောင့် မြို့အလှ မြို့အင်္ဂါရပ်နှင့်ညီအောင် မြို့နှင့်လိုက်ဖက်သည့် သစ်ပင်ကြီးများအချိန်မီ ပြန်လည်စိုက်ပျိုးသင့်ကြောင်း မြို့မိမြို့ဖက မျှော်လင့်နေကြသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# တောင်သူများသို့ လယ်ယာမြေ လျော်ကြေးငွေ ပေးအပ်

**နတ်မောက် မတ် ၃၀**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်တွင် နတ်မောက်-စိုင်ဂေါင်းမော်တော် ကားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် တောင်သူများသို့ လျော်ကြေးငွေပေးချေသည့်အခမ်းအနားကို မတ် ၂၉ ရက်နံနက် ၉ နာရီက နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်က ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက နတ်မောက်-စိုင်ဂေါင်းကားလမ်း ၂၀ မိုင် ၅ ဖာလုံဖောက်လုပ်ရာ၌ ပါဝင်သွားသော လယ်မြေ ၁၂ ဧက၊ ယာမြေ ၁၁၁ ဒသမ ၄၅ ဧက စုစုပေါင်းလယ်ယာမြေဧက ၁၂၃ ဒသမ ၄၅ ဧကအတွက်လျော်ကြေးငွေကျပ် စုစုပေါင်း ၆၄၁၂၅၀၀၀ ကို တောင်သူများသို့ တစ်ဦးချင်း လျော်ကြေးငွေပေးချေသည်။

လျော်ကြေးငွေပေးအပ်ရာတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ပြည့်အုပ်စု၊ ကျားထူးအုပ်စု၊ ငွေးပင်အုပ်စု၊ လက်ခုပ်ပင်အုပ်စု၊ ကုလားရှင်အုပ်စုများမှ တောင်သူ ၃၃၇ ဦးထံသို့ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(၁၂၇)

## မာန်အောင်မြို့နယ်၌ တိုင်းရင်းဆေးသေတ္တာများပေးအပ်

**မာန်အောင် မတ် ၃၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကျေးရွာများသို့ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီ က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဦးမြင့်ဦးက ဆေးသေတ္တာပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ဆေးသေတ္တာ ၉၇ လုံးကို ကျေးရွာများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းဖေ(iprd)**



**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူ-ပေါက်ကားလမ်းဘေး ပေါက်မြို့အဝင်၌ မီးသတ်စခန်း အဆောက်အအုံဆောက်လုပ်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းရာနှုန်းပြည့်ပြီးစီးနေပြီကို တွေ့ရစဉ်။** (အဆိုပါ မီးသတ်စခန်းအား ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်က စတင်၍တည်ဆောက်ခဲ့ရာ ယခုအခါ ရေသန့်လုပ်ငန်း၊ ရေမြောင်းလုပ်ငန်း၊ လျှပ်စစ်သွယ်တန်းရေးလုပ်ငန်းများပါ ပြီးစီးနေပြီဖြစ်သည်။) **ဖိုးသားလေး(ယောမြေ)**

# သွေးအလှူရှင်များအား ဂုဏ်ပြုပွဲနှင့် ငွေအလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်

**မူဆယ် မတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြို့တော်ခန်းမတွင် မွန်မြတ်သန့်စင်သွေးအလှူရှင် (၉)ကြိမ်မြောက် သွေးအလှူရှင် ဂုဏ်ပြုပွဲနှင့် ငွေအလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မတ် ၂၈ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ကျေးဇူးတင်စကားပြောကြားပြီး မူဆယ်ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းက သွေးလှူမည့်အကြောင်းအရာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ငွေအလှူရှင် လှူဒါန်းသောငွေကျပ်သိန်း ၂၀ နှင့် မွန်မြတ်သန့်စင်သွေးအလှူရှင် ၁၁၉ ဦးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဘော်လခဲ၊ ရွာငံ၊ ဖားဆောင်း၊ ဘိုကလေးနှင့် ဟားခါး ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှမြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမအဆင့် ၁၉ ရုံအနက် ပျဉ်းမနား၊ စစ်ကိုင်း၊ လားရှိုး၊ မော်လမြိုင်၊ ပုသိမ်၊ မင်းဘူး၊ ပုပ္ပား ၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်၊ စစ်တွေ၊ ကနေဒီ၊ ဘူးသီးတောင်/မောင်တော၊ ပိန္နဲတောင်၊ လပွတ္တာ၊ ငွေဆောင်၊ ဟိုင်းကြီးကျွန်းနှင့် အမာစသည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၈ ရုံတွင် မြန်မာ့အသံ FM ရေဒီယို တိုးချဲ့တပ်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစက်ရုံမှ မြန်မာ့အသံ FM ရေဒီယို ထုတ်လွှင့်မှုကိုစက်ရုံတည်ရှိရာ အကွာအဝေးမိုင် ၃၀ ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်ပါကြောင်းကို နေ့စဉ်ထုတ်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပြည်သူများသို့ အသိပေးတင်ပြခဲ့ပြီးဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ဘော်လခဲရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၅-၂-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား (150 W)၊ လှိုင်းနှုန်း (88.0 MHz) ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို မိုင်းထမ်း၊ ဝမ်ချယ်၊ ရေနီပေါက်၊ ကယားပိုင်းမှ လည်းကောင်း၊ ရွာငံ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၆-၂-၂၀၁၅ ရက်နေ့မှ စတင်လွှင့်အား (150 W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ကျောက်မြောင်း၊ သိမ်ကုန်း၊ ရေဦး၊ လယ်ကိုင်း၊ ညောင်ရှ၊ ကျောက်ကူပြင်၊ လိပ်ကြာ၊ ကျောက်ပိစပ်တို့မှ လည်းကောင်း၊ ဖားဆောင်းရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၇-၂-၂၀၁၅ ရက်နေ့မှစတင်၍လွှင့်အား (150W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ခဲမဖြူ၊ ကျောက်ပဲညို၊ ကယားဝမ်အောင်း၊ ပါပုရွာများမှလည်းကောင်း ၊ ဘိုကလေး ရုပ်သံထပ်ဆင့်လွှင့် စက်ရုံမှ ၂-၃-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (89.5 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကိုမော်လမြိုင်ကျွန်း၊ ကျုံမငေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ရွှေတောင်မော်၊ ကျုံကဒွန်း၊ ကမာကလူ၊ စက်ဆန်း၊ ကြက်ဖမေးစောင်း၊ ကဒုံကနီ၊ ရေလယ်ကျွန်း တို့မှလည်းကောင်း၊ ဟားခါး ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ မှ ၂၂-၃-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား (300 W)၊လှိုင်းနှုန်း (88.3 MHz) ဖြင့်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ခွာဘဲ၊ လောက်လုံ၊ ဘွာလ်တပ်၊ နာရ်လောန်၊ ဟရန်ဟရိန်ကျေးရွာတို့မှလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိကြပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ယနေ့အထိ ဘီးလင်း၊ ပြည်၊ တောင်ငူ၊ သီပေါ၊ သိန္နီ ၊ ညောင်လေး ပင်၊ နေပြည်တော်(တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦး၊ ကန့်ဘလူ၊ ဘော်လခဲ၊ ရွာငံ၊ ဖားဆောင်း၊ ဘိုကလေးနှင့် ဟားခါးစသည့် စက်ရုံ ၁၅ ရုံမှ မြန်မာ့အသံ ရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့် စက်ရုံများတွင် တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# မြို့ကျက်သရေဆောင် ခန်းမသစ်ကြီး ၆၀ ရာခိုင်နှုန်းပြီးစီး

**ဖြူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးမြို့ မြို့မအနောက်ရပ်ကွက် (၄)လမ်းနှင့် (၃)လမ်းကြား ၁၁ လမ်းနှင့် ၁၂ လမ်း ကြားရှိ ယခင်မြို့နယ်ခန်းမဟောင်းနေရာတွင် မြို့ကျက်သရေဆောင် မြို့နယ်ခန်းမကြီးအဖြစ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ၁၆-၁၁-၂၀၁၄ ရက်က လာရောက်ပြီး မန္တက်တင်မင်္ဂလာ အခမ်းအနားကို ကျင်းပပေးခဲ့သည်။

အလှူရှင်များ၏ စုပေါင်းအလှူငွေကျပ်သိန်းပေါင်း ငါးထောင်ခန့် အကုန်အကျခံ၍ ၂၇-၁၁-၂၀၁၄ ရက်မှ စတင်ကာ Aroma Rose Co.Ltd ဆောက်လုပ်ရေးကုမ္ပဏီမှ အလျားပေ ၁၆၀၊ အနံ ပေ ၉၀၊ အမြင့် ၂၂ ပေ တစ်ထပ်အဆောက်အအုံကို တာဝန်ယူဆောက်လုပ်လျက်ရှိရာ မတ် ၂၉ ရက်အထိ ၆၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**





# လိုင်လိုး-တွီးလန့်၊ တွီးလန့်-တွန်းဇံလမ်းခွဲလမ်းသစ်ဖွင့်

**တီးတိန် မတ် ၃၀**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၂ ဒသမ ၀၀၇သန်းဖြင့် တင်ဒါအောင်မြင်ရရှိသူ Ka Zaitha Co.,Ltd. မှ ဆောင်ရွက်ခဲ့သော လိုင်လိုး-တွီးလန့်ကြား နှစ်မိုင်၊ အကျယ် ၁၈ ပေ၊ တွီးလန့်-တွန်းဇံလမ်းခွဲ နှစ်မိုင်၊ အကျယ် ၁၂ ပေ စုစုပေါင်း လေးမိုင် လမ်းတာချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးဖြစ်၍ နှစ်(၇၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက် နံနက် ၈ နာရီက ၄င်းလမ်းသစ် မုခ်ဦး၌ ဖွင့်ပွဲကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝုန့်ပြင်းထန်က လမ်းနှင့်ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းတင်ပြပြီး လိုင်လိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇမ်ဆွင်းမုန်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက်လမ်းသစ်ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့် တွီးလန့်ကျေးရွာတာဝန်ခံ ဦးတွာလ်ခန့်ဆွင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာပြည်သူ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်ခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့အတွက် များစွာအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ထီးချိုင့်မြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ထီးချိုင့် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မော်နီအင်ကုန်းတန်းအနီးတွင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မတ် ၂၈ ရက်က ထီးချိုင့်မြို့နယ် ကမ်းနီရဲကင်းစခန်းမှူး တာဝန်ထမ်းဆောင်နေစဉ် ချိုပ်သင်ကျေးရွာအုပ်စု သစ်ဆုံအင်းအခင်းတော ရာအိမ်မှူးက မော်နီအင်းကုန်းတန်းနေ ဦးသန်းဌေး၏တဲအနောက်ဘက်ကိုက် ၅၀၀ ကျော်ခန့်အကွာတွင် လူတစ်ဦးဒဏ်ရာဖြင့် ပုပ်ပွသေဆုံးနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သစ်ဆုံအင်းအခင်းတောနေ ဦးအုန်းလွင်ဆိုသူဖြစ်ကြောင်းသိရှိရပြီး ၄င်းသည် ဒဏ်ရာများဖြင့်သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် တစ်စုံတစ်ယောက်၏ပြုလုပ်မှုကြောင့် သေဆုံးနိုင်ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ရန် ထီးချိုင့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အခြေခံသမအသင်းများသို့ စာရင်းကိုင်သင်တန်းပေး

**မအူပင် မတ် ၃၀**

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန၏လမ်းညွှန်မှု မြို့နယ် သမဝါယမအသင်းစု၏ ဦးဆောင်စီမံမှုဖြင့် အခြေခံသမဝါယမအသင်းများ လုပ်ငန်းတိုးတက်အောင်မြင်ရေး စာရင်းပိုင်းဆိုင်ရာ စနစ်ကျခိုင်မာရေးအတွက် စာရင်းရေးသွင်းနည်း၊ ထိန်းသိမ်းဆောင်ရွက်နိုင်ရေး ဆင့်ပွားသင်တန်းကို မအူပင်မြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ မတ် ၂၆ ရက်က ကျင်းပသည်။

အဆိုပါ စာရင်းကိုင်ဆင့်ပွား(ရက်တို)သင်တန်းသို့ မအူပင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တရုတ်ချေးငွေထုတ်အခြေခံစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်း ၉၆ သင်းမှ တာဝန်ရှိသူများ တက်ရောက်သည်။ သင်တန်းတွင် စာရင်းပညာနှင့်သမဝါယမ သဘောတရားရေးရာများကို သမဝါယမဦးစီးဌာနမှ တာဝန်ကျဦးစီးမှူးများက သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ခြိမ့်နိုင်**

# ဗန်းမော်၌ သဘာဝမြေဩဇာထုတ်လုပ်မှုသင်တန်းဖွင့်

**ဗန်းမော် မတ် ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် စိုက်ပျိုးမြေများကောင်းမွန်စေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်စေရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို ပူးပေါင်းသုံးစွဲခြင်းဖြင့် ဓာတ်မြေဩဇာ လေလွင့်ဆုံးရှုံးမှုနည်းပါးစေရန်ရည်ရွယ်၍ ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်းပသော သဘာဝမြေဩဇာ ထုတ်လုပ်မှုသင်တန်းကို မတ် ၂၈ ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ဦးစီးမှူးက ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကြောင်းတို့ကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ ခရိုင်မြေအသုံးချတာဝန်ခံက သဘာဝမြေဆွေးပြုလုပ်ပုံ အမျိုးမျိုး၊ EM၊ တီကျစ်စာမြေဆွေးထုတ်လုပ်သုံးစွဲခြင်း ဓာတ်မြေဩဇာများအား အချိန်ကိုက်၊ အချိုးကျ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ် နှိမ်နင်းနည်းများအား စာတွေ့လက်တွေ့ပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာမှ တောင်သူလယ်သမား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# ဂန့်ဂေါတွင် ပုဂ္ဂလိကဘဏ်များစတင်ဖွင့်

**ဂန့်ဂေါ မတ် ၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် ပုဂ္ဂလိကဘဏ်အချို့စတင်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ယခုလ တတိယပတ်တွင် ပထမပုဂ္ဂလိကဘဏ်နှင့် ကမ္ဘောဇဘဏ်တို့ တစ်ပြိုင်နက် စတင်ဖွင့်လှစ်ကာ ဘဏ်လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မကြာမီကာလတွင် သမဝါယမဘဏ်စတင်ဖွင့်လှစ်ရန် ဘဏ်အဆောက်အအုံ တည်ဆောက်နေပြီဖြစ်သည်။

ယခုကဲ့သို့ ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်လျက် ဘဏ်လုပ်ငန်းများဆောင်ရွက်လာခြင်းသည် ဂန့်ဂေါမြို့နယ် ဖွံ့ဖြိုးတိုးတက်လာသည့် လက္ခဏာတစ်ရပ်အဖြစ် ဒေသခံများက ရှုမြင်သုံးသပ်လျက်ရှိကြကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# နွေရာသီကျောင်းပိတ်ရက် စာငှားဖတ်သူများပြား

**နောင်ချို မတ် ၃၀**

ယခုအခါ နွေရာသီကျောင်းပိတ်ရက်ကာလဖြစ်သောကြောင့် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ နေ့စဉ်ကျောင်းသား ကျောင်းသူများ၊ စာဖတ်ပရိသတ်ပြည်သူများက နေ့စဉ်ထုတ်သတင်းစာ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာ၊ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သုတ၊ ရသစာအုပ်စာစောင်များ ကြည့်ရှုလေ့လာဖတ်ရှုသူများနှင့် စာအုပ်ငှားရမ်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် နောင်ချိုမြို့အတွင်း လူစည်ကားသောနေရာတို့တွင် ထားရှိသော စာပေရေချမ်းစင်တို့တွင်လည်း စာအုပ်ဖတ်ရှုသူများဖြင့် စည်ကားနေကြောင်း သိရသည်။

**(ဝ၆၁)**


# မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများသတိပြု

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်-

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်း ကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့်ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



အခွန်တာဝန်ကျေပွန်သူ ကျေးဇူးတင်ကြ တို့ပြည်သူက

ဆောင်းပါး

# တစ်ဆင့်ခံဆေးလိပ်ငွေ့၏ ဘေးထွက်ဆိုးကျိုးအပြစ်မဲ့လူသားများ ခံစားနေရပြီ

ရွှေလင်းပြည့်စုံ

လောကဝန်းကျင်လေထုအတွင်း တစ်ဆင့်ခံဆေးလိပ်ငွေ့များ နိစ္စဓူဝ ရှူရှိုက်နေရမှုကြောင့် အပြစ်မဲ့သော ရင်သွေးငယ်များ၏ သွေးလွှတ်ကြောများ ပျက်စီးနေရပြီ။ တစ်ဆင့်ခံဆေးလိပ်ငွေ့၏ ရိုက်ချက်ပြင်းမှုကြောင့် အချိန်သုံးနှစ်စော၍ အိုမင်းရင့်ရော်နိုင်ကြောင်း သုတေသီများက မှတ်တမ်းပြုစုလိုက်ကြသည်။

ကြောက်ရွံ့စိုးထိတ်စရာ တစ်ဆင့်ခံဆေးလိပ်ငွေ့များက ရင်သွေးငယ်၏ သွေးကြောနံရံများ ထူလာပြီး သက်ကြီးပိုင်းတွင် နှလုံးရောဂါ၊ လေဖြတ်ရောဂါများဖြစ်လာနိုင်ကြောင်း သုတေသီများ၏ ပြောဆိုချက်ကို European Heart Journal တွင် မှတ်တမ်းတင်လိုက်ရာ ကမ္ဘာ့မိခင်၊ ဖခင်များနှင့် ရင်သွေးငယ်များအတွက် အံ့သြစိုးထိတ်မှုဖြစ်ကြရသည်။

ကမ္ဘာတွင် ဆေးလိပ်သောက်သုံးမှု အများဆုံးဖြစ်သော ဖင်လန်၊ ဩစတြေးလျနိုင်ငံများတွင် ဆေးလိပ်သောက်သော မိဘများက မွေးဖွားသော သုံးနှစ်မှ ၁၈ နှစ်အတွင်း ရင်သွေးငယ် ၂၀၀၀ ကျော်ကို သုတေသနပြုရာတွင် မိဘနှစ်ပါးစလုံး သောက်ခဲ့သော ဆေးလိပ်ကြောင့် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို နိစ္စဓူဝရှူရှိုက်ကြရသော ရင်သွေးငယ်များ အန္တရာယ်ကြုံတွေ့ရကြောင်း သိရသည်။

ရင်သွေးငယ်၏ ဦးခေါင်းမှသည် လည်ပင်းအထိ ပင်မသွေးလွှတ်ကြောတစ်ခုလုံး ပြောင်းလဲသွားရသည်။ သွေးကြောနံရံထူပြီး နှစ် ၂၀ အတွင်း ရောဂါတိုးလာရကြောင်း သုတေသီများက မှတ်တမ်းပြုခဲ့သည်။

"တစ်ဆင့်ခံဆေးလိပ်ငွေ့ကို မိဘများထံမှရရှိ ရှူရှိုက်မိသောကြောင့် ရင်သွေးငယ်၏ သွေးလွှတ်ကြော ပုံသဏ္ဌာန်ကို တိုက်ရိုက်ပျက်စီးစေနိုင်စွမ်းသည်" ဟူ၍ တက်စ်မေးနီးယား တက္ကသိုလ်ဒေါက်တာဆင်းနာဂါးလ်က မှတ်တမ်းပြုစုခဲ့သည်။ နေအိမ်အခန်းကျဉ်းလေးအတွင်း အတူနေမိသားစုတွင် ဆေးလိပ်သောက်သူတစ်ဦး၏ ပြုမူချက်ဖြင့် ဝန်းကျင်အနီးစပ်ဆုံးရှိ မိသားစုဝင်များက တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဘဝ ထိခိုက်နေမှုကို ဆက်လက်သုတေသနပြုကြရပေမည်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် အများပြည်သူဆိုင်ရာနေရာများ၌ ဆေးလိပ်သောက်သုံးခြင်းကို တားမြစ်လာကြပါပြီ။

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်ပြည်နယ်တွင် စားသောက်ဆိုင်၊ အများသုံး သယ်ယူပို့ဆောင်ရေးယာဉ်များ၊ အများပြည်သူဆိုင်ရာ နေရာများတွင် ဆေးလိပ်သောက်ခြင်းကို ဥပဒေဖြင့် တားမြစ်ထားသည်။ လာဂို့စ်ပြည်နယ် အစိုးရအဖွဲ့က မဲ့ခဲ့ကာ ဥပဒေကို အတည်ပြုခဲ့သည်။

ရင်သွေးငယ်လေးများအနီး ဆေးလိပ်သောက်ခြင်းကို ပြစ်ဒဏ်အဖြစ် သတ်မှတ်ပြီး ငွေဒဏ် ၉၄ ဒေါ်လာ၊ ထောင်ဒဏ်တစ်လကျခံရမည်ဖြစ်သည်။

အမိနိုင်ငံတော်တွင်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်း၍ နိုင်ငံရေး မျက်နှာစာကို မြှင့်တင်နေချိန်တွင် ဆေးလိပ်သောက်ခြင်း၏ ဘေးထွက်ဆိုးကျိုး၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့၏အန္တရာယ်ကို ပညာပေးဟောပြောမှုဖြင့် ပြည်သူ ကြား ထောင့်စုံမှ ဆောင်ရွက်သင့်ပါသည်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ (Second Smoke)၊ ပတ်ဝန်းကျင် ဆေးလိပ်ငွေ့ (Environmental Tobacco Smoke) ကို အပြစ်မဲ့ လူသားများစွာက လှည်းနေလှေအောင်းမြင်းဇောင်းပါမကျန် ကြုံတွေ့နေရသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့မီးခိုးက သန့်စင်သော အာကာသလေထုကို အတိုင်းအတာတစ်ခုအထိ ညစ်နွမ်းစေသည်။ လေထုသန့်စင်မှုကို ဖျက်ဆီးစေသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့၊ ပတ်ဝန်းကျင် ဆေးလိပ်ငွေ့၏ စက်ကွင်းပြင်းအား၏ရိုက်ချက်ကို လူဦးရေ ၏ ၉၀ ရာခိုင်နှုန်းဖြစ်သော အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်အပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့နေရသည်။ ယင်းနိုင်ငံများထက် မြန်မာနိုင်ငံက ထိပ်ဆုံးမှာ ရပ်တည်နေရာယူနေသည်ဟူ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ညွှန်းဆိုသည်။

မြန်မာနိုင်ငံရှိ အမျိုးသားလူဦးရေထက်ဝက်ကျော်၊ အမျိုးသမီးလူဦးရေ ၁၆ ရာခိုင်နှုန်းကျော်က တစ်ဆင့်ခံ ဆေးလိပ်ငွေ့ဒဏ်ကို မျှဝေခံစားနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၁၃ ခုနှစ် စက်တင်ဘာလက သတင်းထုတ်ပြန်ခဲ့သည်။

ဆေးလိပ်ငွေ့တလူလူက လေထုထဲ ပျံ့လွင့်နေလျှင် အန္တရာယ်ကိုကြိုတင်သိနှင့်နေသူတိုင်းက နှာခေါင်းရှုံ့ကြသည်။ လူသားတို့ကို အဆိပ်သင့်စေသော ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဟိုက်ထရိုဂျင်ဆိုက်ယာနိုက်၊ ဘင်ဇင်း၊ နိုက်ထရိုစမင်း၊ နစ်ကိုတင်း၊ ဖီနောတို့က လူသားတို့၏ အဆိပ်ငွေ့အဖြစ် လည်ချောင်းအတွင်းတွင် ဓာတ်ပြုနိုင်သောပစ္စည်း ၁၀၉ မျိုးက ကင်ဆာရောဂါကို ဖန်တီးလိုက်သည်။ ဦးနှောက်သွေးမျှင်ကြောကို ပျက်စီးစေသည်။

တစ်ဆင့်ခံဆေးလိပ်ငွေ့၏ ဆိုးကျိုးကြောင့် ကမ္ဘာတစ်ခွင် နှစ်စဉ်လူသုံးသန်းခန့်သေဆုံးပြီး ရှစ်စက္ကန့်အချိန်တာအတွင်း လူတစ်ယောက်နှုန်း သေဆုံးနေကြသည်။ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဆေးလိပ်ငွေ့ကြောင့် သေဆုံးသူ ၁၀ သန်းခန့် ဖြစ်လာမည်ဟူ၍ ခန့်မှန်းထားကြသည်။ အဆိုပါ ကိန်းဂဏန်းတွင် အမျိုးသား ၅၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၂၂ရာခိုင်နှုန်း ပါဝင်နေသည်။

ဆေးလိပ်ငွေ့သည် တိုက်ရိုက်သောက်သုံးသူ(Active Smoker)နှင့် တစ်ဆင့်သောက်သုံးသူ၊ ရှူရှိုက်သူ(Passive Smoker) တို့အပေါ် ဘေးထွက်ဆိုးကျိုးများ သက်ရောက်နိုင်စွမ်းသည်။

ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံက ဆေးလိပ်သောက်သုံးနေကြသည်။ သန်း ၁၀၀၀ က အမျိုးသား၊ သန်း ၂၅၀ က အမျိုးသမီးဖြစ်နေသည်။

ဆေးလိပ်သောက်သုံးသူ၏ မီးခိုးငွေ့ဂရမ် ၅၀၀တွင် ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်ပြီး ၄၅၀ ဂရမ်ကို တစ်ဆင့်ခံဆေးလိပ်ငွေ့တလူလူအဖြစ် ပတ်ဝန်းကျင်လူသားများက ရှူရှိုက်နေကြရသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ဆေးလိပ်မသောက်သူ ၅၂၀၀၀ ကို နှစ်စဉ်သေဆုံးစေပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းတွင်း၌ ဆေးလိပ်ကင်းစင်သည့်နယ်နိမိတ်(Tobacco Free Zone) အဖြစ်သတ်မှတ်အကောင်အထည်ဖော်နေသည်။ သို့ရာတွင် သုတေသနစာတမ်းအရ အလုံးအရင်းဆေးလိပ်ငွေ့(Environmental Tobacco Smoke)ရှူရှိုက်သူ အများဆုံးမှာ မြန်မာပြည်က ဒုတိယအများဆုံးဖြစ်နေသည်။

လေထုတွင်း တငွေ့ငွေ့လှိုက်ကာလှိုက်ကာတက်နေသော ဆေးလိပ်၏ အခိုးအငွေ့များတွင်အမျိုးပေါင်း ၄၃၀၀ ဓာတ်ပစ္စည်းများက သက်ရှိအသိဉာဏ်ပိုင်ရှင်လူသားတို့အား မမြင်နိုင်သောအန္တရာယ် ရှိနေသည်။ လက်သီးပုန်းထိုးနိုင်သော ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယားဓာတ်များ ပါဝင်သည်။

အဆိုပါဓာတ်ပစ္စည်းတွင်နီကိုတင်းက လူသားကိုစွဲလမ်းမက်မောစေသည်။ ရုပ်ဝတ္ထုပစ္စည်းဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့မှတစ်ဆင့် အဖြူရောင်မီးခိုးမှိုင်းတို့က လူသား၏ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပါးစပ်၊ လျှာ၊ အစာပြွန်၊ လေမျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာ၊ ခြေပုပ်လက်ပုပ်ရောဂါဖြစ်ခြင်းများကို မျှဝေခံစားရသည်။ အခန်းအတွင်းဆေးလိပ်သောက်မည်ဆိုပါက အငွေ့များသည် အခန်း၏နံရံရှိ ဖုန်မှုန့်များနှင့် ရောနှော၍ ချေးအဖြစ် ကျန်ရစ်ခဲ့သည်။ လေထဲတွင် ရောဂါများပျံ့နှံ့ရှူရှိုက်မိသော ရင်သွေးငယ်များမှာ နောက်ဆက်တွဲဆိုးကျိုးများကို သုံးဆင့်ခံသမားများအနေဖြင့် ရောဂါရရှိခံစားနိုင်သည်ဟု ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပညာရှင်အချို့က ဆိုသည်။

တစ်ဆင့်ခံဆေးလိပ်ငွေ့ "Second hand Smoking" က အရေးကြီးသကဲ့သို့ "Third hand Smoking" ကလည်း အန္တရာယ်ရှိနေသည်။

မိမိနေအိမ်အခန်းအတွင်း၌ ဆေးလိပ်သောက်သုံးမိပါက အခန်းနံရံ၊ အဝတ်အစား၊ အိပ်ရာများတွင် ဆေးလိပ်ငွေ့များ တင်ကျန်ရစ်သည်။ ထို့ကြောင့် ဗဟုသုတပြည့်ဝခိုင်မာသော အိမ်ထောင်ဦးစီးများက အိမ်ခန်းအတွင်း ဆေးလိပ်သောက်ခွင့် မပြုကြပါ။

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုရာခိုင်နှုန်းက အမျိုးသားထုတွင် ၂၀၀၁ ခုနှစ်က ၄၂ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်က ၃၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်က ၄၁ ဒသမ ၉၅ ရာခိုင်နှုန်း၊ အမျိုးသမီးထုတွင် ၂၀၀၁ ခုနှစ်က ၂၁ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်က ၁၅ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်က ၁၄ ဒသမ ၃၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဆေးပညာမှတ်တမ်းအရ သိရသည်။ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရ၍ လသားရင်သွေးငယ်များ ရုတ်တရက် သေဆုံးမှု၊ အဆုတ်ရောဂါရရှိမှုများကား ဆေးပညာသမိုင်းဝယ် ဝမ်းနည်းဖွယ် ဖတ်ရှုကြရသည်။ ဆေးလိပ်တိုလေးတစ်တိုကြောင့် အဖိုးတန်နိုင်ငံခြားရောင်းတန်းဝင် သစ်တန်ရာကျော်ဆုံးရှုံးရသောဖြစ်ရပ်လည်း ကြုံဖူးသည်။ တစ်ရက်လျှင် ဆေးလိပ် ၁၀ လိပ်နှုန်းသောက်သူသည် တစ်လ ဆေးလိပ် ၃၀၀၊ တစ်နှစ်ဆေးလိပ် ၃၆၀၀၊ ၁၀ နှစ် ဆေးလိပ် ၃၆၀၀၀၊ နှစ် ၂၀ ဆေးလိပ် ၇၂၀၀၀ နှစ်ပေါင်း ၃၀ ဆေးလိပ် ၁၀၈၀၀၀ သောက်သုံးပြီးဖြစ်မည်။

အဆိုပါနှုန်းဖြင့်သောက်သုံးသူ၏ ပတ်ဝန်းကျင်တွင် ပျံ့လွင့်သော တစ်ဆင့်ခံဆေးလိပ်မီးခိုးငွေ့၏ ပမာဏသည် တစ်နေရာတည်း၌ စုပေါင်းမိပါက တိမ်တောင်တိမ်တိုက်သဖွယ် အာကာသတွင် နေရာယူလွှမ်းမိုးသွားမည်သာဖြစ်သည်။ ထို့ကြောင့် တစ်ဆင့်ခံဆေးလိပ်ငွေ့ (Second Smoke) ၏ ဘေးထွက်ဆိုးကျိုးများကို ပညာအသိဉာဏ်မျက်စိဖြင့် ရှင်အောင်ကြည့်၍ တစ်ဆင့်ခံဆေးလိပ်ငွေ့များကင်းရှင်းရာ လောကသစ်သို့ အရောက်လှမ်းနိုင်ကြပါစေ။



## မီးငြှိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

မန္တလေး မတ် ၃၀

မန္တလေးမြို့ ၃၃ လမ်းနှင့် ၈၄လမ်းထောင့် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ ဧရာရွှေဝါ စက်သုံးဆီအရောင်းဆိုင်၌ မတ် ၂၉ ရက်က အပေါ့စား ရေစုပ်စက်အသုံးပြုနည်း သရုပ်ပြပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ မီးငြှိမ်းသတ်နည်းသရုပ်ပြပွဲတွင် ငြှိမ်းသတ်အသုံးပြုနည်းကို ဝန်ထမ်းများအား လက်တွေ့သရုပ်ပြသသည်။ ထို့အပြင် လျှပ်စစ်မီး၊ ဆီမီးများကိုပါ ပူးတွဲငြှိမ်းသတ်နိုင်သည့် အမြှုပ်ဆေးရည်ဖြင့်လည်း သရုပ်ပြသပြီး ဝန်ထမ်းများအား သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

ထွဏ်းလှအောင် (မန္တလေး)

## တပ်မတော်နေ့ကို ဂုဏ်ပြု ကလေးဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**မန္တလေး မတ် ၃၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန လျှပ်စစ်ဌာနခွဲမှ ဌာနစုမှူး အင်ဂျင်နီယာ ဦးအုန်းကျော် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်း ၃၅ ဦးသည် မတ် ၂၅ရက်က မန္တလေးမြို့ ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီးသို့ သွားရောက်ကာ နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းကြရာ အဆိုပါဆေးရုံ သွေးလှူဘဏ် ရောဂါဗေဒအထူးကု ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများကသွေးအိတ်များကိုလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**



နှစ် (၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အာဇာနည်ခေါင်းဆောင် ကရင်တိုင်းရင်းသား မန်းဘခိုင်၏ ရုပ်တုဖွင့်ပွဲကို မတ် ၂၇ ရက်က ဇာတိမြေ ယုန်သလင်းကျေးရွာ အဝင်လမ်းထိပ်၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း



# နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း မြင်းမူမြို့နယ်၌ဖွင့်

**မြင်းမူ မတ် ၃၀**

မျိုးဆက်သစ်ကျောင်းသားလူငယ်များ လိမ္မာယဉ်ကျေးလာစေရန်၊ အကျင့်စာရိတ္တမြင့်မားစေရန်နှင့် ဗုဒ္ဓဘာသာကို ပိုမိုယုံကြည်ကိုးကွယ်လာစေရန် ရည်ရွယ်ဖွင့်လှစ်သော နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို မြင်းမူမြို့နယ် ဆပွန်းကုန်းကျေးရွာ သရက်ပင်ကျောင်းတိုက်၌ မတ် ၂၇ ရက်က စတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

ကလေးငယ်များ ယဉ်ကျေးလိမ္မာစွာ ပြောဆိုနေထိုင်တတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ကြစေရန်နှင့် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားစေရန်အတွက် ဗုဒ္ဓဘာသာအခြေခံသဘောတရားများ၊ ဘုရားရှိခိုးကန်တော့ချီးများနှင့် လောကနီတိများကို သင်ကြားပေးမည်ဖြစ်ကြောင်း သရက်ပင်ကျောင်းတိုက်ဆရာတော် ဦးကောဝိဒက မိန့်ကြားသည်။

အဆိုပါ နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းသို့ ဆပွန်းကုန်းနှင့် ဆိပ်သာကျေးရွာမှ ကျောင်းသား ကျောင်းသူ ၂၀၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူလေးများအတွက် စာအုပ်၊ ဘောလ်ပင်နှင့် ခဲတံများကို အလှူရှင်များက လှူဒါန်းထားသဖြင့် အခမဲ့ထောက်ပံ့ပေးထားကြောင်း၊ ကလေးငယ်များအား အာဟာရများကိုလည်း နေ့စဉ်ကျွေးမွေး၍ သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**

# မူကြိုကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးပြီး မိဘများအား ကလေးငယ်ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော

**နေပြည်တော် မတ် ၃၀**

နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မိဘများအား အသိပညာပေးဟောပြောပွဲကို မတ် ၂၄ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်က အမှာစကားပြောကြားပြီး နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဆွေဦးတို့က မိခင်နှင့်ကလေးများ၏ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အကြောင်းအရာများ၊ အာဟာရအုပ်စုများအကြောင်းကို အသိပညာပေးဟောပြောပြီး လက်သန့်ရှင်းရေးအတွက် စနစ်တကျလက်ဆေးရန်လည်း သရုပ်ပြခဲ့သည်။

ထို့နောက် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဆွေဦး၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာမြတ်ပွင့်ခင်နှင့် ဒေါက်တာဇာလီဝင်းတို့က ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲသို့ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ အတွင်းရေးမှူး ဒေါ်မိမိစိုး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကလေးမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်မြင်)**

## သတင်းတို

### စာကြည့်တိုက်ဝန်ဆောင်မှုများမြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပေါက်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ စာကြည့်တိုက်များ၏ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပေါက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရွှေပေါက်ပင်ခန်းမ၌ မတ် ၂၈ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ စာကြည့်တိုက်မှူးများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုမရှိရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြော

**နတ်တလင်း မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပေါ်စေရေးနှင့် လိင်စိတ်နိုးကြွစေသောဆေးဝါးများ၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းမရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းနုက သင်္ကြန်ကာလအတွင်း မှုခင်းများဖြစ်ပွားမှုမရှိစေရေး ဦးစားပေးဆောင်ရွက်ကြရန်အမှာစကားပြောကြားပြီး ဒေါက်တာမျိုးဇော်မင်းက မူးယစ်ဆေးဝါးနှင့် လိင်စိတ်နိုးကြွစေသောဆေးဝါးများ သုံးစွဲခြင်းကြောင့် ရရှိလာမည့်ဆိုးကျိုးများနှင့် ရောဂါများအကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် သင်္ကြန်ကာလအတွင်းပြဋ္ဌာန်းထားသော ဥပဒေများလိုက်နာရေးကို ဟောပြောသည်။ ဟောပြောပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ NGO အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့သည် မြို့တွင်းရှိ ဆေးပစ္စည်းရောင်းချသောဆိုင်များ၌ မူးယစ်ဆေးဝါးနှင့် လိင်စိတ်နိုးကြွစေသော တရားမဝင်ဆေးဝါးများ ရောင်းချနေမှု ရှိ မရှိကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# စာကြည့်တိုက်ဝန်ဆောင်မှုများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ဆိပ်ဖြူ မတ် ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ စာကြည့်တိုက်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များအသင်းတို့ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို အထက(ဆိပ်ဖြူ) နဝရတ်ခန်းမ၌ မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ဝင်းက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးတင့်၊ အတွင်းရေးမှူး ဦးညဏ်အောင်နှင့် ရပ်ကွက်ကျေးရွာစာကြည့်တိုက်မှူးများက မိမိတို့ရပ်ကွက်ကျေးရွာအတွင်းရှိ စာကြည့်တိုက်များတွင် စာဖတ်သူတိုးပွားလာစေပြီး ပြည်သူများအသိပညာတိုးပွားလာစေရန်အတွက် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ စာကြည့်တိုက်မှူးများတက်ရောက်ခဲ့ကြသည်။ **စိုးလင်းနိုင်(iprd)**



# ရွှေ့တန်းရောက် တပ်မတော်သားများအား ထောက်ပံ့

**မကွေး မတ် ၃၀**

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ကကြီးမှူး၍ နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ရှေ့တန်းရောက် တပ်မတော်သားများအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ မတ် ၂၆ ရက်က ကျင်းပသည်။

ထောက်ပံ့ပွဲတွင် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ရှေ့တန်းရောက်တပ်မတော်သားများအတွက် တန်ဖိုး ငွေကျပ် ၁၂ သိန်းရှိ ခေါက်ဆွဲခြောက်ထုပ်များ၊ ကော်ဖီမစ်ထုပ်များ၊ ဆပ်ပြာမှုန့်ထုပ်များကို အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအောင်အောင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

# ရွှေ့လျားဓာတ်မှန်စက်ဖြင့် တီဘီရောဂါရှာဖွေဖော်ထုတ်မှု အရှိန်မြှင့်ဆောင်ရွက်

**မလှိုင် မတ် ၃၀**

ပြည်သူများအတွင်း တီဘီရောဂါဝေဒနာရှင်များကို အရှိန်အဟုန်မြှင့် ရှာဖွေဖော်ထုတ်ကုသနိုင်ရေးအတွက် ရွှေ့လျားဓာတ်မှန်စက်အသုံးပြု၍ နယ်လှည့်စစ်ဆေးခြင်း အစီအစဉ်အဖြစ် ရွှေ့လျားဓာတ်မှန်စက်ဖြင့် နယ်လှည့်ကွင်းဆင်း၍ တီဘီလူနာရှာဖွေကုသခြင်းလုပ်ငန်းကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း(အထက်မြန်မာပြည်) တီဘီတိုက်ဖျက်ရေးဌာနက မန္တလေးတိုင်းဒေသကြီးအတွင်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာမှ ပြည်သူများအတွင်း တီဘီရောဂါဝေဒနာရှင်များ ရှာဖွေဖော်ထုတ်ခြင်းကို ကျေးရွာအထကကျောင်း၌ မတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။ နယ်လှည့်ကွင်းဆင်း၍ တီဘီလူနာရှာဖွေကုသခြင်းလုပ်ငန်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချမ်းမြေ့ကျော်၊ ဒေါက်တာမြတ်ကျော်သူ(အထမ တီဘီ)နှင့် ဒေါက်တာဖုန်းဆုခိုင် (အထမ တီဘီ)တို့ ဦးဆောင်သော ဆရာဝန် ခုနစ်ဦးပါအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပန်းအိုင်ကျေးရွာအုပ်စုရှိ ကူကြီး၊ ကံဦး၊ မြစ်ကျင်း၊ ထနောင်းကျင်းကျေးရွာများမှ ပြည်သူများအား ရောဂါရှာဖွေစစ်ဆေးခဲ့သည်။ တီဘီသံသယလူနာ ၁၄၄ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးပေးခဲ့ပြီးလူကြီးတစ်ဦးနှင့် ကလေးတစ်ဦးကို ဆေးကုသပေးခဲ့ကာ စောင့်ကြည့်လူနာ ၁၂ ဦးကိုလည်း သလိပ်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။



တီဘီရောဂါရှာဖွေစစ်ဆေးမှုအပြင် ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၂၄၀ ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ရွှေ့လျားဓာတ်မှန်စက်ဖြင့် နယ်လှည့်ကွင်းဆင်း၍ တီဘီလူနာရှာဖွေကုသခြင်းကို မလှိုင်မြို့နယ်အတွင်း ကျေးရွာငါးရွာ၌ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်သည်။ **အောင်ဌေး(မလှိုင်)**



# သင်္ကြန်ကာလအတွင်း မှုခင်းများဖြစ်ပွားမှုမရှိစေရေး ပညာပေးဟောပြောပွဲကျင်းပ

**မတ္တရာ မတ် ၃၀**

မတ္တရာမြို့နယ်တွင် သင်္ကြန်ကာလအတွင်း၌ မှုခင်းများဖြစ်ပွားမှုမရှိစေရေး၊ ယာဉ်မတော်တဆမှုများမဖြစ်စေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် အသိပညာပေးဟောပြောပွဲကို အမှတ်(၂)ရပ်ကွက်ရှိ ဆုထူးပန်ဓမ္မာရုံ၌ မတ် ၂၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီက သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းဇော်က အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် မှုခင်းများမဖြစ်ပွားစေရေးကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဦးက တရားမဝင်ဆေးများ ရောင်းဝယ်သုံးစွဲမှုအန္တရာယ်အကြောင်းနှင့် ကြိုတင်တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်က မီးဘေးကြိုတင်ကာကွယ်ရေးကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်စည်းကမ်းဆိုင်ရာပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ ဆေးသိပ္ပံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၉၀၃ ဒသမ ၀၀ သန်းဖြင့် ကုမ္ပဏီရှစ်ခုက တာဝန်ယူတည်ဆောက်လျက်ရှိသော သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံများ တည်ဆောက် ပြီးစီးမှုအခြေအနေကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများ မတ် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။**

ဂျူနိုင်း

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာချင်းဆက်ကျောက်ချောလမ်းဖွင့်

**ကျောက်ပန်းတောင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ စိတ္တိန်းကျေးရွာနှင့် ကမ်းပြူကျေးရွာကို ဆက်သွယ်သော စိတ္တိန်း-ကမ်းပြူ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ခင်းကျင်းခဲ့ပြီး လမ်းဖွင့်ပွဲကို မတ် ၂၇ ရက်က စိတ္တိန်းကျေးရွာ၌ ကျင်းပသည်။

လမ်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာမှူး ဦးမျိုး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများ၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ရှိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောထွန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းဝင်များ တက်ရောက်ကြသည်။

လမ်းဖွင့်ပွဲတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက ကျေးလက်ဒေသများမှ ပြည်သူများ၏ လူနေမှုဘဝများတိုးတက်မြင့်မားရေးအတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိသော စီမံကိန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့က လမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စိတ္တိန်း-ကမ်းပြူကျောက်ချောလမ်းသည် အရှည် ၅ ဒသမ ၂ မိုင်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ်သန်း ၁၆၀ ဒသမ ၁၀၉ ဖြင့် မြန်မာ့ခေတ်ကုမ္ပဏီက ဒီဇင်ဘာလအတွင်း စတင်ကျောက်ချောခင်းခဲ့ကာ မတ် ၂၃ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့ခြင်းဖြစ် သည်။ ကျောက်ချောလမ်းပြီးစီးသဖြင့် စိတ္တိန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာမှလူဦးရေ တစ်သောင်းနီးပါး၏ ပညာရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။ **နေအောင်(iprd)**

# ညောင်ဦးမြို့ ရွှေစည်းခုံဘုရားမှ ကင်းဝန်မင်းကြီး လှူဒါန်းထားသော ကျောက်သပိတ်တော်

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ရွှေစည်းခုံဘုရားသည် ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်ခဲ့သော ဘုရားဖြစ်သည်။ ရွှေစည်းခုံဘုရားအရှေ့ဘက်စေတီတော်နှင့်တည့်တည့်တွင် ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်၏ အထင်ရှားဆုံး အမတ်ကြီးတစ်ပါးဖြစ်သော ကင်းဝန်မင်းကြီး လှူဒါန်းထားသည့် ကျောက်သပိတ်တော်ရှိကာ ယနေ့တိုင်လေ့လာကြည့်ရှုနိုင်သည်။

သက္ကရာဇ် ၁၂၄၀၊ တပို့တွဲလဆန်း ၁ ရက် တနင်္ဂနွေနေ့၌ အဂ္ဂမဟာသေနာပတိဝန်ရှင်တော် လယ်ကိုင်းမြို့စား ကင်းဝန်သေနတ်ဝန်မင်းကြီး သတိုးသုဓမ္မမဟာသက်တော်ရှည်သမီးမောင်မယ် ကောင်းမှုပါသော စာတန်းရေးထိုးထားသည့် ကျောက်သပိတ်တော်ကို လေ့လာနိုင်သည်။ ကင်းဝန်မင်းကြီးလှူဒါန်းခဲ့သော သပိတ်သည် အချင်း ၁ ပေ ၉ လက်မ၊ အမြင့် ၁ ပေ ၅ လက်မ ရှိကာ လက်ရှိအချိန်တွင် သက်တမ်းနှစ်ပေါင်း ၁၃၀ ကျော်နေပြီဖြစ်သည်။

ကင်းဝန်မင်းကြီးသည်ပုဂံဒေသသို့ အရောက်အပေါက်အများဆုံး ဝန်ကြီးတစ်ပါးဖြစ်ကာ ပုဂံညောင်ဦးဒေသသို့ ရောက်တိုင်း ရွှေစည်းခုံစေတီတော်ကြီးသို့ လာရောက်ဖူးမြော်လေ့ရှိကြောင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆီမီးရေချမ်းကပ်လှူခြင်း စသည့်ကုသိုလ်တော်များကိုလည်း ပြုလုပ်လေ့ရှိကြောင်း ရွှေစည်းခုံဘုရားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ စေတီတော်ပရိဝုဏ်အတွင်း၌လည်း ကင်းဝန်မင်းကြီးလှူဒါန်းထားသော ခေါင်းလောင်းတစ်ခုရှိသည်။ ထို့အပြင် ကင်းဝန်မင်းကြီးသည် စေတီတော်အတွင်း ရွှေပြားကပ်လှူရမည့် ၁၂ ဌာနကိုလည်း ကဗျာလင်္ကာများစပ်ဆို၍ ရေးသားမှတ်တမ်းတင်ခဲ့ကြောင်း၊ ရွှေစည်းခုံဘုရားသို့ လာရောက်သော ဘုရားဖူးပြည်သူများအနေဖြင့် ကင်းဝန်မင်းကြီးသပိတ်တော်ကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း ရွှေစည်းခုံဘုရားမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်းဆောင်းပါး-ကျော်ကျော်(ညောင်ဦး)**



ပြည်တွင်းသတင်း

# ရမည်းသင်းမြို့နယ်အတွင်း ဒေသအချို့တွင် နွားစာရှားပါးနေ

**ရမည်းသင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ဒေသအချို့တွင် နွားစာကောက်ရိုးများ ရှားပါးနေ၍ အခြားကျေးရွာများမှ ကောက်ရိုးများဝယ်ယူကျွေးမွေးနေရကြောင်း သိရသည်။

ယခင်နှစ်က မိုးနှောင်းကာလတွင် မိုးရွာသွန်းမှု နည်းသောကြောင့် ရမည်းသင်းမြို့နယ်အတွင်းရှိ မိုးရေကို အားကိုး၍ စပါးစိုက်ပျိုးသော ဒေသအချို့တွင် စပါးအောင်မြင်ဖြစ်ထွန်းမှုနည်းပါးခဲ့ရာ စပါးနှင့် ကောက်ရိုးထွက်ရှိမှုလည်း နည်းပါးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စပါးအောင်မြင်ဖြစ်ထွန်းသော ဆည်ရေသောက်စပါးစိုက်သည့် ဒေသများမှ ကောက်ရိုးများကို ဝယ်ယူနေရခြင်းဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ကောက်ရိုးဝယ်သူနည်းသော်လည်း ယခုနှစ်တွင် နွားစာရှားပါးမှုကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ကောက်ရိုးဝယ်ယူသူများရှိနေကြောင်း၊ မိုးမကျမီ အချိန်အထိ နွားစာရှားပါးနေမည်ဖြစ်ရာ ကောက်ရိုးဝယ်ယူမှုရှိနေနိုင်ကြောင်း အင်ကြင်းကန်အုပ်စုမှ ကောက်ရိုးရောင်းချနေသူ တောင်သူတစ်ဦးက ပြောသည်။

စပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် အင်ကြင်းကန်အုပ်စု၊ ကတင်အုပ်စု၊ သက်ကယ်ခြံကျေးရွာစသည့် ဒေသများမှ ကောက်ရိုးများကို ဝယ်ယူနေကြရခြင်းဖြစ်ပြီး လှည်းတစ်စီးအပြည့်ကို ငွေကျပ် ၁၀၀၀၀၊ ကားဖြင့်တင်ပါက ကားအကြီးအသေးအပေါ်မူတည်၍ ငွေကျပ် ၂၀၀၀၀ မှ ၆၀၀၀၀ ဝန်းကျင်အထိ ဈေးပေးဝယ်ယူရကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ဆန်စပါးအရည်အသွေးမြင့်မားရေးနှင့် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး ပညာပေးသင်တန်းဖွင့်

**ရေကြည် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်းမှ တောင်သူများ စိုက်ပျိုးသော ဆန်စပါးနှင့် သီးနှံများ၏ ထုတ်ကုန်အရည်အသွေးမြင့်မားရေးနှင့်ဓာတ်မြေဩဇာအသုံးပြုရာတွင်စနစ်တကျသုံးစွဲရေးအတွက် နည်းပညာပေးသင်တန်းကို ဆီဆုံကုန်းကျေးရွာအုပ်စု၌ မတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရေကြည်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပြည်ပရေးရာဌာနမှူး ဦးစိုးဦးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တောင်သူများအနေဖြင့် ဆန်စပါးစိုက်ပျိုးရာတွင် ပြည်ပဈေးကွက်စီးပွားရေးအထိ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ထို့နောက် သင်တန်းတွင် တိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးလှမြင့်က စားသုံးသူကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ ဒေါ်ငွေငွေဝင်းက ဓာတ်မြေဩဇာအသုံးပြုနည်းများနှင့် မြေဩဇာသုံးစွဲရာတွင် စားသုံးသူအန္တရာယ်မဖြစ်စေနိုင်သည့် အာမခံချက်ရှိသော မြေဩဇာများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကုန်သွယ်ရေးမြှင့်တင်ရေးဦးစီးဌာနမှူး ဦးအေးသိမ်းက ဆန်စပါးအပါအဝင် သီးနှံများ၏ ထုတ်ကုန်အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ ဧရာပုသိမ်ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်မှ လယ်ယာမြေဖော်ထုတ်ရေး တာဝန်ခံ ဦးကျော်ငွေက လယ်ယာမြေဖော်ထုတ်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ ဆီဆုံကုန်းကျေးရွာအုပ်စုမှ စပါးစိုက်တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**မင်းဇော်ဦး(ရေကြည်)**

# ခရိုင်ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်ဆောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

**မြင်းခြံ မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း တိုးချဲ့ဆောက်လုပ်နေသော နှစ်ထပ်ဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစီစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် တာဝန်ရှိသူများက မတ် ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစီစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်ဆည်မြောင်းဦးစီးဌာနမှူးဦးမောင်လွင်၊ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီး ဦးသိန်းရွှေ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအေးမြင့်တို့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး ၊ အရည်အသွေးပြည့်မီသော ပစ္စည်းများကို သုံးစွဲရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို မှာကြားခဲ့သည်။ အဆိုပါ တိုးချဲ့နှစ်ထပ်ဆောင်သည် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ၂၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# ဈေးကွက်လိုအပ်ချက်အရ ပေါ်ပေါက်လာသော ရှင်မတောင်သနပ်ခါးခြံများ

သတင်းဆောင်းပါး – အောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံအနှံ့အပြားသို့ နိုင်ငံတကာဈေးကွက်မှ တင်သွင်းရောင်းချလျက်ရှိသည့် အမျိုးသမီးသုံးအလှကုန်ပစ္စည်းများ အများအပြားဝင်ရောက်လျက်ရှိနေသော်လည်း မြန်မာ့ရေမြေ ရာသီဥတုနှင့်ကိုက်ညီပြီး မြန်မာဆန်ဆန် ယဉ်ကျေးသိမ်မွေ့စွာ လှပစေသည့် မြန်မာ့သနပ်ခါးကိုလည်း မြန်မာအမျိုးသမီးများ နှစ်သက်စွာ အသုံးပြုနေကြဆဲဖြစ်သည်။

ဓာတုဗေဒပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် နိုင်ငံခြားဖြစ် အလှကုန်များဖြင့် လိမ်းခြယ်ပြင်ဆင်ခြင်းသည် အချိန်ကုန်သက်သာသလို ခဏတာကြည့်ကောင်းသော်လည်း ရေရှည်တွင် ကြည့်မကောင်းသလို မြန်မာ့ရေမြေနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ကျန်းမာရေးအနေဖြင့်လည်း အသက်အရွယ်ကြီးလာသည့်အခါ အရေပြားရောဂါများ ဖြစ်ပွားတတ်လေ့ရှိကြောင်း သုတေသီတို့က ဆိုပါသည်။

စာရေးသူသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် မွေးဖွားခဲ့ပြီး ပခုက္ကူမြို့တွင်ကြီးပြင်းခဲ့ရာ လက်ရှိတွင် ဖျာပုံမြို့၌ နှစ် ၄၀ ကျော် နေထိုင်လျက်ရှိသော်လည်း ရှင်မတောင်သနပ်ခါးများစွာထွက်သည့် မြိုင်မြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့နှင့် မုံရွာမြို့များနှင့် မစိမ်းသည့်အပြင် ရှင်မတောင်သနပ်ခါးရောင်းဝယ်သည့် လုပ်ငန်းကို လက်ရှိလုပ်ကိုင်လျက်ရှိသည်။

ရှင်မတောင်သနပ်ခါးပင်များသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရှင်မတောင်နယ်တစ်ဝိုက်တွင် သဘာဝအလျောက်ပေါက်ရောက်သည်။ ရှင်မတောင်သနပ်ခါးသည် အသားအရေကိုအေးပြီး ချောမွေ့စေခြင်း၊ မျက်နှာတွင်ဖြစ်ပွားတတ်သော ဝက်ခြံ၊ တင်းတိတ်များ ပျောက်ကင်းစေခြင်း၊ မွှေးရနံ့သင်းပျံ့ခြင်းတို့ကြောင့် မြန်မာအမျိုးသမီးများက ရှေးယခင်ကပင် အသုံးပြုခဲ့ကြသည်။ ယခုအခါ အမျိုးသမီးများသာမက အမျိုးသားလူငယ်အချို့ပါ အသားအရေလှပစေရန်နှင့် ကျန်းမာစေရန် သနပ်ခါးကို လိမ်းနေကြသည်။



ရှင်မတောင်သနပ်ခါးသည် အလှကုန်အဖြစ်သာမက ဆေးဖက်လည်းဝင်သဖြင့် တိုင်းရင်းသမားတော်များကလည်း ဆေးဖော်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။ ရှင်မတောင်သနပ်ခါးပင်၏ အမြစ်သည်လည်း ဆေးဖက်ဝင်ပြီး အသက်အရွယ်ကြီးသူများအနေဖြင့် နေ့ရောညပါ လိမ်းထားပါက အညောင်းအညာပျောက်ကင်းကြောင်း သိရသည်။ ထိုသို့ ရှင်မတောင်သနပ်ခါးကို အသုံးပြုမှုများလာသဖြင့် ဈေးကွက်လည်း ပိုမိုကျယ်ပြန့်လာပြီး ရှင်မတောင်သနပ်ခါးများမှာ ဈေးကောင်းရသောပစ္စည်းတစ်ခု ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်နေကြသူများကလည်း မြန်မာနိုင်ငံမှ သနပ်ခါးကို ပြန်လည်မှာယူကြသဖြင့် မြန်မာ့သနပ်ခါးသည် ပြည်ပနိုင်ငံများသို့ပါဈေးကွက်ကျယ်ပြန့်လာသည်။

ထို့ကြောင့် သဘာဝအလျောက်ပေါက်ရောက်သည့် သနပ်ခါးပင်များဖြင့် မလုံလောက်တော့သဖြင့် လွန်ခဲ့သည့်နှစ် ၅၀ ခန့်မှစ၍ ငွေကြေးတတ်နိုင်သူအချို့က မြိုင်၊ ပခုက္ကူ၊ ရေစကြိုနှင့် မုံရွာမြို့နယ်များတွင် စီးပွားဖြစ် သနပ်ခါးခြံများကို စတင်စိုက်ပျိုးခဲ့ကြသည်။ ယခုအခါတွင်မူ စီးပွားဖြစ်သနပ်ခါးခြံများ အများအပြားရှိနေပြီဖြစ်သည်။

သနပ်ခါးကို သုံးစွဲသူများလာသဖြင့် စိုက်ပျိုးသူလည်း များလာကြောင်း၊ တန်ခိုးကြီးဘုရားပွဲတော်များ ရက်ရှည်ကျင်းပသည့် ပုဂံ၊ မန္တလေး၊ ပြည်၊ ပဲခူးနှင့် ရန်ကုန်မြို့များသည် သနပ်ခါးရောင်းကောင်းသော မြို့များဖြစ်ပြီး အောက်မြန်မာပြည်တစ်ခုလုံး၌လည်း စပါးစိုက်ပျိုးချိန်နှင့် စပါးရိတ်သိမ်းချိန်များတွင် သနပ်ခါးရောင်းကောင်းလေ့ရှိကြောင်း ပခုက္ကူမြို့ရှိ သမိုင်းဝင်သီဟိုဠ်ရှင်ဘုရားကြီးရှေ့မှ သနပ်ခါးရောင်းဝယ်သူတစ်ဦးက ဆိုပါသည်။

သနပ်ခါးပင်များသည် အဖိုပင်နှင့် အမပင်ဟု နှစ်မျိုးရှိကာ အမပင်က အပွေးပိုကောင်းပြီး မွှေးရနံ့လည်း ပိုသည်။ သနပ်ခါးပင်အမျိုးအစားအလိုက် အပွေးကျစ်၊ အပွေးပျော့၊ နှစ်ထပ်ပွေးစသဖြင့် ရှိသည်။ သနပ်ခါးတစ်ပင် စတင်စိုက်ပျိုးချိန်မှ ရောင်းတမ်းဝင်ချိန်အထိ အနည်းဆုံးငါးနှစ်ခန့်ကြာသည်။ သနပ်ခါးဈေးကွက်ကောင်းမွန်မှုကြောင့် တစ်ပင်ချင်းခုတ်ရောင်း၍ ရသလို စိုက်ခင်းအကျယ်အဝန်းနှင့် အပင်အရေအတွက်အလိုက် ခြံတစ်ခြံလုံးကို ဈေးဖြတ်၍ဝယ်သော ပွဲရုံများလည်း ရှိသည်။

ရှင်မတောင်သနပ်ခါးသည် တန်ဖိုးမြင့်ပစ္စည်းတစ်မျိုးဖြစ်လာရာ အတုလုပ်ရောင်းမှုများလည်းရှိနေသည်။ ရှင်မတောင်သနပ်ခါးနှင့် ဆင်တူယိုးမှားရှိသည့် သစ်ပုလွေသားနှင့် ဥသျှစ်သားတို့ကို ရှင်မတောင်သနပ်ခါးပင်၏ အခက်နှင့် အရွက်များစိုက်ထည့်ပြီး ရှင်မတောင်သနပ်ခါးအဖြစ် လိမ်ညာရောင်းချနေသူများ ရန်ကုန်မြို့နှင့် မြို့နယ်အချို့တွင် ရှိနေသည်။ တစ်နေရာတွင် ငွေကျပ်သောင်းဂဏန်းဖိုးရောင်းပြီးပါက နေရာပြောင်းသွားသဖြင့် မှားဝယ်သူက ပြန်လာရှာသော်လည်း မတွေ့ရတော့ပေ။ ထို့ကြောင့် သနပ်ခါးအတုကို လိမ်ညာရောင်းချခြင်းမခံရအောင် သတိပြုဖို့လည်း လိုပါသည်။



မြန်မာအမျိုးသမီးတို့အနေဖြင့် မိမိတို့နိုင်ငံမှ ထွက်ပြီး မိမိတို့နိုင်ငံ၏ ရေမြေ ရာသီဥတုနှင့်ကိုက်ညီသည့် သနပ်ခါးကို စွဲမြဲစွာအသုံးပြုခြင်းဖြင့် ကျန်းမာသန့်ရှင်း ရောဂါကင်းမည့်အပြင် နူးညံ့မှုနှင့် ရိုးသားမှုကိုလည်း ထင်ဟပ်ပေါ်လွင်ကာ မြန်မာ့ဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့ လှပစေမည်ဖြစ်ပါသည်။ ။

---


# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ

ဦးသန်းနိုင်(စုံစမ်းရေးမှူး-ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-ဒေါ်သန်းသန်းအေးတို့၏

တစ်ဦးတည်းသောသား

**ဒေါက်တာရာဇာသန်းနိုင်** M.B.,B.S (Ygn )

**လက်ထောက်ဆရာဝန်(ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)**

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ

ဦးကျော်ရှိန်း(ဒုအင်ဂျင်နီယာချုပ်-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်နွဲ့နွဲ့ရီတို့၏ သမီးဦး

**ဒေါက်တာသစ်သစ်ရှိန်း** M.B.,B.S(Ygn)

**လက်ထောက်ဆရာဝန်(ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)**

တို့၏ ၂၅-၃-၂၀၁၅ရက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးခြင်းနှင့် မင်္ဂလာသြဝါဒဆုံးမစကား ပြောကြားပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သင်းသင်းနွဲ့အားလည်းကောင်း၊ ၂၇-၃-၂၀၁၅ရက်တွင် ဝိမလာရာမ ထားဝယ်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကပ်လှူခြင်း၊ ဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသူများအားလည်းကောင်း၊ ၂၈-၃-၂၀၁၅ရက်တွင် ရန်ကုန်မြို့ (Sedona Hotel, Grand Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဇနီးများ၊ ဆရာဝန်များအားလည်းကောင်း၊ ဧည့်ခံပွဲတွင် မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာခင်သဉ္ဇာဝင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် ဒေါက်တာရွှေရွှေစုနိုင်ဦး၊ သတို့သား၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာလွင်မင်းဟန်၊ ဒေါက်တာသန့်ဖြိုးအောင်၊ ဒေါက်တာသန္တာဦး၊ ဒေါက်တာအိအိဖြိုးမြင့်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ တေးဂီတအဖွဲ့ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့် (မြန်မာမှုတေးဂီတအဖွဲ့)အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ၊ သတို့သား၊ သတို့သမီးအရံဝတ်စုံ၊ Prewedding Photo၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုနိုင်နိုင်ထွန်းနှင့် Exposure Photo Studio မှ အဖွဲ့သားများအားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်မေဦးမောင်(တော်ဝင်သူ)အားလည်းကောင်း၊ ပန်းအလှဆင်ပေးသော မစန်းစန်းဦး၊ မင်္ဂလာအခမ်းအနားနှင့် အစားအသောက်များတည်ခင်းပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာဆောင်ရွက်ပေးသော Lucky prize handmade invitation cards အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲအခမ်းအနား စီစဉ်ဆောင်ရွက်ပေးသော ရွှေရှမ်းကန်စားတော်ဆက်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာရာဇာသန်းနိုင်-ဒေါက်တာသစ်သစ်ရှိန်း**



# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ

ဦးဝင်းထွန်း(Chairman, Future Home Construction & Decoration) + ဒေါ်မိုးဆွေတို့၏သား

**မောင်လှိုင်ဝင်းထွန်း** B.Sc (Physics)

**(Managing Director, Treasure Myanmar Travel & Tours)**

နှင့်

ရန်ကုန်မြို့၊ ရင်ကင်းမြို့နယ်နေ

ဗိုလ်မှူးဝင်းဌွေး(ငြိမ်း) (စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန)+ဒေါ်လီလီစိုး

တို့၏သမီးကြီး

**ဒေါက်တာဇာလီဝင်း** M.B.,B.S (Ygn)

**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**

တို့၏ ၂၂-၃-၂၀၁၅ရက်တွင် ရန်ကုန်မြို့ Sule Shangrila Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ကြွရောက်ပြီး မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ခင်ဇော်ဝင်း(ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ဇနီး ဒေါ်သွယ်သွယ်မြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးဇော်နိုင်ဦး တပ်မှူး၊ အမှတ်(၃)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်နှင့်ဇနီး ဒေါ်သီတဂူဇေယျ ဦးစီးအရာရှိတာဝန်ခံ(ငြိမ်း)၊ မြန်မာ့ရုပ်မြင်သံကြားဦးစီးဌာန၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးနှင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ လုပ်ဖော်ကိုင်ဖက်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ M.E.C ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လူကြီးမင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ကြပါသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မေတ္တာဖြင့်မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော တေးသံရှင် အကယ်ဒမီ အန်တီ ဒေါ်ချိုပြုံး၊ The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော သမီးလေး မဝင်းယမုံ၊ မင်္ဂလာပန်းကိုင် ဒေါက်တာမြတ်သဉ္ဇာထွန်း၊ မင်္ဂလာလက်စွပ်ကိုင် ဒေါက်တာပိုင်ဖြိုးသူ၊ သတို့သားအရံ မောင်ကျော်စိုးသူနှင့် မောင်ကျော်ဇေယျာဝင်း၊ သတို့သမီးအရံ ဒေါက်တာခိုင်ဖြူစင်၊ သမီးလတ် မအဉ္ဇလီဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲမှတ်တမ်း ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော Forever Photo Studio, Video၊ မိတ်ကပ်အလှပြုပြင်ပေးပါသော မိတ်ကပ် ဒီဇင်ဘာနှင်းနှင့်အဖွဲ့သားများ၊ မင်္ဂလာပွဲအောင်မြင်ပြီးစီးအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

**မောင်လှိုင်ဝင်းထွန်း+ဒေါက်တာဇာလီဝင်း**

နိုင်ငံတကာအားကစား

# အင်္ဂလန်လူငယ်တွေရဲ့ ခြေစွမ်းကို စောင့်ကြည့်ရမယ့် ယူ-၁၉ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်

ဥရောပယူ-၁၉ ချန်ပီယံရှစ်အုပ်စုအဆင့် ခြေစစ်ပွဲတွေကို မတ် ၂၁ ရက်ညပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကြဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ စောင့်ကြည့်ရမယ့် ပွဲတွေက ပြင်သစ်နဲ့ အင်္ဂလန်၊ နော်ဝေနဲ့ ဆားဘီးယား၊ ဆွစ်ဇာလန်နဲ့ ဟော်လန်ပွဲစဉ်တွေပဲ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ လူငယ်တွေရဲ့ လျင်မြန်တဲ့ကစားအားနဲ့ စွမ်းရည်ထက်မြက်မှုတွေက နိုင်ငံ့ဂုဏ်ကို မြင့်တက်စေမယ့် စွမ်းဆောင်မှုမျိုး ရှိ မရှိ ကြည့်ရှုရဦးမှာဖြစ်ပါတယ်။

**ပြင်သစ်နှင့် အင်္ဂလန်**

အုပ်စု(G)မှာ ပါဝင်နေတဲ့ အင်္ဂလန်တို့ရဲ့ တတိယပွဲစဉ်ဖြစ်ပါတယ်။ အင်္ဂလန်လူငယ်တွေဟာ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဒိန်းမတ်နဲ့ ကစားတဲ့အခါ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ ခြောက်မှတ်တောင် ရရှိနေပြီဖြစ်ပါတယ်။ ပြင်သစ်တို့ကလည်း အုပ်စုပွဲ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရရှိထားတဲ့အပြင် ပေးဂိုးမရှိခဲ့တာမို့ အုပ်စု(G)မှာ အုပ်စုပထမနေရာမှာ ရပ်တည်နေပါတယ်။ တိုက်စစ်ပိုင်း ကွာခြားမှုမရှိပေမယ့် ခံစစ်ပိုင်းကျစ်လျစ်တဲ့ ပြင်သစ်ကို အင်္ဂလန်လူငယ်တွေ အနိုင်ကစားဖို့ မလွယ်ပါဘူး။

**နော်ဝေနှင့် ဆားဘီးယား**

အုပ်စု(D)မှာ နော်ဝေတို့က နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရနေပြီး အုပ်စုဒုတိယနေရာမှာ ရှိနေပါတယ်။ ဆားဘီးယားတို့ကတော့ နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ သုံးမှတ်ရရှိနေပြီး အုပ်စုတတိယနေရာမှာ ရပ်တည်နေပါတယ်။ ဆားဘီးယားလူငယ်တွေက တိုက်စစ်စွမ်းရည် ပိုမိုထက်မြက်ပေမယ့် ခံစစ်ပိုင်းမှာ နားလည်မှုလွဲမှားတာတွေရှိနေဆဲပါ။ ဆားဘီးယားတို့က ခြေစစ်ပွဲအောင်ဖို့ ဒီပွဲကိုအနိုင်ကစားပြီး ပြတ်သားတဲ့ ရလဒ်ကို ပုံဖော်ပါလိမ့်မယ်။ ဟော်လန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးထားတဲ့ ဆားဘီးယားလူငယ်တွေဟာ ဒီပွဲမှာ သုံးမှတ်အပြည့်ယူပြီး မျှော်လင့်ချက်ကို ရှင်သန်ဖို့ ကြိုးစားပါလိမ့်မယ်။

**ဆွစ်ဇာလန်နှင့် ဟော်လန်**

ဒီပွဲဟာ ဟော်လန်အတွက် အုပ်စုထိပ်ဆုံးနေရာကို ပြတ်ပြတ်သားသား ဦးဆောင်နိုင်မယ့် ရမှတ်တွေစုဆောင်းနိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။ အုပ်စု(D)မှာ ဟော်လန်တို့ နှစ်ပွဲကစား၊ လေးမှတ်နဲ့ ဦးဆောင်နေပြီး ဆွစ်ဇာလန်တို့ကတော့ နှစ်ပွဲကစား၊ နှစ်ပွဲရှုံးပြီး ရမှတ်တွေ မရသေးပါဘူး။ ခြေစစ်ပွဲအောင်ဖို့မလွယ်တဲ့ ဆွစ်ဇာလန်ကို ဟော်လန်တို့ တိုက်စစ်ဖွင့်ပြီး ဂိုးပြတ်သွင်းနိုင်ရေး အားထုတ်မယ့်ပွဲဖြစ်ပါတယ်။

**ချက်နှင့် ဂျာမနီ**

အုပ်စု(B)မှာ ဆလိုဗက်ကီးယားကို တစ်ဂိုးစီသရေကစားခဲ့တဲ့ ဂျာမနီလူငယ်တွေ ချက်အသင်းကိုလည်း အလေးထားကစားရဦးမှာ ဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာ အိုင်ယာလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့တဲ့ ချက်အသင်းဟာ တိုက်စစ်မကောင်းပေမယ့် ကစားအားကောင်းတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ဂျာမနီလူငယ်တွေက တိုက်စစ်စွမ်းရည်ထက်တာမို့ ချက်အသင်းကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။

**အဇာဘိုင်ဂျန်နှင့် ဒိန်းမတ်**

အုပ်စု(G)မှာ အဇာဘိုင်ဂျန်တို့ နှစ်ပွဲကစားပြီးချိန်မှာ အမှတ် မရသေးပါဘူး။ ဒိန်းမတ်တို့က ပြီးခဲ့တဲ့ပွဲမှာ အင်္ဂလန်ကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးထားတာမို့ အမှတ်မရသေးတာချင်းတူနေပြီး ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်နည်းနေတဲ့အသင်းတွေရဲ့ ယှဉ်ပြိုင်မှုက သရေရလဒ်ကို ဦးတည်နေပါတယ်။ ။

## ဝေလအသင်းရဲ့ အကောင်းဆုံးအချိန်



ဝေလအသင်းဟာ ၁၉၅၈ ခုနှစ်နောက်ပိုင်း ယူရို-၂၀၁၆ ခြေစစ်ပွဲမှာ အကောင်းဆုံး ခြေစွမ်းပြနိုင်တဲ့အသင်းပဲလို့ နည်းပြခရစ်ကိုးလ်မန်းက သူ့ရဲ့ကစားသမားတွေကို ပြောဆိုလိုက်ပါတယ်။ အစ္စရေးကို သုံးဂိုးပြတ်နဲ့အနိုင်ရပြီး အုပ်စု(B)ထိပ်ဆုံးရောက်လာတဲ့ ဝေလအသင်းအတွက် ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး ဂါးရတ်ဘေးလ်က နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဝေလအသင်းဟာ လွန်ခဲ့တဲ့ ၅၇ နှစ်က ဆွီဒင်မှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး အဓိကပြိုင်ပွဲနောက်ဆုံးပွဲစဉ်များ မရောက်ခဲ့တာ ကြာပြီဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်ပြီးကတည်းက ဝေလအသင်းဟာ အကောင်းဆုံးပဲလို့ နည်းပြခရစ်ကိုးလ်မန်းက ဆိုလိုက်ပါတယ်။

## မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ အပြိုင်ခေါ်ယူဖို့ကြိုးစားနေတဲ့ အဲဗာတန်ကြယ်တစ်ပွင့်



ကောင်းမြတ်သူ - စုစည်းသည်။

အဲဗာတန်အသင်းရဲ့ နာမည်ကြီးကစားသမား ရော့စ်ဘာကလေကို ပရီမီယာလိဂ်ထိပ်သီး ချယ်လ်ဆီးနဲ့ မန်စီးတီးတို့က အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ရော့စ်ဘာကလေကို ပေါင်သန်း ၅၀ အထိ ဈေးပေးပြီး ခေါ်ယူဖို့ကြိုးစားနေတယ်လို့ဆိုပါတယ်။ မန်စီးတီးက မူလပထမတွင် ပေါင်သန်း ၃၀ ပေးပြီး ကမ်းလှမ်းခဲ့ပြီး နောက်ထပ်ပေါင်သန်း ၂၀ ထပ်ပေးခဲ့တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အဲဗာတန်နည်းပြ ရော်ဘတ်တိုမာတီနက်ဇ်ကတော့ ရော့စ်ဘာကလေကို ရောင်းထုတ်ဖို့ ရည်ရွယ်ချက်မရှိဘူးလို့လည်း ဆိုပါတယ်။ နောက်တန်းကစားသမား ရော့စ်ဘာကလေကတော့ အသင်းကြီးတွေ ခေါ်ယူဖို့ကြိုးစားနေပေမယ့် သူ့အနေနဲ့ အဲဗာတန်မှာပဲ ကစားသွားဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။



ကြော်ငြာ

# ဒို့ဘော်ဆိုင်းဒေသ(၂၄)နာရီ လျှပ်စစ်မီးရရှိခြင်းအတွက် ကျေးဇူးတင်ဂုဏ်ပြုလွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတစ်ခုလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ရပြီး ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်သည့် လျှပ်စစ်မီး (၂၄)နာရီ ရရှိပြီးဖြစ်သဖြင့် ဒေသတစ်ခုလုံး ဝမ်းသာမဆုံးရှိကြပါသည်။ လျှပ်စစ်မီးရရှိရေးအတွက် စေတနာအပြည့်ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးပါသော **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ထိပ်တန်းကြယ်ဆယ်ခုထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၊ ဘော်ဖြူတောင်ကုမ္ပဏီလီမိတက်**တို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာဒေသခံပြည်သူများ၊**
**ဘော်ဆိုင်းကျေးရွာ၊ ကလောမြို့နယ်၊**
**ရှမ်းပြည်နယ်(တောင်ပိုင်း)**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးမျိုးမြင့်(ပြည်နယ်အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၁၉-၃-၂၀၁၅ရက် (၄၁)နှစ်မြောက် မွန်ပြည်နယ်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီဦးအုန်းမြင့်မှ ချီးမြှင့်သော **ပြည်နယ်ဂုဏ်ဆောင် စီမံထူးချွန်ဆု** ရရှိပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် သာသနာ့အကျိုး၊ နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ ဌာနအကျိုး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် ရုံးဝန်ထမ်းများ၊**
**အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄)**
**မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်**


တရားပွဲ အလှူမင်္ဂလာ ဖိတ်ကြားလွှာ

T & Y ကုမ္ပဏီမှ ... T & Y Group of Companies ဥက္ကဋ္ဌ ဦးသက်ဆွေ ...

၁-၄-၂၀၁၅ (ည ၇း ၀၀)နာရီ - ...
၂-၄-၂၀၁၅ (ည ၇း ၀၀)နာရီ - ...
၃-၄-၂၀၁၅ (ည ၇း ၀၀)နာရီ - ...
၄-၄-၂၀၁၅ (ည ၇း ၀၀)နာရီ - ...
၄-၄-၂၀၁၅ (ည ၇း ၀၀)နာရီ - ...
၅-၄-၂၀၁၅ (ည ၇း ၀၀)နာရီ - ...

တရားပွဲကျင်းပမည့်နေရာ

တရားပွဲအလှူရှင်

ဒေါ်နုနုသိန်း ... ဦးသက်ဆွေ+ဒေါ်ယမင်းကိုကို ... T&Y Group of Companies မိသားစု



သီရိမင်္ဂလာမဟာစည်ကျောင်းတိုက်(၇) သင်္ကြန်အထူးတရားစခန်းပွဲ



ဒီဇယ်မောတ်ဆီ
စက်ပြင်သင်တန်း



CHAMPION SCHOOL

နေ့တက်ဘော်ဒါနှင့်စာသင်ဝိုင်း
၉တန်း၊ ၁၀တန်း(ဘာသာစုံ)
အဆင့်မြင့် စာသင်၊ စာကျက်ဝိုင်းများ

Hot Line - 09 4200 55111
09 730 77711, 09 730 77722



Fully Auto

09 420035 882, 09 73199 410
09 420035 884, 09 73199 257


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် (၇၈/၉၈၉၇)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ဟသ်ာတမြို့

# ကုန်အမှတ်တံဆိပ်အမှတ်အသားသတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၉၀အေ/ဘီတွင်တည်ရှိ သော TMW Enterprise Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၂/၁၉၉၂-၁၉၉၃သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၁ရက် ဖေဖော်ဝါရီလ ၂၀၁၅ ခုနှစ်ရက်စွဲပါ စာချုပ်စာတမ်းအမှတ် IV/2423/2015 ဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

iServe

**စာချုပ်စာတမ်းအမှတ် (IV/2423/2015)**

အဆိုပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ Letter Head၊ Internet Email & Website ငွေရပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံး အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုအသုံးပြု၍ အိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ဖုန်းအမျိုးမျိုး၊ ဖုန်းနှင့်ဆက်စပ်သောအပိုပစ္စည်းအမျိုးမျိုး၊ ဟန်းဆက်နှင့် အထိုင်ဖုန်းအမျိုးမျိုး၊ Charger များ၊ Battery များ၊ Memory Card၊ Bluetooth၊ Phone Accessories အမျိုးမျိုး၊ Hand Phone ထည့်သည့်အိတ်အမျိုးမျိုးနှင့် Phone Service Mark တို့ကို ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ဆိုင်ခန်းများဖွင့်လှစ်၍ ရောင်းချသွားမည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းလုပ်ငန်းတံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုလည်း လိုအပ်သောနေရာများတွင် ပြုလုပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ် ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းကို ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ရုံးခန်းများဖွင့်လှစ်၍ လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါလုပ်ငန်းတံဆိပ် အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက မိမိကုမ္ပဏီ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ငွေကြေးများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားနိုင်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း ထိရောက်စွာအရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**TMW Enterprise Ltd. ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်အောင် တရားလွှတ်တော်ရှေ့နေ (၁၀၂၂၇)၊**
**LL.B, B.B.S**
**အမှတ်(၂၀-ဘီ) မြေညီထပ်၊ လှည်းတန်း ၆ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၀၁၈၉၈၉**

ကြော်ငြာ

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြမိုး (နာယက)

**အသက်(၉၀)**

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)၏ နာယကတစ်ဦးဖြစ်သော ဒေါ်မြမိုးသည် ၂၆-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကကြီးများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြမိုး (နာယက)

**အသက်(၉၀)**

ရခိုင်သဟာယအသင်း(ရန်ကုန်) နာယကတစ်ဦးဖြစ်သော ဒေါ်မြမိုးသည် ၂၆-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကကြီးများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**ရခိုင်သဟာယအသင်း(ရန်ကုန်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြမိုး (စစ်တွေ)

**အသက်(၉၀)**

ရခိုင်ပြည်နယ် ဓမ္မာရုံ(ရန်ကုန်)၏ နာယက၊ [ဦးစောလှဖြူ (ဒု-ဝန်ကြီး၊ ပို့ဆက်၊ ငြိမ်း) (ယခင်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဓမ္မာရုံ)]၏ဇနီး ဒေါ်မြမိုးသည် ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်သိန်း (ပုသိမ်မြို့)

**အသက်(၈၉)နှစ်**

ဒက္ခိဏခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးဝင်းကြွေ-ဒေါ်နန်းမိုးမိုးဝင်းတို့၏မိခင် ဒေါ်တင်သိန်းသည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒက္ခိဏခရိုင်တရားရုံးဝန်ထမ်းများ**
**ဇမ္ဗူသီရိမြို့နယ်တရားရုံးဝန်ထမ်းများ**
**ပုဗ္ဗသီရိမြို့နယ်တရားရုံးဝန်ထမ်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးတင်ရွှေ (အရာခံဗိုလ်၊ ငြိမ်း)

**အသက်(၈၅)နှစ်**

ဦးမောင်မောင်သန်း (ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အတွင်းရေးမှူး)-ဒေါ်မေသူတို့၏ဖခင်၊ ဒေါ်ခင်ကြည်၏ခင်ပွန်း ဦးတင်ရွှေ (အရာခံဗိုလ်၊ ငြိမ်း) အသက်(၈၅)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်တင်နု

**အသက်(၈၅)နှစ်**

ချစ်သောအဘွား ကောင်းရာသုဂတိလားပါစေ…။

**မျိုးအောင်သာ-သမီး မာမာ (PVR ပေလီ)**

## ဒေါ်တင်တင်ဦး (တိုက်ကြီး)

**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် ၄၉၉/၅၀၀ (သုံးလွှာ) ခေါင်းရင်းနေ (ဦးသိန်းမောင်-ဒေါ်ထွေး)တို့၏ သမီး၊ ဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း)[ခင်မောင်အေး(မန္တလေး)]၏ဇနီး၊ ဒေါ်ညသီတာခင်-ဦးမင်းဝေ၊ (ဒေါ်နီလာခင်-ဦးထွန်းသန့်ဇင်)၊ ဦးလူမော်အေး-ဒေါ်ခင်စန္ဒာအောင်၊ ဒေါ်ချိုမာလွင်-ဦးတင်ထွဋ်အေး၊ ဒေါ်မြတ်သူဇာ၊ ဦးအောင်မော်အေး-ဒေါ်မိုးသန္တာနိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)(ဦးဝိစာရလမ်း)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်ခတီဂျာဘီ အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၂လမ်း၊ အမှတ် ၁၅ (လေးလွှာ)နေ (ဦးမောင်ပါ)၏ဇနီး၊ မောင်လင်းနိုင်-မမီးငယ်တို့၏မိခင်၊ ဦးရာဇာ (သင်တန်းနည်းပြ၊ ဟိုတယ်/ခရီးသင်တန်းကျောင်း၊ ကန်တော်ကြီး ပဲလေ့ဟိုတယ်)၏အစ်မကြီးသည် ၂၈-၃-၂၀၁၅ရက် ည ၉း၃၀နာရီတွင်အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၉-၃-၂၀၁၅ ရက် နံနက်၁၀နာရီတွင် ရေဝေးစွန္နီဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်မြင့် (အိုလံပစ်နာရီဆိုင်)

**အသက်(၇၀)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၇၇ (ဒုတိယထပ်)နေ ဒေါ်ခင်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း ဦးအောင်မြင့်သည် ၂၇-၃-၂၀၁၅ရက် (သောကြာနေ့)ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ်ဝင်းနိုင်ထွန်း ဇနီး ဒေါ်ကက်စီ**
**နေပြည်တော်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ရီရှုခင်(ခ)ဒေါ်စုကျင်

**အသက်(၉၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၉လမ်း၊ အမှတ် ၁၄နေ [ဦးပြုံးချို(ခ)တန်ကတ်ကင်း]၏ချစ်လှစွာသောဇနီး၊(ဦးသန့်ဇင်)-ဒေါ်ကျင်ထွေး၊ (ဦးအေးခွန်)၊ ဦးလှမိုး-ဒေါ်ဘေဘီ၊ ဦးပွေဝမ်း-ဒေါ်သိန်းရင်၊ ဇီ(လ်)စင်တန်-ဝမ်ပီကြူး-လင်လိယ္ဂီ၊ ဦးဇော်လွင်-ဒေါ်လေဘန်း၊ ဦးပွာဘမ်-ဒေါ်သီတာ၊ ဦးထွန်းလှိုင်-ဒေါ်မြင့်မြင့်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၃၄ယောက်၊မြစ် ၁၃ယောက်၊ တီသုံးယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၆း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၅ရက်(ကြာသပတေးနေ့) တွင် ရေဝေး(ဖုကျန့်)သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်အာရ်မီလာ အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၄နေ (ဦးကေဂျီဂျိမ်း-ဒေါ်အေဘီ)တို့၏သမီး၊ (ဦးဘိုနီ-ဒေါ်မေရီ)တို့၏ချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးအယ်ဒီမီလာ၊ ငြိမ်း)၏ဇနီး၊ ဦးဝင်းအောင်(သံမှူးကြီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး)-ဒေါ်သင်းသင်းအေး၊ ဒုတိယဗိုလ်မှူးကြီးဇော်ခင်ညွန့်(ငြိမ်း)-ဒေါ်ဝင်ကီမီလာ၊ ဦးမောင်မောင်-ဒေါ်ငြိမ်းငြိမ်း၊ ဒေါ်ရှယ်ရင်တို့မိခင်သည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေရီ (ကွမ်းခြံကုန်းမြို့)

**စာရင်းစစ်မှူး(ငြိမ်း)**

**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ မကျီးတန်းရပ်ကွက်နေ (ဦးထွန်းရှင်-ဒေါ်မြသင်)တို့၏သမီး၊ (ဦးဘယ-ဒေါ်ပုတေး)တို့၏ချွေးမ၊ ဦးတင်ရွှေ-(ဒေါ်ခင်ဝင်းကြည်)တို့၏ညီမ၊ ဦးလှဟန် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ကိုရဲထွန်းဟန်၊ မမေရီဟန်၊ ဒေါက်တာညိုရည်ဟန်(မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံ)တို့၏မိခင်သည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်မေရီ

**စာရင်းစစ်မှူး(ငြိမ်း)**

**အသက်(၆၈)နှစ်**

ဦးလှဟန် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ကိုရဲထွန်းဟန်၊ မမေရီဟန်၊ ဒေါက်တာညိုရည်ဟန်တို့၏မိခင် ဒေါ်ခင်မေရီသည် ၃၀-၃-၂၀၁၅ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်သူဇာ(ခရိုင်စာရင်းစစ်အရာရှိ)**
**ဒေါက်တာ စောကလျာ(မြို့နယ်ဆေးရုံအုပ်ကြီး)**
**နှင့်ညီမ ဒေါ်ခိုင်ခိုင်စိုး**
**ဒေါ်ထိုက်ထိုက်သန်းဝင်း(စာရင်းစစ်မှူး)**

## ဒေါ်တင်ရီ (တောင်ကုတ်)

**သားဖွားဆရာမ**
**(ကျော်ကိုင်းကျေးရွာ)**

**အသက်(၅၆)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့နယ်ခွဲ၊ ကျော်ကိုင်းကျေးရွာနေ ဦးစောအေး-(ဒေါ်မစော)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းရပ်ကွက်၊ မဟာမြိုင်ရဲရိပ်သာနေ ရဲအုပ်သန်းထွန်း၊ ဒေါ်လှဆန်းရီ (အလက-၁၁၊ လှိုင်သာယာ)၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပဒေသာလမ်းနေ ဦးသန်းအောင် (ဒါရိုက်တာ၊ MUEG Co.,Ltd)-ဒေါ်သန်းသန်းရီ (သူနာပြု၊ ငြိမ်း)၊ မအီမြို့နယ်ခွဲ၊ လမူးမော်ရွာနေ ဦးသန်းဝင်း (မူ/အုပ်)-ဒေါ်အေးရီ၊ စမ်းချောင်းမြို့နယ်၊ ဇေယျဝတီလမ်းနေ ဗိုလ်ကြီးငွေးလွင်(ငြိမ်း)(W.Y.T. U)-ဒေါ်ခင်မာရွှေ၊ တောင်ကုတ်မြို့၊ကံပိုင်ရပ်ကွက်နေ ဦးငွေးလှိုင် - ဒေါ်ခင်သက်ထားတို့၏အစ်မကြီး၊ မခင်ငြိမ်းငြိမ်းခိုင် (MUEG Co., Ltd)၊ မရွှန်းလဲ့ဝေ (ဘူဆန်တက္ကသိုလ်၊ကိုရီးယား)၊မထွန်းသဉ္ဇာကျော်(သူနာပြု၊ ကလေးဆေးရုံ)၊ မောင်ထွန်းသော်ဇင် (4 BMC, WYTU)၊ မောင်စည်သူ(တတိယနှစ်၊ သိပ္ပံ၊ နတလ)၊ မောင်စွမ်းဘုန်းထက်၊ မောင်ရဲခန့်လွင် (အထက-၁၊ ဒဂုံ)၊ မောင်ကောင်းထက်ကျော် (အထက-၂၊ စမ်းချောင်း)၊ တူ၊ တူမ ရှစ်ယောက်တို့၏ကြီးကြီးသည် ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ဝဝး၄ဝနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၄/၅ A၊ ပဒေသာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စိုးစိုးထွေး

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၉၁၊ မြေညီခေါင်းရင်းခန်းနေ (ဦးထွေး-ဒေါ်အေးသိန်း)တို့၏သမီး၊ (ဦးမြတ်ဆွေ)-ဒေါ်ကြူကြူ(ဦးဝင်းဆွေ)-ဒေါ်ခင်ညိုဝင်း၊ ဒေါ်သက်သက်ထွေး၊ ဦးဝင်းနိုင်-ဒေါ်နီနီထွေးတို့၏ညီမ၊ ဦးမြင့်ဆန်း၏ဇနီး၊ မသွန်းရတနာထွေး၊ မောင်ဘုန်းမြတ်ထွေးတို့၏မိခင်သည် ၃၀-၃-၂၀၁၅ ရက် နံနက် ၆း၃၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အေးကြွယ်

**(ကန်တော်ကလေး)**

**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက(၃) ကျောင်းဝင်းနေ ဦးတင်ညွန့် - ဒေါ်ပန်းမြတို့၏ သမီး၊ ဦးကိုကိုဦး-ဒေါ်သူဇာဝင်း၊ ဦးအောင်ဝင်း၊ ဒေါ်ငွေးငွေးမြင့်၊ ဦးမျိုးသန့်-ဒေါ်ခင်စောလွင်တို့၏ညီမ၊ ဒေါ်တင်တင်အေး၏အစ်မ၊ ဦးကျော်ဆန်းထွေး (Pun Hlaing Golf Club)၏ဇနီး၊ မဆုမွန်ကျော်၊မရွှန်းလဲ့ကျော်တို့၏မိခင်သည် ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ဝဝး၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**တောင်သာမြို့နယ်အသင်း(ရန်ကုန်)**

## ဦးကြင်

**(အမှုဆောင်ညွှန်ကြားရေးမှူး၊ငြိမ်း)**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အသက်(၉၅)နှစ်**

တောင်သာမြို့၊ ဘူတာလမ်းနေ (ဦးတင်-ဒေါ်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သဇင်လမ်း၊ အမှတ် ၁၂နေ နာယကတာဝန်ယူခဲ့သူ ဦးကြင်သည် ၂၆-၃-၂၀၁၅ရက်တွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၇-၃-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းမြင့်(ခ) ချာယုတ်ရင်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၈၊အခန်း ၁၉နေ (ဦးခန့်)၏ဇနီး၊ ဦးစိန်သောင်း-ဒေါ်သန်းသန်းအေး၊ ဦးမောင်ချို-ဒေါ်အေးမိစံ၊ ဦးကျော်စိုးလင်း Yomabank (Chief Operations Officer), HEXAGON SY-STEM CO.,LTD (Managing Director)-ဒေါ်မြင့်မြင့်သူတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၅ရက် ညနေ ၅း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးသိန်း

**(လူထုပညာရေးမှူးဟောင်း)**
**မင်းလှမြို့နယ်အသင်း(ရန်ကုန်)**

**အသက်(၈၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ မြောက်ဘက်တန်းလမ်းနေ (ဦးစံရ-ဒေါ်ဘော်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဦးပုည ၁လမ်း၊ (၁၇)ရပ်ကွက်၊အမှတ် ၆၄၆နေ ဦးအုန်းကြိုင်၏ဇနီး၊ ဦးကျော်ဆန်းဦး-ဒေါ်ဇင်မွန်မွန်အောင်၊ဦးကျော်ဆန်းလတ်၊ဦးနန္ဒကျော်ဦး - ဒေါ်ဝင်းဆန်းထွေးတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၉-၃-၂၀၁၅ရက်နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်စိန်

**အသက်(၇၈)နှစ်**

ပေါင်းတည်မြို့နေ (ဦးညီပု-ဒေါ်ပုမ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ တကောင်းလမ်း၊ အမှတ် ၈၊ လင်းလွန်းတောင်ရပ်ကွက်နေ ဦးတင်ရှိန် (အရာခံဗိုလ်၊ ငြိမ်း၊ တပ်မတော်ပညာရေး)၏ ဇနီး၊ ဦးကြည်စိုး - ဒေါ်အိအိချို (မြန်မာ့အာမခံ)၊ ဦးအောင်ကြည်တိုး (မြန်မာ့မီးရထား) - ဒေါ်လဲ့လဲ့ဝင်း (မြန်မာ့မီးရထား)၊ ဦးကျော်မိုး(တပ်မတော်-ရေ) - ဒေါ်ဆွေဆွေဝင်းရှိန်(ဗဟိုဘဏ်)၊ ဦးစိုးသိန်းအောင် (ဒုတိယဌာနမှူး၊ အင်ဂျင်နီယာ၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်) - ဒေါ်ချိုချိုဝင်းရှိန်၊ ဦးညီညီအေး-ဒေါ်ခိုင်ခိုင်အေး၊ ဦးတင့်လွင်-ဒေါ်ရီရီဝင်းရှိန်၊ ဦးမျိုးသန့်လွင်-ဒေါ်ဇာဇာနှင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တနန္ဒိယ မဟာထေရ်

**သာသနဓဇ ဓမ္မာစရိယ**

**သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၁)ရပ်ကွက်၊ သမိုင်း ၆လမ်း၊ ဓမ္မမဏ္ဍရီကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်သည် (၁၃၇၆ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ရက်) ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ရက်) ၂-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇော်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာတော်များနှင့်ဈာပနကျင်းပရေးကော်မတီ

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Rev.Fr.Suah Za Dal (Hat Zaw)

**(အလယ်တန်းပြဆရာ၊ ငြိမ်း) (JAT၊ ငြိမ်း)**

**အသက်(၈၄)နှစ်**

တီးတိန်မြို့နယ်၊ Phaiza ကျေးရွာနေ (Pu Gen Khai-Pi Ciin Uap) တို့၏သားကြီး၊ Pi Cing Ngaih Ciang ၏ချစ်လှစွာသောခင်ပွန်း၊ Pa Khai Sian Tuang-Nu Ning Sian Lian,Nu Uap Lam Niang-Pa Thang Lian Khup(USA), Nu Vung Suan Hau-Pa Thang Suan Pau, Pa Suan Cin Thawn-Nu Niang Ngain Man(USA), Nu Dim Khan Nuam-Rev.Dr. Gin Khan Tuang(New Light ရန်ကုန်)၊Pa Thang Khan Langh-Nu Cing Muan Huai(USA), Nu Ciin Za Huai-Pa Go Lian Tuang(မန္တလေးမြို့)၊ Nu Hau Theih Vung-Pa Dal Khan Kap(USA),Pa Sian Hang-Nu Ciin Sian Huai(OM, ရန်ကုန်)တို့၏ဖခင်ကြီး၊ မြေး ၂၅ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် တီးတိန်မြို့၊ စကော့လမ်းရပ်ကွက်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက် ညနေ ၃နာရီတွင် နေအိမ်၌ ဈာပနဝတ်ပြုဆုတောင်းခြင်း အစည်းအဝေးကျင်းပပြီး တီးတိန်မြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှမြင့် (ကြင်ကြင်ပိုးထည်)

**အသက်(၈၃)နှစ်**

(ဦးဖိုသုံ-ဒေါ်ရွှေသက်)တို့၏သား၊ (ဦးစံတင်-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၄၄၃-၄၄၄ နေ [ဒေါ်လှကြင်(ခ)ဒေါ်ကြင်ကြင်]၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဆွေဆွေမြင့်၊ ဦးအောင်မြင့်-ဒေါ်နီနီဝေ၊ ဦးဝင်းငွေ-ဒေါ်အေးအေးသက်တို့၏ဖခင်ကြီး၊ ဦးသက်နိုင်ဦး-ဒေါ်ဇာဇာငွေ၊ ဦးကျော်သက်ဇော်-ဒေါ်ဇင်မာအောင်၊ ဦးစိုးညွန့်အောင်-ဒေါ်စုဝေဖြိုး၊ မောင်ဟိန်းလင်းစိုး(ခ)Steven(ခေတ္တ-စင်ကာပူ)၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း

**လေယာဉ်အင်ဂျင်နီယာ(ငြိမ်း)**
**မြန်မာ့လေကြောင်း (BAC)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒိုတိုက် (၁၂+၁)၊ အခန်း ၉၀၈နေ (ဦးသိန်း-ဒေါ်လှမြင့်)တို့၏ သားကြီး၊ ဒေါ်နီလာအောင်၏ခင်ပွန်း၊ ဒေါက်တာလင်းထွန်းသိန်း (YGH) - ဒေါက်တာချောအိဝင်း(CWH)၊ ဦးနေထွန်းသိန်း (INTEGRA) - ဒေါက်တာခင်ဝင်းမြတ် (ခေတ္တ-USA)၊ ဦးမင်းထွန်းသိန်း - ဒေါ်ချိုချိုဝင်း၊ ဒေါ်ကလျာ-Dean Grimshaw တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## REV-ဦးညွန့်တင်(ကိုလူးစ်)

**သင်းအုပ်ဆရာကြီး**
**မြန်မာနှစ်ခြင်းခရစ်ယာန်**
**အသင်းတော်၊ ဖျာပုံမြို့**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ (ဦးငြိမ်းတင်-ဒေါ်မြညွန့်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးဘကျော်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်နွဲ့နှင်းရည်(DEPT-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာနှင်းမွန်မွန်တင် (မေ့ဆေးအထူးကုဆရာဝန်၊ ပုတာအိုဆေးရုံကြီး) - ဦးအောင်သာထက်တို့၏ဖခင်၊ RYAN ရှင်းသန့်ထက်အောင်၏အဘိုး၊ ဦးမောင်မောင်တင်-(ဒေါ်တင်မြ)၊ ဦးဝမ်းရွှေ-(ဒေါ်တင်မေ)တို့၏မောင်၊ ဦးမြလှချို-ဒေါ်တင်လှတို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ဖျာပုံ မြန်မာနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ဖျာပုံ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်နွယ်

**(အလက-၄၊တောင်ဥက္ကလာပ၊ငြိမ်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ ၂လမ်း၊ အမှတ် ၉၅၁နေ (ဦးထွန်းစိန်-ဒေါ်စိန်ညွန့်)တို့၏ သမီး၊ ဦးအောင်သန်းကျော်(စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ဦးစိုးနိုင်(ပန်းချီ)၊ ဦးမျိုးနိုင်၊ ဦးကျော်နိုင် - ဒေါ်တင်မူတို့၏ မိခင်၊ မအိအိဖြူ မရီမွန်ဦး၊ မောင်သီဟအောင် (အထက-၃၊ ပန္နမတန်း)တို့၏ အဘွားသည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးအေးဝင်း

**(ဓမ္မဇောတိ ယောဂီဟောင်း)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သုံးမြောင့်လမ်း၊ အမှတ် ၄ (ပ-ထပ်)နေ (ဦးဗာဆူးမားလ် - ဒေါ်အုန်းသွင်)တို့၏သားကြီး၊ မော်လမြိုင်မြို့နေ (ဦးသိန်းကျော်)-ဒေါ်ကြည်တို့၏ သားသမက်၊ ဦးထွန်းဝင်း-ဒေါ်ချစ်သိန်းတို့၏ ညီ/မောင်၊ ဒေါ်အေးအေးစန်း(လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)၊ ဒေါ်အေးအေးရွှေ၊ ဒေါ်အေးအေးထူး(အမက-၁၀၊ မင်္ဂလာတောင်ညွန့်)၊ဒေါ်နီနီအေးတို့၏အစ်ကိုကြီး၊ ဒေါ်ခင်အုန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းမင်းဦး - မဆွေဇင်ရဲ (ခေတ္တ-စင်ကာပူ)၊ မသဥ္ဇာအေး(ကမ္ဘာ့ဆရာဝန်များအဖွဲ့၊ဖျာပုံ)တို့၏ဖခင်ကြီးသည်၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# UPWC နှင့် NCCT တို့၏ (၇)ကြိမ်မြောက် ဆွေးနွေးပွဲ သတ္တမမြောက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်တွင်ပါဝင်သော အချက်များအားလုံး သဘောတူညီမှုရရှိ



**ရန်ကုန် မတ် ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲ သတ္တမရက်မြောက်နေ့တွင် NCA စာချုပ်၏ နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့် အချက်များအားလုံးကို နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း အစည်းအဝေးအပြီး နှစ်ဖက်ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် UPWC နှင့် NCCTတို့၏ မတ် ၁၇ ရက်တွင်ပြုလုပ်သည့် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုအား မတ် ၂၂ ရက်ဆွေးနွေးပွဲ ဆဋ္ဌမမြောက်နေ့အပြီးတွင် ခေတ္တရပ်နားခဲ့သည်။ သတ္တမမြောက်နေ့ဆွေးနွေးပွဲအဖြစ် မတ် ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)၌ ကျင်းပခဲ့သည်။ **(ဓါတ်ပုံ)**

ယနေ့ပြုလုပ်ခဲ့သည့်အစည်းအဝေးတွင် NCA စာချုပ်အတွက် ဆဋ္ဌမနေ့ဆွေးနွေးပွဲအပြီးတွင် ညှိနှိုင်းဆွေးနွေးရန်ကျန်ရှိခဲ့သည့် အခန်းတစ်ခုနှင့် အချက်သုံးချက်တို့ကို သဘောတူဆွေးနွေးနိုင်ခဲ့သည်။ NCA စာချုပ် နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့် *စာမျက်နှာ ၉ ကော်လံ ၁* ❐

# UPWC နှင့် NCCT အကြား ပဏာမ သဘောတူညီကြောင်း မတ် ၃၁ တွင် လက်မှတ်ရေးထိုးမည်

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင် ➢ ဓာတ်ပုံ-ဖိုးထောင်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆို နိုင်ရေးအတွက် UPWC နှင့် NCCT တို့၏ (၇)ကြိမ် မြောက်တွေ့ဆုံဆွေးနွေးမှုကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ သတ္တမရက်မြောက်နေ့ အစည်းအဝေးအဖြစ် ပြန်လည်ကျင်းပခဲ့သည်။ ယနေ့ကျင်းပသောအစည်းအဝေးတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA)နောက်ဆုံးမူကြမ်းတွင် ပါဝင်သည့် အချက်များအားလုံးကို သဘောတူညီနိုင်ခဲ့သည့်အပေါ် နှစ်ဖက်ကိုယ်စားလှယ်များ၏ သဘောထားအမြင်များကို ကောက်နုတ်ဖော်ပြပါသည်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း NCCT အဖွဲ့ဝင်**
**(ချင်းအမျိုးသားတပ်ဦး-CNF)**

ဒီနေ့အစည်းအဝေးမှာတော့ တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးစာချုပ် NCA မှာပါတဲ့ အချက်အလက်တွေ အားလုံးကို ကျွန်တော်တို့ သဘောတူပြီးပါပြီ။ အဲဒါကြောင့် UPWC နဲ့ NCCT တို့ရှေ့မှာ ဆောင်ရွက်ရမယ့် ကိစ္စအားလုံးကို အပြီးအစီးဆောင်ရွက်ပြီးခဲ့ပါပြီလို့ သတင်းကောင်းပါးလိုပါတယ်။ နံပါတ် (၂) အနေနဲ့ကတော့ ကျွန်တော်တို့ *စာမျက်နှာ ၉ ကော်လံ ၁* ❁



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရင်း အသက်စွန့်သွားသူ မွန်မြတ်နှလုံးသားပိုင်ရှင် ကြက်ခြေနီတပ်ဖွဲ့ဝင်** *စာမျက်နှာ ➢ ၁၂*






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS